# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.124(2010-2026)

ယန်ကလန်၏အကြံအစည်

.May Be:

၂၀၁၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၀၁၀ - စစ်နတ်ဘုရားလက်မောင်းတော်နှင့်ပေါင်းစပ်ခြင်း

ခဏကြာ ငြိမ်နေပြီးနောက် အခန်းတံခါးဆီသို့ လျှောက်သွားလိုက်သည်။ ထို့နောက်တွင် သိပ်မကြာလိုက်ဘဲ အခန်းထဲကိုဝင်လိုက်တော့သည်။

အခန်းသည် သိပ်မကျယ်ပါ။
အလွန်သေးငယ်ပြီး အကျယ် ၃၀
မီတာအောက်သာရှိသည်။
အခန်းအလယ်၌
သာမန်လက်နှင့်မတူသော
ရွှေလက်မောင်းတစ်ဖက် လွင့်မျောနေ၏။

ယန်ယဲ့ သည် နံဘေးမှ
နတ်ယင်မီးတောက် ကို လှည့်ကြည့်ကာ
"ငါ ဘာလုပ်ရမှာလဲ"ဟု မေးလိုက်သည်။

နတ်ယင်မီးတောက် က "မင်း

ဘယ်လက်ကို ပြောင်းဖို့

ရည်ရွယ်ထားလဲ"ဟုမေးပါသည်။

ယန်ယွဲ့ သည် အချိန်အကြာကြီး

တွေးနေပြီးမှ သူ့ညာလက်ကို ငုံ့ကြည့်ကာ

"ငါ့ညာလက်ကို

ပြောင်းမယ်"ဟုပြန်ပြောလိုက်သည်။

နတ်ယင်မီးတောက်က "မင်းရဲ့ ညာလက်မောင်းက သွေးတစ်စက်ကို အဲဒီထဲ ထည့်လိုက်ပါ"

ယန်ယဲ့ သည် ခေါင်းညိတ်ပြပြီးနောက် ရွှေလက်မောင်းဆီသို့ လျှောက်သွားကာ သူ၏ သွေးအနှစ်သာရ တစ်စက်ကို ဖောက်ချလိုက်သည် ။

ရွှေလက်မောင်းထဲသို့

သွေးစက်ဝင်ရောက်သွားသည်နှင့်တစ်ပြို

င်နက် ၎င်းက

ပြင်းထန်စွာတုန်ခါသွားသည်။

သွေးတန်းကြီးအဖြစ် ပြောင်းလဲကာ

ယန်ယွဲ့၏လက်မောင်းထဲသို့

စီးဝင်လာပါတော့သည်။

ယန်ယွဲ့၏မျက်လုံးများသည်

ချက်ချင်းပင် ပြူးကျယ်သွားသည်။

သူ့လက်မောင်းထဲသို့ သိပ်သည်းသော
သွေးစွမ်းအင်များ ဝင်ရောက်လာလို့ပါ။
ထို့အပြင် သူသည် အရိုးထဲထိအောင်
နက်ရှိုင်းသော နာကျင်မှုကို
ခံစားလိုက်ရ၏။

ဤအခိုက်အတန့်မှာ
သူ့ညာလက်မောင်းကို
ဆွဲဖြုတ်လိုက်သလိုပင်။ မဟုတ်ပါ၊
ဆွဲဖြုတ်ခံရသည်ထက်ပင်

ပိုပြီးဆိုးရွားလှသည်။ အကြောင်းကတော့ နာကျင်မှုဟာ စိတ်ဝိညာဉ်ပင်လယ်ထဲမှ ထွက်လာသော နာကျင်မှုထက် ပိုဆိုးလို့ပါ။

"အား..." သိပ်မကြာလိုက်ပါ၊ အခန်းတွင်း၌ ဒေါသတကြီးအော်ငြီးသံ ထွက်ပေါ်လာသည်။ ထို့နောက်တွင် ယန်ယဲ့သည် သူ၏ညာလက်မောင်းကို မြေပြင်ပေါ် ရိုက်ချလိုက်တော့သည်။

အုန်း…

ရိုက်ချလိုက်စဉ် မြေပြင်သည်
ပြင်းထန်စွာ တုန်ခါလာပြီး
ပတ်ပတ်လည်ရှိ အာကာသပြင်ဟာ
ချက်ချင်း ပွင့်ထွက်သွားသည်။
သို့သော်လည်း ခဏအကြာမှာပဲ
အာကာသနိယာမက
ပြန်ပြီးပြုပြင်သွားခဲ့သည်။

ခွပ်...

ထိုအချိန်တွင် ကြည်လင်ပြတ်သားသော အက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။

ကွဲအက်သွားသည်မှာ အာကာသပြင် ပင်မဟုတ်ပါ၊ ယန်ယွဲ့၏ခန္ဓာကိုယ်လည်း ကွဲအက်လာခဲ့သည်။ ထိုခဏလေးမှာပဲ

သူ့ခန္ဓာကိုယ်ထဲမှ သွေးများ
ပန်းထွက်လာပါတော့သည်။

"ဒီလက်မောင်းကို တံဆိပ်နဲ့
မြန်မြန်ပေါင်းစပ်ပါ" ထိုအချိန်တွင်
နတ်ယင်မီးတောက်၏
အလျင်စလိုသတိပေးသံ
ထွက်ပေါ်လာသည်။

တံဆိပ်လား ။

ယန်ယွဲ့ သည် အနည်းငယ်

အံ့သြသွားသည်။

သိပ်တော့မကြာလိုက်ဘဲ တံဆိပ်ကို

အမြန်သတိရသွား၏။ ဘယ်ဖက်လက်ကို

လှန်လိုက်သည်နှင့် သူ့လက်ထဲ၌

တံဆိပ်တစ်ခု ပေါ်လာသည်။

၎င်းက အခန်းတံခါးဝ၌ ကပ်ထားသည့်

တံဆိပ် ပင်။

ယန်ယဲ့ သည် တုံ့ဆိုင်းမနေဘဲ

တံဆိပ်ကိုသူ၏ညာဖက်လက်မောင်းပေါ်

ချက်ချင်းတင်လိုက်သည်။ တံဆိပ်

ကပ်လိုက်သည်နှင့် တပြိုင်နက်

တုန်ရီနေသော ရွှေ

လက်မောင်းက တဖြည်းဖြည်း

ငြိမ်သက်သွားသည်။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်

ကတော့ ကွဲအက်သွားသည် ။

နောက် ၁၅ မိနစ်ခန့်အကြာတွင်
ယန်ယဲ့၏ညာဖက်လက်က
ပုံမှန်အတိုင်းငြိမ်သွားတော့သည်။

ထိုခဏလေးမှာပဲ
မူလခရမ်းရောင်စွမ်းအင်က
ယန်ယဲ့၏ခန္ဓာကိုယ်အား
စပြီးပြုပြင်နေခဲ့သည်။ ထိုကဲ့သို့ပင်
အချိန် ၁ နာရီကျော်ကြာပြီးနောက်တွင်

ယန်ယဲ့၏ခန္ဓာကိုယ်သည်

လုံးလုံးလျားလျား

ပြန်ကောင်းလာခဲ့သည်။

ယန်ယဲ့ သည် သူ့ခန္ဓာကိုယ်ကို

အနည်းငယ်စစ်ဆေးပြီး

ညာဖက်လက်မောင်းကိုငုံ့ကြည့်လိုက်သ

ည်။ ထိုအချိန်တွင် သူ၏

ညာဖက်လက်မောင်းက

အရေပြားအောက်မှာငြိမ်သက်နေခဲ့သည်

။ သို့သော်လည်း အရေပြားအောက်မှ

သေးငယ်သောမြွေများကဲ့သို့

တရွရွလှုပ်ရှားနေသည်။ ကြည့်ရသည်မှာ

အလွန်ကြောက်စရာကောင်းပုံရသည်။

"ငါ သူ့ရဲ့ ခွန်အားကို လျှော့တွက်ခဲ့တယ်"

ထိုအချိန်တွင် နတ်ယင်မီးတောက် က

ရုတ်တရက် ပြောခဲ့သည်

“စစ်နတ်ဘုရားက မျှော်လင့်သလိုပဲ။

လွန်ခဲ့တဲ့နှစ်တွေမှာ

သူသေဆုံးသွားခဲ့ရင်တောင်

သူ့လက်ထဲမှာရှိတဲ့ စွမ်းအင်တွေက

အရမ်းကို

ကြောက်စရာကောင်းနေတုန်းပဲ”

ယန်ယဲ့ သည်

ခေါင်းညိတ်လိုက်သည်။သူဖးညာဖက်လ

က်မောင်းကို စူးစိုက်ကြည့်ရင်း သူ့ရင်ထဲမှ

ကြောက်ရွံ့မှုလှိုင်းလုံးများ တလိပ်လိပ်

ခံစားလိုက်ရသည်။ အစောပိုင်းက

သူ့လက်မောင်းထဲ

စီးဝင်လာသည့်စွမ်းအင်ဟာ

အလွန်ပင်ကြောက်စရာကောင်းလှသည်။

အကယ်၍သာ ထိုစွမ်းအင်ကို

ဆက်ပြီးတိုးဝင်လာခွင့်ပြုလျှင်

တစ်ကိုယ်လုံး ပေါက်ကွဲသွားပေမည်။

ပြောရလျှင်တော့ သူက သေလမ်းနှင့်

ခြေတစ်လှမ်းအလိုပါ။

စစ်နတ်ဘုရား က မည်မျှ

အားကောင်းခဲ့သနည်း။

ယန်ယွဲ့ သည် နတ်ယင်မီးတောက် ကို

စိုက်ကြည့်ရင်း "စစ်နတ်ဘုရားက

ဘယ်လောက်တောင်

သန်မာသလဲ"ဟုမေးလိုက်သည်။

နတ်ယင်မီးတောက် က

အချိန်အနည်းငယ်ကြာအောင်

ငြိမ်သက်သွားပြီးမှ

"မင်းစိတ်ကူးထားတာထက်

ကျော်လွန်သွားပြီ" ဟု ပြန်ဖြေသည်။

ယန်ယဲ့ သည် စကားမပြောနိုင်ဘဲ

အံ့အားသင့်သွားသည်။

ထိုအချိန်တွင် နတ်ယင်မီးတောက်က

"မင်းရဲ့ လက်ရှိခန္ဓာကိုယ်ဟာ သူ့ရဲ့

ခွန်အားကို ခံနိုင်ရည်မရှိသေးပါဘူး။

ဒါကြောင့် မင်းလက်မောင်းပေါ်က
တံဆိပ်ကို မဖယ်ရှားမိစေနဲ့။
နားလည်ရဲ့လား"

"ဒါပေါ့။ ငါသိပါတယ်" ယန်ယဲ့ သည်
ခေါင်းညိတ်လိုက်သည်။ သူ့ကိုယ်သူတော့
သေလမ်းပို့မည်မဟုတ်ပါ။ ယခင်က
ထွက်ပေါ်လာသည့် စွမ်းအင်ဟာ
မည်မျှပင်ကြောက်စရာကောင်းသနည်း။

လက်ရှိသူ့ခန္ဓာကိုယ်ပင်လျှင်

ခုခံနိုင်စွမ်းမရှိခဲ့ပေ။

"မင်း ပိုသန်မာလာရမယ် နားလည်လား"

ထိုအချိန်တွင် နတ်ယင်မီးတောက်က

ဆက်ပြောပါသည်

“နဂါးငွေ့တန်းကြယ်စင်စု မှာ

အစွမ်းထက်ကျင့်ကြံသူတွေချည်းပဲ။

ငါ့သခင်လို ရှေးဦးစွမ်းအားရှင်တွေ

ထွက်ခွာသွားပေမယ်လို့ ဒါဟာ

အကုန်လုံးထွက်သွားတယ်လို့ဆိုလိုတာမ
ဟုတ်ဘူး။ ဒီတော့ ပြောချင်တာက
ဒီလောကရဲ့ ပါရမီရှင်တွေကို
လျှော့မတွက်မိပါစေနဲ့”

ယန်ယဲ့ သည် ခေါင်းညိတ်လိုက်သည်။
သဘာဝအားဖြင့် သူသည်
အခြားသူများကို လျှော့မတွက်တတ်ပေ။
အထူးသဖြင့် သူ၏

စတုတ္ထမြောက်အစ်ကို ယန်ရှု ကဲ့သို့

ရှေးဟောင်းအမွေခံ က သက်သေပင်။

ယန်ရှု၏ခွန်အားက

ထိုနေ့ကနှင့်မတူကြောင်း သိသာပါသည်။

ထို့အပြင် ကြောက်စရာကောင်းသော

ဝှက်ဖဲပါ သေချာပေါက်ပိုင်ဆိုင်ထား၏။

ယန်ယွဲ့ သည် တစ်ခုခုကို တွေးနေပုံရပြီး

နတ်ယင်မီးတောက် ကို စိုက်ကြည့်ရင်း

"မှန်ပါတယ်၊ အဆင့် ၅ က ဘာလဲ"ဟုမေးလိုက်သည်။

နတ်ယင်မီးတောက် က "မသိဘူး"

"မင်းမသိဘူးလား" ယန်ယွဲ့ သည် အံ့အားသင့်သွားပြီး "ဘာလို့လဲ မသိဘူးလား"

နတ်ယင်မီးတောက် က

“သောက်ရှူးကောင်၊ ငါတောင် တစ်ခါမှ

မရောက်ဖူးဘူး။ ဒါကို

ဘယ်လိုသိမလဲ”ဟူ၍ မကျေမနပ်ဖြင့်

ပြန်ပြောပါသည်။

ယန်ယဲ့ သည် ဘာပြန်ပြောရမှန်း

မသိဖြစ်သွားလေသည်။

တစ်ချိန်တည်းမှာပင်

နတ်ယင်မီးတောက်က ဆက်ပြောခဲ့သည်

“မင်း လုံလုံလောက်လောက်

အားကောင်းလာပြီဆိုရင် အဲဒါက

မင်းအတွက် သဘာဝအတိုင်း

ပွင့်လာလိမ့်မယ်။ အခု မင်းရဲ့ ခွန်အားကို

မြှင့်တင်ဖို့ပဲ အာရုံစိုက်သင့်တယ်”

ထို့နောက်တွင် နေရာမှာပင်

ပျောက်သွားခဲ့သည်။

ယန်ယဲ့ သည် ထိုနေရာတွင်

အချိန်အတော်ကြာ

တိတ်တိတ်ဆိတ်ဆိတ်နေခဲ့ပြီးမှ ဖျတ်ခနဲ

ပျောက်သွားခဲ့သည်။

သို့သော်လည်း သူသည် မူလစေတီထဲမှ

ထွက်သွားခြင်းမဟုတ်ပေ။

ပထမထပ်ကိုပြန်ဆင်းလာခြင်းပါ။

သွေးရုပ်သေးများ ။

ပထမထပ်၌ကား ယန်ရှင်း ထံမှ

သူယူခဲ့သော သွေးရုပ်သေးများ ရှိနေ၏။

သွေးရုပ်သေးသုံးကောင်လုံးက

မူလနတ်ဘုရားတစ်ပိုင်းအဆင့် မှာ

ရှိနေကြသည်။

ယန်ယဲ့ သည် မူလစေတီ၏ အကူအညီ

ဖြင့် သွေးရုပ်သေးသုံးကောင်ကို

ထိန်းချုပ်နိုင်လိုက်သည်။ ထို့နောက်တွင်

ယခင်က သွေးရုပ်သေးနှစ်ကောင်

နှင့်အတူ ဝင်ရိုးစွန်းကြယ်သို့

ချက်ချင်းစေလွှတ်ခဲ့သည်။

ဂူရှဲ့၊ ချန်းဟု တို့၏

ယခင်အဖြစ်အပျက်ပြီးနောက်

လူအတောများများက

သူ၏ချစ်ရသူများကို

ပစ်မှတ်ထားနေကြောင်းသဘောပေါက်

သွားသည်။ ထို့ကြောင့် သူက

သတိထားဖို့လို၏။

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူသာ

ဝင်ရိုးစွန်းကြယ် ကို ရောက်မသွားလျှင်

ထိုသွေးရုပ်သေးငါးကောင်ဟာ

သေချာပေါက် လုံလောက်ပါသည်။

ဝှစ်....

ထိုအချိန်တွင် ဓားအူသံ သဲ့သဲ့လေး

မြည်လာပြီးနောက် သစ်သားဓားတစ်

ချောင်းက သူ့ရှေ့မှာ ပေါ်လာသည်။

သစ်သားဓားပေါ်၌

တစ်ကိုယ်လုံးနှင်းလုံးလေးကဲ့သို့

ဖြူဖွေးနေသော

အကောင်ငယ်လေးတစ်ကောင်

အကျအနထိုင်နေ၏။

ထိုအကောင်ငယ်လေးက

အဆော့မက်သောနှင်းပွင့်လေးပါ။

ဓားထိန်းချုပ်ခြင်းအနုပညာ ။

နှင်းပွင့်က သူ့ဘာသာသူ

ဓားထိန်းချုပ်ခြင်းအနုပညာကို

ပြီးပြည့်စုံတဲ့အထိ လေ့ကျင့်နိုင်ပြီလား။

ထိုအချိန်တွင် ယန်ယဲ့ကို မြင်သောအခါ

နှင်းပွင့်က ချစ်စဖွယ် ပြုံးလိုက်ပြီး

သူ့ရင်ဘတ်ပေါ်သို့ ခုန်တက်ကာ ခေါင်းကို

မေးစေ့နှင့် ပွတ်လိုက်သည်။

ယန်ယွဲ့ သည် နှင်းပွင့်၏ခေါင်းကို ပွတ်သပ်ရင်း ပြုံးလိုက်သည်။ သူက "နှင်းပွင့်လေး၊ ငါ မင်းကို ဓားနည်းစနစ် ဘယ်လိုသင်ပေးရမလဲ" ဟု မေးလိုက်သည်။

နှင်းပွင့်လေး က ယန်ယွဲ့ကို မျက်တောင်ခတ်ပြီး အမြန်ခေါင်းညိတ်ပြလေသည်။

ယန်ယဲ့ သည် သဘောကျစွာ

ရယ်မောလိုက်၏။ ထို့နောက်

သူ့လက်ဝါးကို လှန်ပြီး နတ်ဓားကို

ထုတ်ယူလိုက်သည်။ တစ်ဖန် နှင်းပွင့် ကို

စိုက်ကြည့်ကာ “ဒါကို ဓား ဒါမှမဟုတ်

မွေးဖွားခြင်းဓားလို့ ခေါ်တယ်”

စကားပြောနေရင်း

မျက်လုံးမှိတ်လိုက်သည်။ ခဏမျှ

တိတ်ဆိတ်သွားပြီးနောက်

မျက်လုံးပြန်ဖွင့်လိုက်၏။

မျက်လုံးပြန်ဖွင့်လိုက်သည်နှင့်

ယန်ယဲ့သည်

အလင်းတန်းအသွင်ပြောင်းကာ ၁၀

ကီလိုမီတာအကွာသို့ရောက်နေခဲ့သည်။

ဂျုန်း...

ပတ်ဝန်းကျင်တစ်ခုလုံး သည်
ပင်လယ်ရေမျက်နှာပြင်ကဲ့သို့
တုန်ခါသွားသည် ။

ထိုမြင်ကွင်းကို မြင်လိုက်သောအခါ
နှင်းပွင့်၏ မျက်လုံးလေးများက
တောက်ပလာပြီး လက်သည်းကို
ဆန့်ထုတ်လိုက်သည်။သစ်သားဓားက
သူမ၏လက်သည်းကြားသို့
ရောက်သွားကာ မျက်လုံးလေးများကို

မှိတ်ထားလိုက်၏။ ယန်ယဲ့ လိုပဲ
အချိန်တော်တော်ကြာပြီးနောက်
မျက်လုံးလေးများ ပြန်ဖွင့်လာသည်။

ဝှစ်...

မျက်လုံးကိုဖွင့်လိုက်သည်နှင့်
နှင်းပွင့်၏ခြေသည်းကြားမှ
သစ်သားဓားဟာ ပြင်းထန်စွာ
တုန်လှုပ်သွားသည်။ ထိုခဏလေးမှာပဲ

နှင်းပွင့်လေး နှင့် သစ်သားဓားက ၁၀ ကီလိုမီတာအကွာသို့ ရောက်နေလေပြီ။

ယန်ယွဲ့သည် သူ့ရှေ့က မြင်ကွင်းကြောင့် အတော်လေး အံ့အားသင့်သွားသည်။အကြောင်းမှာ နှင်းပွင့်၏ တိုက်ခိုက်မှုဟာ ယခင်က သူထုတ်ဖော်လိုက်သည်နှင့် သိပ်ပြီးမကွာလို့ပါ။ သို့သော် ခဏအကြာမှာပဲ ယန်ယွဲ့ သည်

ခေါင်းယမ်းလိုက်၏။ တိုက်ခိုက်မှုဟာ
အပြင်ပန်း တူညီနေသော်လည်း
စွမ်းအားကတော့ ခြားနားသည်ကို
သတိပြုမိလို့ပါ။

ပုံစံရှိသော်လည်း ဝိညာဉ်မရှိပေ။

ထိုအတောအတွင်း နှင်းပွင့်လေးက
ယန်ယဲ့

ဆီသို့ ပျံသန်းလာပြီး
မျှော်လင့်ချက်အပြည့်
မျက်လုံးလေးများဖြင့် ယန်ယဲ့အား
ကြည့်ကာ ပြုံးပြလိုက်သည်။

ယန်ယဲ့ သည် ရယ်မောရင်း
နှင်းပွင့်၏ခေါင်းကို ညင်သာစွာ
ပွတ်သပ်ပြီး "အံ့သြစရာပဲ။
အရမ်းအံ့သြစရာကောင်းတာပဲ။ မင်းက
ငါ့ထက် အများကြီး ပိုကောင်းတယ်"

နှင်းပွင့်၏ ချစ်စဖွယ်အပြုံးလေးဟာ ပို၍တောက်ပလာသည်။ သူမလေးက ယန်ယဲ့ ဆီသို့ ပြေးသွားပြီး နဖူးကို နမ်းလိုက်သည်။ ထို့နောက် သစ်သားဓား ဆီကို ပျံသန်းသွားပြီး ရှေ့သို့ ညွှန်လိုက်သည်။

ဝှစ်...

စားအုန်းသံတစ်သံ ပဲ့တင်ထပ်လာပြီးနောက်

နှင်းပွင့်လေးက

အဖြူရောင်အလင်းတန်းသဖွယ်

ပြောင်းလဲကာ ကောင်းကင်သို့

ပျောက်ကွယ်သွားသည်။

ယန်ယဲ့ သည် ခေါင်းယမ်းပြီး

ပြုံးလိုက်သည်။ တစ်ချိန်တည်း

သူ့ဘေးနား ရုတ်တရက် ပေါ်လာသည့်

ဇီအာ ကို ကြည့်ပြီး "ဒီမှာနေရတာ
ပျင်းနေပြီလား"

ဇီအာ က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
"ဒီမှာနေနေရတာ ဆိုလိုတာက
ငါနင်နဲ့အတူ အချိန်တိုင်းရှိနေတယ်၊
နင်နဲ့အတူရှိနေရင်
ငါမပျင်းဘူး"ဟုပြန်ပြောပါသည်။

ယန်ယဲ့၏ နှလုံးသားက

နွေးထွေးသွားသည်။ သူက ဇီအာ ကို

ပွေ့ဖက်ထားလိုက်သည်။ ဇီအာ၏

ကိုယ်လုံးလေးက တုန်လှုပ်သွားပြီး

အနည်းငယ်ကြာမှသာ

ပုံမှန်ပြန်ဖြစ်သွားသည်။

ထိုအတိုင်းပင် နှစ်ယောက်သား

တင်းတင်းကျပ်ကျပ် ဖက်ထားကြသည်။

၂ နာရီလောက်အကြာတွင်တော့

ယန်ယွဲ့သည် မူလစေတီထဲမှ

ထွက်ခွာသွားသည်။

ယန်ယွဲ့ သည် အပြင်ဖက် အခန်းထဲ

ပြန်ရောက်လာပြီးနောက် အဝေးမှ

ကောင်းကင်ကို မော့ကြည့်လိုက်သည်။

"ဆက်ခံသူတိုက်ပွဲက

နောက်နှစ်ရက်ကြာရင် စတော့မှာလား"

May Be:

၂၀၁၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၁၁ - ဘာတွေပြင်ဆင်ထားလဲ

ထိုအချိန်တွင် ယန်ရှမ်က သူ့ရှေ့၌

ရုတ်တရက် ပေါ်လာခဲ့သည်။

ယန်ယဲ့ သည် သူမကို

တစ်ချက်သာကြည့်လိုက်ပြီး "မင်း

တစ်ခုခုလိုသေးလား"ဟုသာ

ခပ်ပြတ်ပြတ်မေးလိုက်သည်။

လက်ရှိအချိန်တွင် သူက ယန်ရှမ်ကို

လုံးဝအကောင်းမြင်စိတ်မရှိတော့ပေ။

ယန်ရှမ် က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "နင့်မှာ

စကားပြောဖို့ လုံခြုံတဲ့
နေရာရှိလား"ဟုမေးခဲ့သည်။

ယန်ယွဲ့ သည် ခဏမျှ လေးလေးနက်နက်
စဉ်းစားပြီးနောက် နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

ယန်ရှမ် လည်း သူ့နောက်မှ
ပျောက်သွားသည်။

အခန်းထဲတွင် ယန်ရှမ် နှင့် ယန်ယဲ့ တို့သာ ရှိနေသည်။

ယန်ယဲ့ က "ဒီမှာ အရမ်းလုံခြုံတယ်"

ဤအခိုက်အတန့်တွင် အခန်းဟာ ဓားနယ်မြေဖြင့် လွှမ်းခြုံထားသောကြောင့် မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ

ပင်လျှင် ၎င်းတို့ကို

ခိုးနားထောင်၍မရပေ။

"ဆက်ခံသူတိုက်ပွဲစတော့မယ်"

ယန်ရှမ်က ရုတ်တရက် မေးသည်

"နင့်ရဲ့ပြင်ဆင်မှုတွေက ဘယ်လိုလဲ"

ယန်ယွဲ့ သည် ဘာမှဂရုမစိုက်ဘဲ “ဘာတွေ

ပြင်ဆင်ထားရမှာလဲ။ ငါ့မှာ ပြင်ဆင်စရာ

ရှိလို့လား"ဟုပြန်ပြောလိုက်သည်။

ယန်ရှမ် က ယန်ယဲ့ကို စိုက်ကြည့်ကာ "အဆို နင်ကိုယ်တိုင် တိုက်ခိုက်ဖို့ ရည်ရွယ်ထားတာလား"ဟုထပ်မေးသည်။

ယန်ယဲ့ သည် ခေါင်းခါလိုက်သည်။ သူက "ငါ့မှာ နန်ကျင်းရှိတယ်"ဟုပြောလိုက်၏။

ယန်ရှမ် က "ဒါက နည်းလွန်းတယ်"

ယန်ယွဲ့ က "ဒါဆို မင်းငါ့ကို ကူညီဖို့ မူလနတ်ဘုရားအဆင့် ကျင့်ကြံသူတွေ ဘာလို့ ရှာမပေးရတာလဲ"

ယန်ရှမ်က ယန်ယွဲ့ကို စိုက်ကြည့်ရင်း "ငါ နောက်နေတာ မဟုတ်ပါဘူး။ ယန်ကလန်ရဲ့ ဆက်ခံသူတိုက်ပွဲကို အဆင့် ၃ ဆင့် ခွဲထားတယ်။ ပထမအကျော့က ဘာလဲဆိုတာ သိလား"

ယန်ယဲ့က "ကျေးဇူးပြုပြီးပြောပြပါ"

သူမက “ပထမအကျော့ကို (ပန်ကန်)

လို့ခေါ်တယ်။ အားနည်းသူတွေဟာ

သန်မာတဲ့သူတွေရှေ့မှာ

အရှုံးပေးရလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ ပထမအကျော့က

အထောက် အကူပြုတဲ့

စမ်းသပ်မှုတစ်ခုပါ။တိုက်ပွဲပထမအ

ကျော့ စတင်တာနဲ့ မျိုးနွယ်စုဟာ

ငြိမ်သက်ခြင်းမြို့တော်က

သခင်ငယ်တွေကို ဘာတစ်ခုမှ

အကာအကွယ်ပေးတော့မှာမဟုတ်ဘူး။

ပြီးတော့ မျိုးနွယ်စုရဲ့ သခင်ငယ်တွေ

စုဆောင်းထားတဲ့ အင်အားစုတွေကိုပါ

မြို့ထဲကို တစ်ခါတည်းဝင်ခွင့်ပေးမှာ။

အဲဒါ ဘာကို ကိုယ်စားပြုလဲ သိလား"

ယန်ယွဲ့ သည် ခဏမျှ တိတ်ဆိတ်သွားပြီး

"အုပ်စုတိုက်ပွဲမဟုတ် လား"

ယန်ရှမ်က ခေါင်းညိတ်လိုက်သည်

"ဒါအမှန်ပဲလေ။ အဲဒီအချိန်မှာ သူတို့ကို

ထောက်ခံပေးနေတဲ့

အင်အားတွေကတိုက်ပွဲမှာပါ

ကူညီလိမ့်မယ်။ ဒီတော့ သူတို့က နင့်ကို

တစ်ယောက်ချင်း တိုက်ခိုက်မှာ

မဟုတ်ဘူး၊ အဲဒီအစား နင့်ကို

အုပ်စုဖွဲ့တိုက်ခိုက်လိမ့်မယ်။ အန်နန်ကျင်း

နဲ့ နင်က သန်မာတာမှန်ပါတယ်။

ဒါပေမယ်လို့ နင်တို့နှစ်ယောက်က

မူလနတ်ဘုရားတစ်ပိုင်းအဆင့်

အနည်းငယ်နဲ့ ထာဝရတန်ခိုးရှင်

တစ်ဒါဇင်ကျော်လောက်ကို

ရင်ဆိုင်နိုင်ပါ့မလား”

ယန်ယဲ့ သည် ခဏမျှ နှုတ်ဆိတ်နေပြီး

“မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတွေက  တိုက်ပွဲမှာ

ပါဝင်မှာလား” ဟု ပြန်မေးလိုက်၏။

ယန်ရှမ် က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“မဟုတ်ဘူး၊ မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတွေကို

ပါဝင်ခွင့်မပြုထားဘူး။ ဘာလို့လဲဆိုတော့

သူတို့ပါလာရင် အခြေအနေကို

ထိန်းနိုင်မှာမဟုတ်ဘူးလေ။ ဒါဆို

တခြားမျိုးနွယ်စုတွေက ဒီအခြေအနေကို

အခွင့်ကောင်းယူလိမ့်မယ်။

ဒီတော့ မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတွေကို

ပါဝင်ခွင့်မပြုထားဘူး။ ဒါပေမဲ့လည်း ...”

ယန်ရှမ်က ယန်ယဲ့ ကို

မျက်လုံးချင်းတည့်တည့်ကြည့်ကာ

“မူလနတ်ဘုရားအဆင့် ကျင့်ကြံသူတွေ

ပါဝင်မှာ မဟုတ်ပေမယ့်

တချို့ကျင့်ကြံသူတွေနဲ့

အထူးသဖြင့်တော့ သခင်ငယ်တွေထဲမှာ

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူကိုတောင်

တိုက်ခိုက်နိုင်တဲ့သူတွေ များတယ်။

ဒါ့အပြင် သခင်ငယ်တွေက

သူတို့ကိုကူညီဖို့

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့

ထိပ်ဆုံးဆယ်ယောက်ကိုတောင်

ခေါ်နိုင်တယ်။ ယန်ရှင်း လိုပဲ၊ သူ့မှာ

လုံ့နတ်ဘုရားမင်မို ရှိတယ်။ မင်မိုက

ယန်ရှုကို ရှုံးခဲ့ပေမဲ့ သူဘယ်လောက်

သန်မာတယ်ဆိုတာ နှင်မြင်ဖူးမှာ

သေချာပါတယ်။ထိပ်ဆုံး

ဆယ်ယောက်ထဲမှာ အဆင့်တိုးဖို့က

ကောင်းကင်ဘုံကိုတက်တာထက်တောင်

ခက်သေးတယ်။ နားလည်လား"

ယန်ယဲ့ က "ဒီပြိုင်ပွဲက

အစွမ်းထက်ကျင့်ကြံသူတွေ

ဘယ်သူ့အနားမှာ ပိုစုနိုင်မလဲ" ဟု အသံတိုးတိုးလေးနှင့် ပြောလိုက်ပါသည်။

ယန်ရှမ် က "အဲဒါတော့ သချာပြောလို့မရဘူး"ဟု ပြန်ဖြေခဲ့သဘ်။

ယန်ယွဲ့ က ခဏလောက်စဥ်းစားပြီး "ငါ့မှာအကူအညီမရှိရင် ဘယ်လိုလုပ်မလဲ"

ယန်ရှမ် က "နင်ဘယ်လိုထင်လဲ"

ယန်ယဲ့ က "ဘယ်လိုလဲဆိုတော့ သဘာဝအတိုင်း တိုက်ခိုက်ရမှာပေါ့။ သူတို့ငါ့ကို အုပ်စုဖွဲ့တိုက်ခိုက်ရင် ငါအဆုံးထိလိုက်မယ်..."

ယန်ရှမ်က "နင်က အားလုံးကို ကိုယ်တိုင် တိုက်ခိုက်မှာလား"

ယန်ယဲ့ က ခေါင်းခါလိုက်သည်

"မဟုတ်ဘူး၊ ငါထွက်ပြေးမယ်"

ယန်ရှမ် က စကားမပြောနိုင်ဘဲ

အံ့အားသင့်သွားသည်။

"ထွက်ပြေးမလား" ယန်ရှမ်က

ခေါင်းခါလိုက်ပြီး "ဘယ်ကို

ပြေးနိုင်မှာလဲ"

ယန်ယဲ့ က "ဒါဆို ငါဘာလုပ်သင့်တယ်လို့ မင်းထင်လဲ"

ယန်ရှမ် က တိတ်ဆိတ်သွားသည်။

ယန်ယဲ့ က ဆက်ပြောသည်  "ငါပြေးရင် ငါသေလိမ့်မယ်၊ ငါမပြေးရင်လည်း သေမှာပဲ။ ဒါဆို ငါပြေးရမလား”

ယန်ရှမ် က “မလုပ်နဲ့။ နင်ထွက်မပြေးရင် အသက်ရှင်ဖို့ အခွင့်အလမ်းရှိလိမ့်မယ်"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "ဒီနေ့ ငါတို့စကားပြောတာက ထွက်ပြေးရမလား မပြေးသင့်လား ဆွေးနွေးဖို့လား"ဟုပြောလိုက်သည်။

“လူသုံးယောက်ကို သတိထားဖို့

ငါလာပြောနေတာ ”ယန်ရှမ် က

ပြန်ပြောသည်။

ယန်ယဲ့က "ဘယ်သုံးယောက်လဲ"

ယန်ရှမ် က “အကြီးဆုံးသခင်လေး

ယန်ကျန်း၊

စတုတ္ထမြောက်သခင်လေးယန်ရူ၊

နဝမမြောက်သခင်လေး ယန်ရှန်း။

သူတို့က နင့်ရဲ့ အကြီးမားဆုံး ရန်သူတွေ ဖြစ်လာလိမ့်မယ်”

ယန်ယဲ့က “သူတို့ထဲက ဘယ်သူက ထောက်ခံမှု အများဆုံးရလဲ။ အဲဒီထဲက ဘယ်သူက အသန်ဆုံးလဲ”

ယန်ရှမ် က ခဏမျှ လေးလေးနက်နက် စဉ်းစားရင်း ခေါင်းခါလိုက်ပြီး “ငါ သချာမသိပါဘူး။ အခုအချိန်ထိ

သူတို့ရဲ့ ဝှက်ဖဲတွေကို

ထုတ်မပြသေးဘူးလေ။

နောက်ဆုံးဖြစ်နိုင်ချေရှိတဲ့အချိန်မှပဲ

ထုတ်ပြကြလိမ့်မယ်။။

အခုအချိန်မှာတော့ သူတို့ရဲ့

ဝှက်ဖဲအစစ်အမှန်တွေကို

ဖျောက်ထားတုန်းပဲ”

သူမက ခဏရပ်ပြီး “ဒါပေမဲ့ ငါ့ရဲ့

ခန့်မှန်းချက်အရဆို ယန်ကျန်း ရဲ့

တပ်ဖွဲ့တွေက အရေအတွက် အများကြီး

ပိုများတယ်။ ဘာကြောင့်လဲဆိုတော့

သူက စီမံခန့်ခွဲရေးမှာ ကျွမ်းကျင်သလို

ဂုဏ်သတင်းကလည်း

အရမ်းကောင်းတယ်။ ဒီတော့ သူ့မှာ

မိတ်ဆွေတွေအများကြီးပဲ။

ဟုတ်ပါတယ်၊ သူ့ရဲ့ ခွန်အားက

အားနည်းတာတော့မဟုတ်ဘူး ”

ယန်ကျန်း လား ။

ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်ပြပြီး "ယန်ရှူ ကော ဘယ်လိုလဲ"ဟုထပ်မေးလိုက်သည်။

သူ နှင့် ယန်ရှူက ရန်ငြိုးများရှိထားလေရာ ဆက်ခံသူတိုက်ပွဲအတွင်း ပိုပြီးသတိထားရမည်မှာ သဘာဝပင်။

"ယန်ရှန်း ကိုလည်း အထူးသတိထားပါ"

တစ်ချိန်တည်းမှာပဲ ယန်ရှမ်က

ဆက်ပြောပါသည် “သူက တော်တော်

လျှို့ဝှက်ဆန်းကြယ်တယ်”

ယန်ယဲ့ က အံ့သြသွားပြီး

"လျှို့ဝှက်ဆန်းကြယ်လား"

ယန်ရှမ် က “သူမွေးလာကတည်းက

အားနည်းပြီး

မကျန်းမမာဖြစ်နေတာချည်းပဲ။ ဒါ့အပြင်

သူ့ရဲ့ ကျင့်ကြံမှုအရှိန်ကလည်း

တခြားသူတွေထက် အများကြီး

နှေးကွေးပါတယ်။ အဲဒီတုန်းကလည်း

မျိုးနွယ်စုက သူ့ကို

မျက်နှာသာမပေးဘူး” သူမက

ခဏရပ်ပြီး "ယန်ကလန်ရဲ့ နံပါတ်တစ်

ပါရမီရှင် ယန်လျန်ရှမ်း က သူ့ကို

စတွေ့တုန်းက

တစ်ခုခုပြောသွားတဲ့အတွက်

မျိုးနွယ်စုက သူ့ကို ဂရုစိုက်ပေးခဲ့တယ်"

ယန်ယဲ့ က "သူမ

ဘာပြောလိုက်တာလဲ"ဟုမေးသည်။

ယန်ရှမ် က ခဏလောက်

လေးလေးနက်နက် စဉ်းစားပြီး

"မဆိုးပါဘူး၊ မဆိုးပါဘူး"

ယန်ယဲ့ က အံ့အားသင့်သွားပြီး

"ဒါပဲလား"

ယန်ရှမ် က ယန်ယဲ့ ကို

တစ်ချက်ကြည့်လိုက်ပြီး "နင် သူမကို

မတွေ့ဖူးသေးလို့ပါ။ သူမ ဘယ်လောက်

ဂုဏ်ယူနေမှန်းမသိဘူး။သူမက

အရမ်းအလေးအနက်ထားတဲ့သူတစ်

ယောက်ပဲ။ ပြောရရင် လူတိုင်းကို

အထင်အကြီးတတ်ဘူး။ ဒါပေမဲ့ သူ့မှာ ခွန်အားရှိတယ်"

ယန်လျန်ရှမ်း ။

ယန်ကလန်၏ အကြီးမြတ်ဆုံးပါရမီရှင် ။

ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ထိုနာမည်ကိုကြားနေသည်ကား

ပထမဆုံးအကြိမ်တော့ မဟုတ်ပေ။ သူက ခဏကြာ ငြိမ်နေပြီးမှ “သူမ ဘယ်လောက် သန်မာလဲ” ဟု မေးလိုက်သည်။

ယန်ရှမ် က “အတိအကျတော့ ငါမသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် မူလနတ်ဘုရားအဆင့် ကျင့်ကြံသူတွေက သူမကို ဘာမှမလုပ်နိုင်ဘူး။ ဒါမှမဟုတ် သူမက မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတွေကို

သတ်နိုင်တယ်လို့တောင် ပြောသင့်တယ်"

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတွေကိုတောင်

သတ်နိုင်နေပြီလား။

ယန်ယဲ့က သည် အံ့သြသွားသည်။

သူ့အတွက်ပထမ မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူကို သတ်ရန်

ခက်ခဲနေသေးသည်။အမှန်တော့

ခက်ခဲရုံသာမကဘဲ

မဖြစ်နိုင်သလောက်ပါ။ အကယ်၍

သူဟာ စစ်နတ်ဘုရားလက်မောင်းတော်၊

နတ်ယင်မီးတောက် သို့မဟုတ်

သစ်သားဓားကို အသုံးမပြုလျှင်တော့

လက်ရှိခွန်အားဖြင့်

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူအား

သတ်ရန် မလုံလောက်ပါ။

သူ၏ လက်ရှိခွန်အားကို အခြေခံ၍
အထူးသဖြင့် အလျှော့မပေးသောဆန္ဒကို
နားလည်ပြီးနောက်
မူလနတ်ဘုရားအဆင့် ကျင့်ကြံသူအား
ထိပ်တိုက်ရင်ဆိုင်နိုင်ရုံသာ။

ထိုအချိန်တွင် ယန်ရှမ်က ယန်ယဲ့အား
ရှုတ်တရက် စိုက်ကြည့်ကာ "သူမနဲ့
ရန်သူမဖြစ်ပါစေနဲ့"

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

ယန်ရှမ် က အချိန်အတော်ကြာ ငြိမ်သက်သွားပြီး “သူမက ကြောက်စရာကောင်းတဲ့ ခွန်အားကို ပိုင်ဆိုင်ရုံတင်မကဘူး၊ ယန်ကလန် မှာ သူမရဲ့နောက်ကွယ်မှာရှိတဲ့ အင်အားတွေက နင်စိတ်ကူးယဉ်ထားတာထက် ကျော်လွန်သွားပြီ။ ငါပြောခဲ့သလိုပဲ၊

ယန်လျန်ရှမ်း သာ ယောက်ျားဖြစ်ခဲ့ရင် နင်တို့အားလုံး ဆက်ခံသူတိုက်ပွဲ ဝင်ဖို့တောင် အခွင့်အရေးရှိမှာ မဟုတ်ဘူး”

ယန်ယဲ့ က သူ့ခေါင်းကို ခါလိုက်ပြီး "ဒါဆို ငါ သူ့ကို ပြဿနာဖြစ်အောင်လို့ မကြိုးစားပါဘူး။ ငါ့မှာ ပိုအရေးကြီးတာတွေ လုပ်စရာရှိတယ်"

ယန်ရှမ် က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး

"လောလောဆယ်တော့ သူက နင့်ကို

ခြိမ်းခြောက်တာ မဟုတ်ဘူး။ အဲဒီအစား

တခြားသခင်ငယ်တွေကို

အာရုံစိုက်ရမယ်။ဆက်ခံသူတိုက်ပွဲစတင်

တာနဲ့ ယန်ကလန်ရဲ့ အာဏာပိုင်တွေက

မြို့ထဲကနေ ယာယီထွက်သွားလိမ့်မယ်။

ပြီးတော့ သခင်ငယ်တွေက

ကိုယ်ပိုင်အင်အားစုတွေနဲ့

မြို့ထဲကိုဝင်လာကြလိမ့်မယ်။

ဒါတွေအားလုံးက နင့်ရဲ့ ခွန်အားကို

ပြသရမယ့် အချိန်ပါပဲ”

ထို့နောက် စကား ခဏရပ်ပြီး “ဒါက

နင့်အတွက် အန္တရာယ်အရှိဆုံး

ကာလဖြစ်လိမ့်မယ်။ ယန်ကလန် ရဲ့

အဖွဲ့ဝင်အများစုက နင့်ကိုသတ်ဖို့

အခွင့်ကောင်းစောင့်နေကြတာလေ။

အတိုချုပ်ပြောရရင် သတိထားရမယ်"

ယန်ယဲ့ က ခဏမျှ စဉ်းစားပြီး

ပြောလိုက်သည် " ငါ့အဖေက

မျိုးနွယ်စုထဲမှာ သစ္စာရှိတဲ့

လက်အောက်ငယ်သားတွေ

အများကြီးရှိတယ်လို့ မင်းတစ်ခါက

ငါ့ကိုပြောဖူးတယ်။ ဘာလို့လဲ၊ ဘယ်သူမှ

ငါ့ဆီကို ဘာလို့မလာသေးတာလဲ။

ငါပြန်လာတာကို သူတို့မသိဘူးလို့
မပြောနဲ့"

ယန်ရှမ် က အနည်းငယ်
ခေါင်းယမ်းလိုက်ကာ "သူတို့က
နင့်အဖေရဲ့
လက်အောက်ငယ်သားတွေပဲ။ ဒါပေမဲ့
နင်ပိုင်တာမဟုတ်ဘူး။ ဒါကြောင့်
သူတို့က နင့်အပေါ်မှာ
သစ္စာစောင့်သိဖို့ဖြစ်နိုင်ပါ့မလား။

နင့်ကို မပြောနဲ့၊ သူထွက်သွားတုန်းက ဒုက္ခိတအဖြစ် ပြန်လာမယ်ဆိုရင် နင့်ရဲ့အဖေအပေါ် သစ္စာစောင့်သိဖို့တောင် ကတိပေးမှာ မဟုတ်ဘူး။ ဒါက လက်တွေ့ဆန်တဲ့ ကမ္ဘာကြီးပဲ၊ နားလည်လား"

ယန်ယဲ့ က စကားပြန်မပြောဘဲ ခေါင်းသာညိတ်ပြသည်။

သူက “ငါနားလည်ပါတယ်။ မှန်ပါတယ်၊ လျှို့ဝှက်ဆန်းကြယ်တဲ့ မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ နဲ့ ရင်ဆိုင်တွေ့တုန်းက နောက်ထပ် လူတစ်ယောက်ပေါ်လာတယ်။အဲဒီလူက ငါ့ကိုကူညီခဲ့တယ်။ သူတို့ ဘယ်သူတွေလဲ အင်းသိလား"

ယန်ရှမ် က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည် "ငါ

မသိဘူး၊ ဒါပေမဲ့ သူတို့က ယန်ကလန် ရဲ့

အဖွဲ့ဝင်တွေပဲဆိုတာတောလ

သေချာတယ်။ ဒါ လုပ်ကြံမှုတစ်ခုပဲလေ။

အခုအချိန်မှာ ဆက်ခံသူတိုက်ပွဲက

စတော့မှာဆိုတော့ သူတို့မှာ နင့်ကို

သတ်ပစ်ဖို့ နည်းလမ်းတွေ အများကြီး

ရှိလိမ့်မယ်။ ဒါကြောင့် သတိထားပါ။

နားလည်တယ်မဟုတ်လား"

ယန်ယဲ့ က "ဒါပေါ့။ ငါ

အမြဲသတိထားနေတယ်"ဟု

ပြန်ပြောလိုက်၏။ အမှန်ပင် သူသည်

ယန်ကလန်၏ ဆက်ခံသူတိုက်ပွဲကို

ဘယ်သောအခါမှ မထိမဲ့မြင်မပြုခဲ့ပေ။

သူသည် ယန်ကလန်

၏ဆက်ခံမည့်သူဖြစ်လာဖို့

ရည်ရွယ်ချက်တော့မရှိပါ။

မည်သို့ပင်ဖြစ်ပါစေ

တိုက်ပွဲဝင်ရမည်ဖြစ်သည်။

အကြောင်းကတော့ သူသည်

စောစောစီးစီး ငရဲမသွားချင်လို့ပါ။

သို့သော်လည်း ပြန်ပြီးတိုက်ခိုက်လျှင်

အဆုံးမသတ်နိုင်သော

သတ်ဖြတ်ခြင်းဆီသို့

ဦးတည်ပါလိမ့်မည်။

အရှုံးပေးလိုက်ရမလား ။

ယန်ယဲ့က အမှတ်တမဲ့တွေးနေခဲ့သည်။

May Be:

၂၀၁၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၁၂ - ထာဝရအဆင့်သို့

မြှင့်တင်ခြင်း

ဝင်ရိုးစွန်းကြယ်မှာ ရှိစဉ်ကတည်းက
အရှုံးပေးဖို့ ကြိုးစားခဲ့ဖူးသော်လည်း
မဖြစ်နိုင်ခဲ့ပေ။

သူ့အနေဖြင့် တိုက်ပွဲဝင်ဖို့သာ
ရွေးချယ်နိုင်ခဲ့၏။

အဆုံးထိတိုက်ပွဲဝင်ခဲ့ရသည်။

ထိုအခြေအနေသည်
အသက်ရှင်ဖို့တစ်ခုတည်းသော
နည်းလမ်းပင်။

ယန်ရှမ်က ယန်ယဲ့ကို ကြည့်လိုက်ပြီး
"သတိထားပါ" ဟုသာ
ပြောလိုက်သည်။စကားပြောပြီးသည်နှင့်
နောက်လှည့်ကာ
ပျောက်ကွယ်သွားသည်။

ယန်ယဲ့ သည် ယန်ရှမ်

ထွက်သွားသောလမ်းကြောင်းကို

စူးစိုက်ကြည့်ကာ

အချိန်အတော်ကြာအောင်ပင်

စိုက်ကြည့်နေသည်။ သူ့ဘဝ၌

ရုတ်တရက်ပေါ်လာသည့်

ဒေါ်လေးဖြစ်သူကို သဘာဝအတိုင်း

သတိထားနေရလို့ပါ။ အကြောင်းကတော့

ယန်ရှမ်ဟာ သူ့အပေါ်

ရည်ရွယ်ချက်ကောင်းမရှိကြောင်း

ကြိုသိနေလို့ပင်။

သို့သော် ၎င်းသည် အရေးမကြီးပါ။

ခွန်အားကသာ သူ့အတွက်

အရေးကြီးဆုံးပင်။

လုံလောက်သောခွန်အား ရှိနေလျှင်

ဘယ်လိုအကြံအစည်မဆို

ဂရုစိုက်နေစရာမလိုပေ။

အချိန် ၂ ရက်ပဲ ကျန်တော့တယ်။

ယန်ယဲ့ သည် သဘာဝအတိုင်း
ကျန်နေသည့် အချိန် ၂ ရက်ကို
မဖြုန်းတီးခဲ့ပေ။ မူလစေတီ ထဲသို့ ပြန်
ဝင်လိုက်သည်။

မူလစေတီ၏ ဒုတိယမြောက်အထပ် ။

ယန်ယဲ့ သည် ရှောင်ချီ မေ့မျောနေသော

အခန်းဆီသို့ လျှောက်သွားလိုက်သည်။

ထိုအချိန်တွင် ကောင်းကင်ငယ် နှင့်

ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ရှောင်ချီ၏ ကုတင်ဘေးမှာ

ရှိနေကြသည်။ ကောင်းကင်ငယ် ကတော့

ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ပေါ်

တက်ထိုင်နေ၏။

ယန်ယဲ့ သည် ရှောင်ချီ ကို ကြည့်လိုက်ပြီး

နောက်တစ်ဖန် ကောင်းကင်ငယ် ကို

စိုက်ကြည့်ရင်း

"အဆင်ပြေရဲ့လား"ဟုမေးလိုက်သည်။

ကောင်းကင်ငယ်က ဝမ်းသာအားရ

ပြုံးပြီး “ငါ့စိတ်ဝိညာဉ်က ကောင်းနေပြီ။

ဒါပေမဲ့ ငါ့ခန္ဓာကိုယ်ကို ပြန်ယူဖို့

ဝင်ရိုးစွန်းကြယ်ကိုပြန်သွားရမယ်။

အဲဒီနေရာက မြေကြီးရဲ့စွမ်းအင်ကို

စုပ်ယူမှုပဲ ငါ့ခန္ဓာကိုယ်ကို
ပြန်ပြီးဖွဲ့စည်းနိုင်တော့မယ်။ ဒါပေမယ်လို့
နင့်မှာ ပြန်သွားဖို့ အချိန်မရှိဘူးဆိုတာ
ငါသိတယ်မဟုတ်လား”

ယန်ယဲ့ သည် အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး “ရေတိုမှာ
ငါပြန်သွားလို့မရတော့ဘူး။ ဒါပေမဲ့
ငါ့ကိုယ်ပုံပါ၊ ငါမင်းကို ဝင်ရိုးစွန်းကြယ်ဆီ

ပြန်ခေါ်သွားဖို့က

သိပ်မကြာပါဘူး"ဟုပြောလိုက်သည်။

ကောင်းကင်ငယ်က ပြုံးပြီး

“တောင်းပန်ပါတယ်။ ငါက

တခြားကမ္ဘာတွေနဲ့

သိပ်အသုံးမတည့်ဘူး။

ဝင်ရိုးစွန်းကြယ်ကို ပြန်သွားနိုင်ဖို့ပဲ

လိုချင်တယ်"ဟုထပ်ပြောပါသည်။

ယန်ယဲ့ သည် သူမဆီသို့ လျှောက်သွားပြီး ခေါင်းကို ညင်သာစွာ ပွတ်သပ်ရင်း “နားလည်ပါတယ် ။ ယန်ကလန်မှာ ငါ့ကိစ္စတွေ ပြီးရင် မင်းကို ပြန်ခေါ်သွားမယ်"

ကောင်းကင်ငယ်က “ဒါဆို နင်ကော ဘယ်လိုလဲ”

ယန်ယဲ့ သည် ခဏမျှ စဉ်းစားလိုက်ပြီး

"ငါဘယ်ကိုသွားနေပါစေ

ငါအသက်ကြီးရင် ဝင်ရိုးစွန်းကြယ်မှာပဲ

အချိန်ကုန်ဆုံးမယ်ဆိုတာ

ကတိပေးပါတယ်။ ဘာလို့လဲဆိုတော့

ဒါဟာ ငါမွေးဖွားကြီးပြင်းခဲ့တဲ့နေရာလေ။

ဒါ့ပြင် ငါ့မိသားစုနဲ့

မင်းရှိနေတယ်”ဟုပြောခဲ့သည်။

သူသည် ယန်ကလန်၏

အဖွဲ့ဝင်ဖြစ်ခဲ့သော် လည်း

ဝင်ရိုးစွန်းကြယ် သာလျှင်

သူ၏နေအိမ်ပါ။ ထိုနေရာ၌

သူ၏ချစ်ရသူ များနှင့်

မိတ်ဆွေအပေါင်းအသင်းများရှိနေခဲ့သ

ည်။

ကောင်းကင်ငယ်၏ မျက်နှာပေါ်ရှိ

အပြုံးသည် ပို၍တောက်ပလာသည်

“ဒါပေါ့။ နင်ပြောတာ မှန်တယ်။

နင်ဘယ်ကိုသွားနေပါစေ

ဝင်ရိုးစွန်းကြယ်ဟာ နင့်ရဲ့အိမ်ပါ"

ယန်ယဲ့ က ပြုံးလိုက်သည်။ ထို့နောက် အိပ်စက်နေသော ရှောင်ချီ ကို စိုက်ကြည့်ရင်း "ဒါပေမဲ့ ကျန်တဲ့ရက်တွေကို ငါမပြန်ခင်မှာ သူ့ကို အိမ်ပြန်ပို့ပေးရမယ်။ အဲဒီလိုလုပ်မယ်လို့ ကတိပေးထားတယ်”

ကောင်းကင်ငယ်က ရှောင်ချီ ကို
စိုက်ကြည့်ကာ
"ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ရဲ့
အကူအညီနဲ့ဆိုတော့ သူက မကြာခင်မှာ
ပြန်ပြီးနိုးထလာတော့မှာပါ"
ဟုပြောခဲ့သည်။ ထို့နောက် စကား
ခဏရပ်ပြီး "သူမ ဘယ်ကလာလဲ
သိလား"

ယန်ယဲ့ သည် ခဏကြာမျှ တိတ်ဆိတ်သွားပြီး “သူမက နဂါးငွေ့တန်းကြယ်စင်စုရဲ့ အလယ်စကြာဝဠာကြီးထဲက ဖြစ်သင့်တယ်။ ဒါ့အပြင် သူမရဲ့ အဆင့်အတန်းကလည်း နိမ့်ကျနေမှာ မဟုတ်ပါဘူး”ဟုပြန်ပြောသည်။

ကောင်းကင်ငယ် က အနည်းငယ် ခေါင်းညိတ်ပြပြီး “သူမက တကယ့်ကို

သာမန်မဟုတ်ပါဘူး။ အထူးသဖြင့်တော့ သူမရဲ့ ဝိညာဉ်ခန္ဓာကိုယ်ပဲ။ အဲဒါက ငါ့ကို အရမ်းထူးဆန်းတဲ့ ခံစားချက်ကို ပေးတယ်”

ယန်ယဲ့ သည် ခေါင်းညိတ်လိုက်ပြီး "ဘာပဲဖြစ်ဖြစ် သူနိုးလာရင် အိမ်ပြန်ပို့လိုက်တာနဲ့ ငါ့ရဲ့တာဝန် ပြီးသွားလိမ့်မယ်"ဟု ထပ်ပြောပါသည်။

ကောင်းကင်ငယ်က "ငါ သူ့ကို

တတ်နိုင်သမျှ အမြန်ဆုံး နှိုးလိုက်မယ်"

ယန်ယဲ့ သည် ပြုံးလိုက်ပြီး

ကောင်းကင်ငယ် နှင့် ခဏလောက်

စကားစမြည်ပြောကာ နတ်ဆေးမီးဖို

ရှေ့သို့ ရောက်သွားခဲ့သည်။ အထဲမှာက

အရှိန်တငြီးငြီးတောက်လောင်နေသော

နတ်ယင်မီးတောက် ရှိနေခဲ့သည်။

ယန်ယဲ့ သည် နတ်ယင်မီးတောက် ကို အချိန်အကြာကြီး စိုက်ကြည့်ကာ "မင်းက အရမ်းသန်မာတယ် မဟုတ်လား"ဟုပြောလိုက်လေသည်။

နတ်ယင်မီးတောက် က “မင်းကို ပြာဖြစ်အောင် မီးရှို့တာက ပြဿနာမဖြစ်သင့်ဘူး” ဟူ၍ ပြန်ဖြေသည်။

ယန်ယဲ့၏ ပါးစပ်ထောင့်များ

လှုပ်ယမ်းသွားသည်။ သူက

ခေါင်းယမ်းပြီး “စမ်းကြည့်ချင်တယ်

အကြံတစ်ခုရှိတယ်။အလုပ်ဖြစ်ပါ့မလား

တော့ မသိဘူး”

“ဘာလဲ” နတ်ယင်မီးတောက် က

မေးလိုက်သည်။

ယန်ယဲ့ သည် ခဏာမျှတိတ်ဆိတ်သွားပြီး "မင်းနဲ့ငါ့ဓားစိတ်ဆန္ဒကို မီးရှို့ပစ်ချင်တယ်" ဟု ပြန်ဖြေလိုက်ပါသည်။

နတ်ယင်မီးတောက်၏ အသံက အံ့သြသောအရိပ်အယောင်တစ်ခု ရှိနေလေသည် "မင်းရဲ့ဓားစိတ်ဆန္ဒကို မီးရှို့ဖို့ ကြံနေတာလား"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်

"ဟုတ်တယ်'

""မင်းရဲ့ဓားစိတ်ဆန္ဒကို ထာဝရအဆင့်

တက်အောင်လို့ ငါ့ရဲ့ခွန်အားကို

အသုံးချချင်နေတာလား"

နတ်ယင်မီးတောက် က

အချိန်တော်တော်ကြာထိ

တိတ်ဆိတ်နေပြီးမှ

ဆတ်ခနဲပြောလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး

"ငါ့စားစိတ်ဆန္ဒ က ပြန်လာအဆင့်

ပဲရှိသေးတယ်။ အဆင့်တိုးချင်ရင်

နည်းလမ်းကတစ်ခုပဲရှိလိမ့်မယ်။ ဒါဟာ

တခြားအင်အားတွေနဲ့

တွန်းအားပေးတာပဲ။ ဒါပေမဲ့

သာမာန်အရာတွေက ပြီးမြောက်အောင်

မလုပ်နိုင်ဘူး။ မင်းရဲ့မီးတောက်တွေပဲ

ငါ့စားစိတ်ဆန္ဒ ကို ဖိနှိပ်နိုင်တယ်။

ဒါကြောင့် ငါ့ရဲ့စားစိတ်ဆန္ဒ ကို

ထာဝရအဆင့် ထိ မြှင့်လို့ရမရ

မင်းရဲ့ခွန်အားကို သုံးကြည့်ဖို့

မျှော်လင့်ပါတယ်”

နတ်ယင်မီးတောက် က “ဒီလိုလုပ်တာက

အဆင်ပြေပါ့မလား

မသိဘူး”ဟုပြောပါသည်။

ယန်ယဲ့ က "ငါတို့ကြိုးစားရမယ်"

နတ်ယင်မီးတောက် က အကြာကြီး

တိတ်ဆိတ်နေပြီး “ဒါဆို

စမ်းကြည့်ရအောင်” ဟု ပြောပါသည်။

ယန်ယဲ့က အနည်းငယ်

ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက်

သူ့ပတ်ပတ်လည်ရှိ အာကာသပြင်ထဲမှ

ဓားစွမ်းအင်တစ်စင်း ထွက်ပေါ်လာသည်။

ဓားစိတ်ဆန္ဒ ပေါ်လာသည်နှင့်

တပြိုင်နက် နတ်ယင်မီးတောက်ဟာ လွင့်မျောလာကာ ယန်ယဲ့အား ဖုံးအုပ်သွားသည်။

"အား..." ခဏအကြာတွင် အကူအညီမဲ့သော ရေရွတ်သံဟာ မူလစေတီအနှံ့ ထွက်ပေါ်လာသည်။

ယန်ယဲ့၏ အော်ဟစ်သံပင်။

ပထမမြောက်အထပ်၌ ။

နှင်းပွင့်လေးက ယန်ယဲ့၏အော်သံကို

ကြားသောအခါတွင်

သစ်သားဓားဖြင့်ကစားနေရာမှ

ခန္ဓာကိုယ်လေးတုန်သွားပြီးနောက်

ဒေါသထွက်သွားလေသည်။သူမ၏လက်

သည်းများကို ဝှေ့ယမ်းလိုက်ရာ

သစ်သားဓားက

လက်သည်းလေးများကြား

ပျံ့သန်းလာသည်။ တစ်ဆက်တည်း

မျက်လုံးလေးများကို

မှိတ်လိုက်တော့သည်။

ဝှစ်....

နှင်းပွင့်လေးက

အဖြူရောင်အလင်းတန်းအသွင်ပြောင်း

ကာ

နေရာမှာပင်ပျောက်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင်

ဒုတိယမြောက်အထပ်မှ

နတ်ယင်မီးတောက်၏

အံအားသင့်တုန်လှုပ်နေသောအသံ

ထွက်ပေါ်လာ၏ “အငယ်ကောင်၊

မင်းဘာလုပ်နေတာလဲ။ ဟေး!

ဘာမှမလုပ်နဲ့…”

အတော်လေး

ကိုးယို့ကားယားနိုင်သောမြင်ကွင်းတစ်ခု

ပေါ်လာသည်။

နှင်းပွင့်လေးက ခြေသည်းများကြား၌

သစ်သားဓားကို ကိုင်ထားရင်း

နတ်ယင်မီးတောက်ကို

ဒေါသတကြီးခုတ်ချနေလေသည်။

သစ်သားဓားကို တစ်ချက်လှူပ်လိုက်တိုင်း

နတ်ယင်မီးတောက်၏ အရောင်ဟာ

အနည်းငယ် မှိန်သွားစေသည်။

နှင်းပွင့်လေး၏

ချစ်စဖွယ်မျက်နှာသေးသေးလေးက

ဒေါသအပြည့်နှင့်ပါ။ မျက်လုံးကို

မှိတ်ထားရင်း သစ်သားဓားဖြင့်

အဆက်မပြတ် ထိုးခုတ်နေသည်။

ပြင်းထန်သော ဓားစွမ်းအင်မျ

အခန်းတစ်ခုလုံး ပြန့်နှံ့သွားသည်။

နတ်ယင်မီးတောက် ကတော့

နှင်းပွင့်၏တိုက်ခိုက်မှုကြောင့်

တဖြည်းဖြည်း အရောင်မှိန်လာသည်။

ကံကောင်းထောက်မစွာ နောက်ဆုံးတွင်

ယန်ယွဲ့ သည်

အသိစိတ်ရှင်းလင်းသွားပြီးနောက်

နှင်းပွင့်ရှေ့သို့ အမြန်ရပ်နေလိုက်သည်။

သို့သော်လည်း နှင်းပွင့်က

ဒေါသထွက်နေသောကြောင့်

ယန်ယွဲ့မှန်းပင်

သတိမထားမိလိုက်တော့ပေ။

ထိုမြင်ကွင်းကြောင့်

ယန်ယွဲ့၏အမူအရာသည်လည်း

ပြောင်းလဲသွားပြီး "နှင်းပွင့်၊

မြန်မြန်နိုးထပါ"

ယန်ယဲ့၏အသံကို ကြားလိုက်သောအခါ

နှင်းပွင့်၏ခန္ဓာကိုယ်လေးဟာ

တုန်လှုပ်သွားသည်။ တစ်ချိန်တည်းမှာပင်

သစ်သားဓားက လေထဲမှာပင်

ရပ်တန့်သွားတော့၏။ သိပ်မကြာပေ၊

နှင်းပွင့်က မျက်လုံးလေးများ

ပြန်ဖွင့်လာသည်။ ယန်ယဲ့

ကိုမြင်သောအခါမှ မျက်တောင်ခတ်ပြီး

သစ်သားဓားကို ဘေးသို့ပစ်ချကာ

ယန်ယဲ့ဆီသို့ ပြေးလာလေသည်။

ထို့နောက် သူမ၏ခေါင်းလေးဖြင့်

သူ့ရင်ဘတ်ကို

ညင်သာစွာပွတ်သပ်လိုက်သည်။

ယန်ယဲ့ သည် စိတ်ထဲ နွေးထွေးသလိုပင်။

သူက ခေါင်းကို ညင်သာစွာ ပွတ်သပ်ပြီး

“ငါ အဆင်ပြေပါတယ်” ဟု

ပြောလိုက်ပါသည်။

နှင်းပွင့်က စကားမပြောဘဲ ခေါင်းကိုသာ ယန်ယဲ့၏ ရင်ဘတ်နှင့် ပွတ်သပ်နေလေသည်။

ထိုအချိန်တွင် နတ်ယင်မီးတောက် က "ဒီအငယ်ကောင် ဘာလုပ်နေတာလဲ”ဟုမေးလိုက်သည်။

နှင်းပွင့်က နတ်ယင်မီးတောက် ကို ချက်ချင်း မော့ကြည့်လိုက်ပြီးနောက်

မျက်လုံးသေးသေးလေးထဲ၌

ဒေါသများယပေါ်လာပြန်သည်။ ထို့နောက်

သူမ၏ လက်သည်းကို

ဝှေ့ယမ်းလိုက်သည်နှင့် သစ်သားစားက

ချက်ချင်းပင် ပျံတက်လာသည်။

ထိုအချိန်တွင် ယန်ယဲ့ က နှင်းပွင့်ကို

အမြန်ပွေ့ဖက်လိုက်ပြီး

"ဒေါသမထွက်ပါနဲ့။

သူကငါ့ကိုဒုက္ခပေးဖို့မကြိုးစားဘူး၊

သူကငါ့ကိုကူညီတယ်"ဟု

ကမန်းကတန်းပြောလိုက်ရသည်။

နှင်းပွင့်က ယန်ယဲ့ကို

မော့ကြည့်နေ၏။ဆိုလိုသည်မှာ

ယန်ယဲ့က တမင်လိမ်ညာနေသလားဟု

မေးနေပုံပါ။

ယန်ယဲ့က သူမ၏ခေါင်းလေးကို

ညင်သာစွာ ပွတ်သပ်ပြီး "သူက ငါ့ကို

တကယ်ကူညီပေးနေတာ။ သူက ငါ့ကို ပိုသန်မာအောင် ကူညီပေးတယ်။ ဒါဆို သူ့ကို မတိုက်ခိုက်ပါနဲ့”

နှင်းပွင့်လေး က နတ်ယင်မီးတောက် ကို လှမ်းကြည့်ရင်း ယန်ယဲ့ကို ပြန်ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က ကြင်နာမှုအပြည့်နှင့် ပြုံးပြီး "ကလေးလေး”ဟုခေါ်လိုက်သည်။

ယန်ယွဲ့၏ စကားသံကို ကြားသောအခါ

နှင်းပွင့်က ချစ်စဖွယ်ပြုံးကာ သူ့ထံသို့

ပြေးလာပြီး နဖူးကို နမ်းလေသည်။

ထို့နောက် နတ်ယင်မီးတောက် ဆီသို့

ပျံဝဲသွားလေသည်။

နှင်းပွင့်က

တိုက်ခိုက်မည်ဟုအထင်ရောက်သွားသဖြ

င့် ယန်ယွဲ့ သည် မျက်ခွံများ

လှုပ်ယမ်းသွားသည်။ သို့သော်လည်း

နှင်းပွင့်လေးက

သူမ၏လက်သည်းများကို

ဆန့်ထုတ်လိုက်ပြီး

လက်ဝှေ့ယမ်းလိုက်တော့သည်။

သိပ်မကြာပါ၊ ယန်ယဲ့၏မျက်နှာပေါ်တွင်

အပြုံးပေါ်လာသည်။

သူမလေးက တောင်းပန်နေတာလား။

နတ်ယင်မီးတောက် ကို

တောင်းပန်ပြီးသည်နှင့် နှင်းပွင့်က

စကားပြန်ပင် မစောင့်ဘဲ သစ်သားဓားကို

ကိုင်ကာ အခန်းတွင်းမှ

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယွဲ့ သည် အကူအညီမဲ့သလို

ရယ်မောရင်း ခေါင်းကိုသာ

ခါယမ်းလိုက်သည်။ နှင်းပွင့်က

အတော်လေး အပြစ်ကင်းပြီး

အဆင်အခြင်မဲ့သော

ကလေးမလေးတစ်ယောက်ပါ။

သို့သော်လည်း သူမလေးက

လူသားများကဲ့သို့ မဟုတ်ခဲ့ပေ။

မှားမှန်းသိသည်နှင့်

ချက်ချင်းတောင်းပန်သည်က

မည်မျှချီးကျူးစရာကောင်းသနည်း။

ထိုအချိန်တွင် ယန်ယဲ့ သည်

တစ်စုံတစ်ခုကို တွေးတောနေပုံရပြီး

နတ်ယင်မီးတောက် ကို စိုက်ကြည့်ကာ

"မင်း သူ့မကြောင့်

ဒဏ်ရာရသွားတာလား"ဟုမေးလိုက်ပါသ

ည်။

အကြောင်းမှာ နတ်ယင်မီးတောက် က

နှင်းပွင့်ကို

အနည်းငယ်ကြောက်ရွံ့နေမှန်းသတိပြုမိလို့ပါ။

နတ်ယင်မီးတောက်က “ဒါက သူမ မဟုတ်ဘူး။ အဲဒီဓားပဲ” ဟု အသံတိုးတိုးလေးနဲ့ ပြောလိုက်သည်။

ယန်ယွဲ့ က အနည်းငယ် မျက်မှောင်ကြုတ်ကာ "ဒီဓားက ဘာလဲ"ဟု ထပ်မေးလိုက်၏။

နတ်ယင်မီးတောက် က

အကြာကြီးတိတ်ဆိတ်သွားပြီး

“ဒီလောကရဲ့ ရတနာလက်နက်

မဟုတ်တာတော့ သေချာပါတယ်။

ဒါပေမဲ့ ဒီသစ်သားဓားက ငါသိထားတဲ့

နာမည်ကျော်ဓားတစ်လက် မဟုတ်ဘူး။

ဒါ သူ့ပုံစံအစစ်မဟုတ်ဘူးလား"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "မသိဘူး" ဟုသာ ပြန်ပြောလိုက်သည်။ သူလည်း သစ်သားဓား၏ မူလဇစ်မြစ်ကို သိချင်နေမိသည်။ သစ်သားဓား အကြောင်းကို သိချင်ရုံတင်မဟုတ်ဘဲ ထိန်းချုပ်လိုခဲ့သည်။ သို့သော်လည်း ၎င်းက အလွန်မောက်မာသဖြင့် နှင်းပွင့်လေး သာလျှင် ကိုင်ဆောင်နိုင်၏။

မဟုတ်လျှင် သစ်သားဓားကို သုံးနိုင်ရင်တော့ သူ့ခွန်အားက သေချာပေါက်ကို အစွမ်းထက်လာမှာပါ။

“ဒါနဲ့…” ယန်ယဲ့က ရုတ်တရက်မေးလိုက်သည် "မင်းက နာမည်ကြီးဓားတွေ အများကြီးသိတာလား"

နတ်ယင်မီးတောက် က “ဘာဖြစ်လို့လဲ” ဟု ပြန်မေးသည်။

ယန်ယဲ့ က တဟားဟားရယ်လိုက်ပြီး

“ဘယ်ဟာက အသန်မာဆုံးလဲ။

နာမည်ဘယ်လိုခေါ်လဲ"

နတ်ယင်မီးတောက် က

“အသန်မာဆုံးဓားဆိုတာ မရှိဘူး၊

အဓိကအားဖြင့်တော့ သူတို့ရဲ့

အသုံးပြုသူအပေါ်မှာ မူတည်တယ်။

ဟုတ်ပါတယ်၊ ဓားတွေကြားက

ခွန်အားက ကွာခြားချက်တော့ ရှိတယ်။

ငါသိတဲ့ ဓားတွေထဲမှာ

ရှေးဟောင်းမျိုးနွယ်ရဲ့

အဆင့်မြင့်အာဏာပိုင်တွေ

ပူးပေါင်းဖန်တီးထားတဲ့

ရှေးဟောင်းဓားတစ်ချောင်းရှိတယ်"

ယန်ယဲ့ က အလျင်စလိုမေးလိုက်၏။

"သူ့နာမည် ဘယ်လိုခေါ်လဲ"

“အဲ...” နတ်ယင်မီးတောက် က ရုတ်တရက် “ဘာလို့ ဒီလောက်မေးနေတာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဓားကို မင်းသုံးလို့မရဘူးလေ"ဟုပြောလိုက်သည်။

ယန်ယဲ့က အံ့ဩသွားပြီး "ဘာလို့လဲ"ဟုမေးလိုက်ပါသည်။

နတ်ယင်မီးတောက် က “ကြင်နာတတ်သူ

ဒါမှမဟုတ် ဂရုဏာစိတ်ထားတတ်သူမှပဲ

ဓားကို သုံးနိုင်တယ်။ မင်းအတွက်လား။

မင်းက မရေမတွက်နိုင်အောင် သတ်တဲ့

ဓားနတ်ဆိုးပဲ။ မင်း ဒီဓားနဲ့တွေ့ရင် မင်းကို

အရင်သတ်မှာ သေချာတယ်။

ဆိုတော့ကား မင်းက ဓားကို

ထိန်းချုပ်ဖို့တောင်

မစဉ်းစားနဲ့တော့"ဟုပြောလေသည်။

ယန်ယဲ့ သည်

စကားမပြောနိုင်လောက်အောင်

ခံစားလိုက်ရသည်။

နတ်ယင်မီးတောက် က ရုတ်တရက်

“အချိန်ဖြုန်းမနေနဲ့။ စလိုက်ရအောင်"

ယန်ယဲ့ သည် သူ့အတွေးများကို ထိန်းကာ

ခေါင်းညိတ်လိုက်ပြီး ပြန်လာအဆင့်

ဓားစိတ်ဆန္ဒ ကို ထုတ်ဖော်လိုက်၏။

ဓားစိတ်ဆန္ဒ ။

ဧင်းသည်

မမြင်နိုင်သောအရာတစ်ခုပါ။သို့သော်လ

ည်း အမှန်ပင် တည်ရှိ၏။ ဓားစိတ်ဆန္ဒ

သည်

ရုပ်ဝတ္ထုအသွင်သဏ္ဍာန်ဖြစ်လာနိုင်သည်။

သို့ရာတွင် လေနှင့်အလားသဏ္ဍာန်တူ၏။

လူတိုင်းဟာ လေကို မမြင်နိုင်သလို

မကြားရပေ။ ခံစားမိကြရုံသာ။

ခံစားစိတ်ဆန္ဒ နှင့် လေထုကြားမှ

ကွာဟချက်က ခံစားစိတ်ဆန္ဒဟာ

ကျင့်ကြံပြီးထိန်းချုပ်နိုင်လို့ပါ။

ထို့နောက်တွင် ခံစားစိတ်ဆန္ဒကို

ရုပ်ဝတ္ထုအသွင်သဏ္ဍာန် ဖန်တီးနိုင်၏။

မည်သို့ပင်ဖြစ်စေကာမူ ခံစားစိတ်ဆန္ဒ

သည် မမြင်နိုင်သောအရာတစ်ခုသာ။

သို့သော် တစ်စုံတစ်ယောက်က

ထိန်းချုပ်လိုက်သည်နှင့် ၎င်းသည်

မမြင်နိုင်သောအရာတစ်ခု

မဟုတ်တော့ပေ။

May Be:

၂၀၁၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၁၃ - ဆက်ခံသူတိုက်ပွဲအစ (၁)

ဓားစိတ်ဆန္ဒ သည်

စိတ်ဝိညာဉ်စွမ်းအားနှင့် စိတ်ဆန္ဒနှင့်

ဆက်စပ်နေသည်။ နတ်ယင်မီးတောက်

က သူ၏ဓားစိတ်ဆန္ဒ ကို

လောင်ကျွမ်းသည်နှင့် တပြိုင်နက်

အရင်ဦးဆုံး ရင်ဆိုင်ရသည်ကား

သူ၏ဝိညာဉ်စွမ်းအင်ဖြစ်သည်။

နတ်ယင်မီးတောက်၏ ဖိနှိပ်မှုအောက်၌

ယန်ယွဲ့၏ ပြန်လာအဆင့် ဓားစိတ်ဆန္ဒ

ဟာ

တဖြည်းဖြည်းကျုံ့လာသည်။ သို့သော်

သူ့တွင် အလျှော့မပေးသော

ဆန္ဒရှိသောကြောင့်

နတ်ယင်မီးတောက်က ဓားစိတ်ဆန္ဒကို

လုံးလုံးလျားလျား မီးရှို့မသွားခဲ့ပေ။

ထိုအရာကပင် ယန်ယွဲ့အတွက်

လွယ်ကူသော ခြေအနေမဟုတ်ခဲ့ပေ။

သူ၏ ဓားစိတ်ဆန္ဒ သည် လက်ရှိတွင်

သံမဏိအပိုင်းအစတစ်ခုကဲ့သို့ပင်။

နတ်ယင်မီးတောက်က ပုံသွင်းပေးသော

တူကြီးတစ်လက်ပါ။

နတ်ယင်မီးတောက် ဟာ ယန်ယွဲ့၏

ဓားစိတ်ဆန္ဒ ကို

အတင်းအကြပ်ဖိအားပေး

လောင်ကျွမ်းနေသည့်အပြင်

ဓားစွမ်းအင်ကိုပါ

အဆက်မပြတ်လောင်ကျွမ်းခဲ့သည်။

ယန်ယဲ့ ကတော့ သူနှင့် ဓားစိတ်ဆန္ဒ

ကြားမှ ဆက်စပ်မှုကို

ဖြတ်တောက်မထားခဲ့ပေ။

ထို့ကြောင့် နာကျင်မှုက သူ့ဆီ

တည့်တည့်ကို ရောက်သွားခဲ့သည်။

မူလစိတ်ဝိညာဉ်မှ ထွက်လာသည့်

နာကျင်မှုပါ။

သို့သော်လည်း ယန်ယဲ့ သည်

အံတင်းတင်းကြိတ်ကာ

တောင့်ခံထားဆဲပင်။ အကြောင်းကတော့

အကောင်းဆုံးဖြစ်လိုပါက အဆိုးဆုံးကို

အရင်ဆုံး ဖြတ်ကျော်ဖို့ လိုအပ်လို့ပါ။

သံမဏိတုံးကဲ့သို့ပင်၊ ထပ်ခါတလဲလဲ

ထုထောင်းပြီးရိုက်နှက်ပေးမှသာ

သတ္တုကိုဖြတ်နိုင်သော ဓားတစ်လက်
ဖြစ်လာပေမည်။

ထိုအတိုင်းပင်၊ အချိန်များ
တရွေ့ရွေ့ကုန်ဆုံးသွား၏။
ကွဲအက်နေသော ယန်ယဲ့၏ မျက်နှာသည်
တဖြည်းဖြည်း ပုံမှန်ပြန်ဖြစ်သွားသည်။
သူ၏ ဓားစိတ်ဆန္ဒ နှင့်ပတ်သက်၍တော့
တဖြည်းဖြည်း အသွင်ပြောင်းနေခဲ့သည်။

နောက်ထပ် အကျိုးအမြတ်တစ်ခု

ကတော့ သူ၏ ခန္ဓာကိုယ်ပင်။

နတ်ယင်မီးတောက်၏

လောင်ကျွမ်းခြင်းကို ခံနိုင်ရည်ရှိခဲ့သည်။

မူလဝိညာဉ်က နာကျင်သည်ဖြစ်စေ

စိတ်ဝိညာဉ်ပင်ဖြစ်စေ အံကြိတ်ကာ

အဆုံးထိ ဆက်ပြီးတောင့်ခံနေဆဲပါ။

အန်နန်ကျင်း ပြောခဲ့သလိုပင်၊ သူသည်
အခြားသူများကို ရက်စက်ရုံမက
သူ့ကိုယ်သူတောင် ပို၍ ရက်စက်ပါသည်။
အကယ်၍ လူတစ်ဦးသည် မိမိကိုယ်မိမိ
ရက်စက်နိုင်လျှင် ထိုလူဟာ
ဘယ်လိုအားနည်းနိုင်မည်နည်း။

အချိန်က တဖြည်းဖြည်းကုန်ဆုံးလာကာ
မျက်စိတစ်မှိတ်အတွင်းမှာပဲ ၂
ရက်ကြာသွားသည်။

ယန်ကလန်၏ နောက်မျိုးဆက်

ဘိုးဘေးနေရာဆက်ခံသူတိုက်ပွဲ

စတင်ခဲ့လေပြီ။

နံနက်မိုးလင်းချိန်။

ဤအခိုက်အတန့်တွင် ယန်ကလန်၏

တပ်မ (၄) ခုနှင့် နတ်စစ်သည်တော်(၇၂)

ယောက်ဟာ ငြိမ်သက်ခြင်းမြို့မှ

ထွက်သွားကြတော့သည်။

ထို့နောက်တွင်တော့

မရေမတွက်နိုင်သောပညာရှင်များဟာ

မြို့ထဲသို့ဆက်တိုက်ဝင်ရောက်လာကြသ

ည်။

တောင်ဖက်မြို့ဝင်ပေါက်။

ငြိမ်သက်ခြင်းမြို့တော်တွင် မြို့တံခါး ၄

ပေါက်ရှိခဲ့သည်။

တောင်ဖက်မြို့ဝင်ပေါက်သည်

မြို့တံခါးပေါက် ၄ ခုမှတစ်ခုပါ။ သို့သော်

တောင်ဖက်မြို့ဝင်ပေါက်ဟာ

ပုံမှန်အားဖြင့် ပိတ်ထားခဲ့သည်။

ယန်ကလန်၏ ဆက်ခံသူတိုက်ပွဲ စတင်မှ

တစ်ကြိမ်သာ ဖွင့်လှစ်ခဲ့သည်။

အကြောင်းကတော့

သခင်ငယ်များအားလုံး၏

လက်အောက်ငယ်သားများနှင့်

မိတ်ဆွေအပေါင်းအသင်းများဟာ

တောင်ဖက်မြို့ဝင်ပေါက်ကနေသာ

ဝင်လာသောကြောင့်ပါ။ မှန်သည်၊

အတင်းအကြပ်မဟုတ်ဘဲ

တောင်ဖက်မြို့ဝင်ပေါက်မှ

မဝင်လို့လည်းရပေသည်။

နေထွက်ချိန်တွင် လူတစ်စုသည်

တောင်ဖက်မြို့ဝင်ပေါက် မှတဆင့်

ငြိမ်သက်ခြင်းမြို့ထဲသို့
ဝင်ရောက်လာကြသည်။

အဖွဲ့ကို ထည်ဝါသောဝတ်ရုံနှင့်
အမျိုးသားတစ်ဦးက
ဦးဆောင်လာခဲ့သည်။ ထိုလူက
ယန်ကလန်၏ အကြီးဆုံးသခင်လေး
ယန်ကျန်း ပါ။

ယန်ကျန်း၏ ညာဖက်၌

သစ်ခေါက်ရောင်ဝတ်စုံဝတ်အဘိုးအို

တစ်ဦး ရပ်နေသည်။

လမ်းလျှောက်လာရင်း အဘိုးအို၏

မျက်လုံးများက ရှေ့ကို

စူးစိုက်စိုက်ကြည့်နေသည်။

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ။

အဘိုးအို၊ သူ၏ အရှိန်အဝါကို
မဖုံးကွယ်ထားပေ၊ သို့မဟုတ်
တမင်ရည်ရွယ်ချက်ရှိရှိ
ထုတ်ပြနေသည်ဟု ဆိုရပေမည်။

ယန်ကျန်း၏ ဘယ်ဖက်ကပ်လျက်က
မှင်နက်ရောင်ဝတ်ရုံဝတ်
လူငယ်တစ်ယောက်ရှိနေသည်။
ထိုလူငယ်က အသက် ၂၀
ကျော်သာရှိသေးပုံရ၏။ လူငယ်၏

အသွင်အပြင်က ရှည်လျားသော ထင်းရှူးပင်ကဲ့သို့ပင်။ နဖူးထက်၌ အနီရောင်သွေးသကော်တများ ရှိနေသည်။

ထာဝရတန်ခိုးရှင် ။

ထိုလူငယ်က ထာဝရတန်ခိုးရှင် တစ်ပါးပါ။

သူတို့သုံးယောက်၏ နောက်မှ

အဖွဲ့ကတော့

ငွေရောင်သံချပ်ကာဝတ်တပ်သား

အယောက် ၂၀ ခန့် ရှိခဲ့သည်။

အားလုံးက ထာဝရတန်ခိုးရှင်

များချည်းသာ။

တပ်သား အယောက် ၂၀ စလုံး

ထာဝရတန်ခိုးရှင်အဆင့် ၃ ရှိနေခဲ့သည်။

ထာသရတန်ခိုးရှင်များ ဟာ

နေရာတိုင်းတွင် တွေ့နိုင်လောက်အောင်

သာမာန်မဟုတ်ပေ။ အမှန်တော့

ယန်ကျန်း ကိုယ်တိုင်

မွေးထုတ်ပေးထားသည့်

ကျင့်ကြံသူများအပြင်

အခြားသောအင်အားစုများမှ

အကူအညီများလည်းပါဝင်ပါသည်။

ဥပမာအားဖြင့် သူ့အမေဖြစ်သူ၏

မျိုးနွယ်ဖက်မှ အကူအညီ၊
သူ၏ဇနီးဖက်မှအကူအညီများ
စသည်ဖြင့်ပါ။

မှန်သည်၊ လက်ရှိအစုအဖွဲ့ဟာ
ယန်ကျန်း၏ အင်အားအပြည့်
မဟုတ်ကြောင်းတော့ သိသာပါသည်။
သို့သော်လည်း ဆက်ခံသူတိုက်ပွဲသည်
ပါရမီရှင်များကြားက ပြိုင်ပွဲပါ။
ထို့ကြောင့် ယန်ကျန်းက သူ နှင့်အတူ

ထိပ်တန်းကျင့်ကြံသူများကိုသာ

ရွေးချယ်ခေါ်လာခဲ့သည်။

မြို့ဝင်ပေါက်ကိုရောက်လာသောအခါ

ယန်ကျန်းက ရုတ်တရက်ရပ်လိုက်သည်။

ထို့နောက် "တောင်ဖက်မြို့ဝင်ပေါက်"

ဟူသော စကားလုံးကို လှမ်းကြည့်ကာ

အကြာကြီး ငြိမ်သက်သွားခဲ့သည်။

ခဏမျှ ငြိမ်သက်နေပြီးမှ “အစ်ကိုဂူရှီ၊

မနက်ဖြန် နေထွက်တာကို မြင်နိုင်မယ်လို့

ထင်လား”ဟု

ရုတ်တရက်မေးလိုက်သည်။

ယန်ကျန်း၏ နံဘေးမှ

မှင်နက်ရောင်ဝတ်လူငယ်က

"အစ်ကိုယန်ကျန်း၊ မင်း ဘယ်လိုထင်လဲ"

ယန်ကျန်းက ခေါင်းယမ်းပြီး

ပြုံးလိုက်သည်

"ဒီဝမ်းကွဲညီစ်အကိုတွေက
သာမာန်မဟုတ်ဘူး" သူက ဂူရှီ ကို
 စိုက်ကြည့်ရင်း “မင်းကို ငါ့ရဲ့
ယန်ကလန်ထဲ ဆွဲသွင်းလာမိတယ်...”

ဂူရှီ က ရုတ်တရက် ခေါင်းခါလိုက်ပြီး "
ငါတို့က ညီအစ်ကိုတွေလေ။
ဒါတွေအားလုံးကို ပြောနေစရာ
မလိုပါဘူး။ ဒါ့ပြင် မင်းတို့ယန်ကလန်ရဲ့

ပါရမီရှင်တွေ ဘယ်လောက်သန်မာလဲ ဆိုတာ ငါခံစားချင်တယ်"ဟုပြောပါသည်။

ယန်ကျန်း က ပြုံးပြီး “ကောင်းပြီ။ သူတို့ရဲ့ ခွန်အားတွေကို အတူတူခံစားကြည့်ရအောင်။ ဒါပေမဲ့ ငါတို့တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးရအောင်လုပ်ရမယ်..."

ထိုစကားပြောပြီးနောက်  သူတို့အဖွဲ့ဟာ မြို့ထဲကို လျှောက်သွားကြသည်။

ယန်ကျန်းဦးဆောင်သော အဖွဲ့ ထွက်သွားသည်နှင့် မဝေးလှသော တံခါးဝမှ အခြားလူငယ်တစ်ယောက် ရုတ်တရက် ပေါ်လာသည်။ ထိုလူငယ်၏မျက်နှာက လူသေကောင်ကဲ့သို့ ဖြူဖျော့နေခဲ့သည်။ အနီလူငယ်က အခြားသူမဟုတ်ဘဲ

ယန်ကလန်၏ နဝမမြောက်သခင်လေး

ယန်ရှန်းပါ။

ယန်ရှန်း၏ နံဘေးတွင်

အနက်ရောင်ဝတ်လူတစ်ဦး ရှိနေခဲ့သည်။

အနက်ရောင်ဝတ်လူက

အနက်ရောင်ဝတ်ရုံအောက်

လုံးလုံးလျားလျား ဖုံးကွယ်ထားလေရာ

သူ့အသွင်အပြင်ကို လုံးဝမမြင်ရပေ။

ယန်ရှန်း နှင့် အနက်ရောင်ဝတ်လူက

ဝင်ပေါက်ရှေ့သို့ ရောက်လာသည်။

ယန်ရှန်း က "တောင်ဖက်မြို့ဝင်ပေါက်"

ဟူသော စကားလုံးကို မော့ကြည့်လိုက်ပြီး

"ညီလေးဂူဖန်း၊ မျိုးနွယ်စုရဲ့

စည်းမျဉ်းအချို့ကို

ပြောင်းလဲသင့်တယ်လို့

ထင်ပါတယ်"ဟုပြောလိုက်လေသည်။

အနက်ရောင်ဝတ်လူက ခဏမျှ
တိတ်ဆိတ်သွားပြီး "ဒါဆို ယန်ကလန် ရဲ့
သခင်ငယ်အားလုံးကို သတ်ပစ်မယ်"
ဟူ၍ ပြန်ဖြေပါသည်။

ယန်ရှန်းက ပြုံးပြီး "ငါတို့
သတိမလွတ်နိုင်ဘူး။
ငါ့အစ်ကိုအကြီးဆုံးက
သာမန်လူမဟုတ်ဘူး။ ငါ့ရဲ့
စတုတ္ထမြောက်အစ်ကိုက

ရှေးဟောင်းအမွေခံဖြစ်နေတယ်။ အိုး၊
မကြာသေးမီကမှ ပေါ်လာတဲ့
ဆယ်ယောက်မြောက်ညီငယ်
ယန်ယဲ့ကလည်း သာမန်မဟုတ်ပြန်ဘူး"

အနက်ရောင်ဝတ်လူက "ယန်ကလန်မှာ
ယန်လျန်ရှမ်း ကလွဲရင်
တခြားမျိုးဆက်သစ်တွေက
ဘာမှမဟုတ်ဘူး"ဟုသာ ပြောသည်။

ယန်ရှန်းက တဟားဟား ရယ်ပြီ "မင်းက ငါ့အစ်မအကြီးဆုံးနဲ့တူတယ်" သူက ခဏရပ်ပြီး "အဲဒီမတိုင်ခင် လူတစ်ယောက်ကို သတ်ပစ်ရမယ်" ဟု ထပ်လောင်းပြောသည်။

အနက်ရောင်ဝတ်လူက “ဘယ်သူလဲ” ဟု မေးသည်။

ယန်ရှန်းက ပြုံးပြီး “အချိန်ကျရင်

မင်းသိလိမ့်မယ်။ ဒါပေမဲ့ ငါတို့မှာ အခွင့်

အရေးတော့ မရှိနိုင်ဘူး" ဟုပြောပြီး

မြို့ထဲသို့ ဝင်လာသည်။

အနက်ရောင်ဝတ်ဂူဖန်း ကတော့

သူ့နောက်ကနေ လိုက်လာခဲ့သည်။

တစ်ယောက်ပြီးတစ်ယောက် မြို့ထဲ

ဝင်လာနေရင်း ၁၅

မိနစ်ခန့်အကြာတွင်တော့ မြို့တံခါးများ

ရုတ်တရက်ပိတ်သွားခဲ့သည်။

ဤသည်မှာ အခြားသော သခင်ငယ်များ

အားလုံး မြို့ထဲသို့ ရောက်နေကြပြီကို

ဆိုလိုပါသည်။

ထိုအချိန်တွင်

ငြိမ်သက်ခြင်းမြို့တော်အထက်

လေထုထဲမှ အသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာ၏။ အသံက

“သန်မာတဲ့သူတွေ

အသက်ရှင်မယ်၊အားနည်းတဲ့သူတွေက

သေမယ်။ နောက်သုံးရက်ကြာရင်

မြို့တံခါးတွေ ပြန်ဖွင့်ပါမယ်။

အသက်ရှင်ကျန်ရစ်တဲ့သူတွေကတော့

နောက်တစ်ဆင့်ကို

တက်နိုင်မှာပါ”ဟူ၍ပင်။

မျိုးနွယ်စုကြီး ၈ ခုအနက် ယန်မျိုးနွယ်၏
ဆက်ခံသူတိုက်ပွဲသည်
ရက်စက်အကြမ်းကြုတ်ဆုံးပင်။

ဖြစ်စဉ်က အဆိပ်ရှိသော အင်းဆက်များ
ကြီးထွားလာပုံနှင့် တူသည်။ အချင်းချင်း
သတ်ဖြတ်စေပြီး နောက်ဆုံးမှ
အသက်ရှင်ကျန်ရစ်သူများကိုသာ
ပြုစုပျိုးထောင်ပေးပါမည်။

ထိုနည်းလမ်းဟာ အလွန်တရာမှ

ရက်စက်လှသော်လည်း

အလွန်ထိရောက်မှုရှိခဲ့သည်။

အကြောင်းကတော့ ဆက်ခံသူတိုက်ပွဲကို

နောက်ဆုံးအနိုင်ရခဲ့သူဟာကဏ္ဍပေါင်းစုံ

မှာ ထူးချွန်သူဖြစ်နေလို့ပါ။

မျိုးနွယ်တစ်ခု ဆက်လက်တည်ရှိခြင်း

သို့မဟုတ် ကျဆင်းသွားခြင်းရှိမရှိ

ဆုံးဖြတ်ပေးသည့် အဓိကအချက်မှာ

၎င်း၏ခေါင်းဆောင်အပေါ်သာမူတည်

လေသည်။

ခေါင်းဆောင်သည် အသုံးမဝင်ပါက

ထိုမျိုးနွယ်စုဟာ ကျိန်းသေပေါက်

ကျဆင်းသွားမည်ဖြစ်သည်။

ယေဘုယျအားဖြင့်

ဆက်ခံသူကိုရွေးချယ်ရန်

ထိုကဲ့သို့သောနည်းလမ်းကိုအသုံးပြုသ

ည့်အခါ အကျိုးကျေးဇူးဟာ

ပေးဆပ်ရသော တန်ကြေးထက်

များစွာတန်ပါသည်။ အကြောင်းမှာ

ယန်ကလန်သည် ထိုနည်းလမ်းကို

မသုံးခဲ့လျှင်ပင် သခင်ငယ်များ

အချင်းချင်း

တိုက်ခိုက်နေကြဆဲဖြစ်လို့ပါ။ ထို့အပြင်

သခင်ငယ်များကြားမှ

လျှို့ဝှက်တိုက်ပွဲများသည်
ပိုမိုပြင်းထန်လာမည်မှာ သေချာပါသည်။

ထိုအခြေအနေကြောင့် ယန်ကလန်သည်
သခင်ငယ်များကို ပွင့်ပွင့်လင်းလင်း
တိုက်ခိုက်ခွင့်ပြုရန် လိုလားခဲ့သည်။
ထိုအခြေအနေကလည်း ယန်ကလန်၏
အဆင့်မြင့်အာဏာပိုင်များ
လက်အောက်မှာသာရှိခဲ့လေသည်။
မည်မျှပင် ရက်စက်ကြမ်းကြုတ်သည့်

တိုက်ပွဲဖြစ်ပါစေ အာဏာပိုင်များ၏
ထိန်းချုပ်မှုအောက်၌သာ ရှိနေပေသည်။

လှျို့ဝှက်ဆန်းကြယ်သောအသံက
ဆက်ခံသူတိုက်ပွဲ စတင်ပြီးဖြစ်ကြောင်း
ကြေငြာလိုက်သည့်အချိန်တွင်
တစ်မြို့လုံးရုတ်တရက်
တိတ်ဆိတ်သွားသည်။

မုန်တိုင်းမတိုက်မီ
လေပြည်လေညှင်းလာနေသလိုပါ။

သို့သော်လည်း တိတ်ဆိတ်ငြိမ်သက်မှုဟာ
သိပ်မကြာခင်မှာပဲ
ချိုးဖျက်ခံလိုက်ရတော့သည်။

အကြောင်းမှာ ယန်ကလန်၏
ပဉ္စမမြောက် သခင်ငယ် ယန်လင်း၊
တတိယသခင်ငယ် ယန်ယွန်၊

ဆင္ဂမမြောက်သခင်ငယ် ယန်မို တို့က

ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း

ကြေညာခဲ့လို့ပါ။

ဆက်ခံသူတိုက်ပွဲမှ နုတ်ထွက်ရန်

ရွေးချယ်နိုင်သည်။ သို့သော်လည်း

လဲလှယ်ရသော တန်ကြေးကတော့

အလွန်ကြီးမားပါသည်။အကယ်၍

ယန်ကလန်၏သခင်ငယ်တစ်ယောက်ဟာ

ပြိုင်ပွဲကနေ နုတ်ထွက်လိုလျှင်

ယန်ကလန်မှ

အပြီးတိုင်ထွက်သွားရပေမည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် အားလုံးက

နယ်နှင်ဒဏ် ခံရပေလိမ့်မည်။

တိုက်ပွဲတွင် ကြိုးစားပြီး

အသက်ရှင်နိုင်သော်လည်း အပြင်

ထွက်သွားရလျှင်တော့ အသက်ရှင်ဖို့

လုံးလုံးမသေချာပေ။

နောက်ဆုံးအနေနှင့်က ယန်ကလန်ဟာ

အသုံးမဝင်သော အမှိုက်များကို

ထိန်းသိမ်းထားလိုခြင်းမရှိလို့ပါ။

ထို့အပြင် အနာဂတ် အာဏာသိမ်းခြင်း၊

တစ်နည်း ပုန်ကန်ခြင်းမှ

ကာကွယ်ရန်အတွက်ပါ။

အတိုချုပ်ပြောရလျှင် နောက်မျိုးဆက်၏

ဆက်ခံသူကိုရွေးချယ်ပြီးသည်နှင့်

ယန်ကလန်ဟာ အရင်းအမြစ်အားလုံးကို ဆက်ခံသူထံ လွှဲပြောင်းပေးပါလိမ့်မည်။

ဆက်ခံသူတိုက်ပွဲကို စွန့်လွှတ်လိုက်ခြင်းသည် ထိုလူငယ်သခင်များက ယန်ကလန်၏ အရင်းအမြစ်များနှင့် ပံ့ပိုးကူညီမှုအား အပြီးတိုင်စွန့်လွှတ်လိုက်ရသလိုပင်။ အကြောင်းမှာ နယ်နှင်ဒဏ်ပေးလိုက်သည်နှင့်

အပြင်လောတွင်

တစ်ခုခုဖြစ်ခဲ့သည်ဆိုလျှင်တောင်

ယန်ကလန်က

ဂရုစိုက်နေမှာမဟုတ်လို့ပါ။

သို့သော်လည်း ယန်ကလန်၏ ဆက်ခံသူ

တစ်ခုခုဖြစ်ခဲ့လျှင်တော့။

ထိုအခြေအနေကတော့

မဖြစ်နိုင်သလောက်ပါ။

အကြောင်းကတော့ ယန်ကလန်က
ဆက်ခံသူကို ကာကွယ်ဖို့အတွက်
ပညာရှင်များကို အရိပ်ထဲမှ
စေလွှတ်ထားလို့ပါ။

မည်သို့ပင်ဖြစ်စေ နုတ်ထွက်သွားသော
သခင်ငယ်များကိုလည်း
အပြစ်မဆိုသာပေ။များသောအားဖြင့်
၎င်းတို့၏ စွမ်းရည်ကို

သိရှိထားကြသည်။ ထူးခြားသော

သဘာဝစွမ်းရည် မရှိဘဲ

ဆက်ခံသူတိုက်ပွဲကို ဝင်ရောက်လျှင်

ကိုယ့်သေတွင်းကိုတူးလိုပါ။

တစ်နည်းဆိုရသော်

နယ်နှင်ဒဏ်ခံရခြင်းသည်

သေခြင်းထက်တော့ ပိုကောင်းပါသည်။

May Be:

၂၀၁၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၁၄ -

ရက်စက်သောအကြံအစည်

သခင်ငယ် အများအပြား

နုတ်ထွက်သွားပြီးနောက်တွင်

ဆက်ခံသူတိုက်ပွဲကား

အကြီးဆုံးသခင်ငယ်ယန်ကျန်း၊

စတုတ္ထမြောက်သခင်ငယ် ယန်ရှူ၊

သတ္တမမြောက် သခင်ငယ် ယန်ရှင်း၊

အဋ္ဌမမြောက် သခင်ငယ်ယန်ထျန်း၊

နဝမမြောက် သခင်ငယ် ယန်ရှန်း၊

ဆယ်ယောက်မြောက်သခင်ငယ် ယန်ယွဲ့

တို့သာ ကျန်နေခဲ့သည် ။

ည၏ အမှောင်ရိပ်ကုလားကာ

တဖြည်းဖြည်း ဆင်းသက်လာခဲ့သည်။

တစ်ချိန်တည်းမှာပင်
ငြိမ်သက်ခြင်းမြို့တော်ဟာ ပို၍ပင်
တိတ်ဆိတ်နေပုံရသည်။

ဤအခိုက်အတန့်တွင် လူတစ်စုက လမ်း
မပေါ်ထွက်လာသည်။

ခေါက်ယပ်တောင် ကိုင်ဆောင်ထားသည့်
လူငယ်တစ်ဦးက ဦးဆောင်ခဲ့သည်။
ထိုလူငယ်က ယန်ရှူ၊ ယန်ယကလန်၏

စတုတ္ထမြောက်သခင်ငယ် ပါ။

လုကလန်၏ဆက်ခံသူ လုယွမ်ကျန်းက

ယန်ရှူ၏ လက်ဝဲဖက်၌ရှိနေသည်။

ယာဖက်ကတော့

ပိတ်ချောဝတ်ရုံအဘိုးအိုတစ်ယောက်

ရပ်နေခဲ့သည်။

သူတို့ ၃ ဦး၏ နောက်ကွယ်တွင်

အနက်ရောင်ဝတ်လူ ၁၇ ဦးတိတိ

ရှိခဲ့သည်။ ၎င်းတို့၏ အော်ရာများအပေါ်

အခြေခံ၍ အားလုံးဟာ
ထာဝရတန်ခိုးရှင်များ
ဖြစ်မှန်းသိသာပေသည်။

ယန်ရှုက ခေါက်ယပ်တောင်ကို
တဖျပ်ဖျပ်ခတ်လျက် ရှေ့သို့
ဖြည်းညှင်းစွာလျှောက်နေခဲ့သည်။ သူ
ဦးတည်နေသောနေရာက ယန်ယဲ့၏
အိမ်တော်ရှိရာကိုပါ။

လုယွမ်ကျန်း က ရုတ်တရက်မေးလိုက်သည် "ညီတော်ယန်ရှူ၊ ဒီကောင်ယန်ယဲ့ကို ဘာလို့ အရင်သတ်ဖို့လုပ်တာလဲ"

ယန်ရှူက ယန်ယဲ့၏အိမ်တော်ရှိရာကို အချိန်အတော်ကြာ စိုက်ကြည့်ကာ “ငါက သူ့ကို သတ်ချင်နေတာ မဟုတ်ဘူး။ တခြားသူတွေက သူ့ကို သေစေချင်တယ်”ဟုပြောလိုက်သည်။

လုယွမ်ကျန်း၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားသည်

"ဘာကိုဆိုလိုတာလဲ"

ယန်ရှူ က လစ်လျူရှုရင်း

“ဒီဆယ်ယောက်မြောက်ညီလေးရဲ့

အဆင့်အတန်း ကို မင်းက

သတိမပြုမိတာပါ။တကယ်ဆိုရင်

သူ့အဆင့်အတန်းက

သာမန်မဟုတ်ဘူး”ဟုထပ်ပြောပါသည်။

လုယွမ်ကျန်း က "ကျေးဇူးပြုပြီးပြောပါ"

ယန်ရှုက “သူ့အဖေဟာ

အနှစ်တစ်ထောင်အတွင်းမှာ ရှားမှရှားတဲ့

ဒဏ္ဍာရီလာ ပါရမီရှင်တစ်ယောက်ပါ။

လွန်ခဲ့တဲ့နှစ်တွေမှာ ငါတို့ယန်ကလန်

ဘယ်လောက်ထိအားနည်းခဲ့သလဲ။

ယင်ကလန်ထက်

အများကြီးနိမ့်ကျခဲ့တယ်။ နောက်ပိုင်းမှာ

သူ့အဖေရဲ့အရှိန်နဲ့ ယန်ကလန်က

ယင်ကလန်၊ ဂူကလန် တို့နဲ့

ပခုံးချင်းယှဉ်နိုင်ခဲ့တယ်။

ကံမကောင်းစွာပဲ၊ သူ့အဖေက

မမျှော်လင့်ထားတဲ့အရာတစ်ခု ကြုံခဲ့ရလို့

ကျင့်ကြံမှုအဆင့် ပျက်စီးပြီး

ဒုက္ခိတဖြစ်သွားတယ်"

လုယွမ်ကျန်း က "ဒါပြီးရင်

ဘာဖြစ်သွားတာလဲ"

ယန်ရှုက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး “သူက

ကျင့်ကြံမှုအဆင့် ပျက်စီးသွားတာတောင်

မျိုးနွယ်စုထဲမှာ

ဂုဏ်သတင်းကြီးမားတယ်။ ဒီတော့

အများစုက သူ့ကို မသေစေချင်တဲ့အပြင်

ဘယ်သူမှ

ဆန့်ကျင်ဖို့တောင်မလုပ်ကြဘူး။

ဒါပေမယ်လို့ နောက်ဆုံးမှာ

နယ်နှင်ဒဏ်အပေးခံရသေးတယ်။
ပြီးတော့ မျိုးနွယ်စုအတွက်
သူသိမ်းယူထားတဲ့ ကမ္ဘာတွေ၊
အရင်းအမြစ်တွေဟာ တခြားသူတွေရဲ့
လက်ထဲကို အကုန်ကျသွားတယ်"

သူက ခဏရပ်ပြီး "ဟုတ်ပါတယ်၊
ဒါအကုန်မဟုတ်ပါဘူး။ အဲဒီအချိန်က
သူ့အဖေ စုဆောင်းထားတဲ့
အင်အားစုတွေအပေါ် အခြေခံရင် သူ့ကို

နောက်မျိုးဆက်ဘိုးဘေးလို့တောင်

သတ်မှတ်ထားကြတာ။ အခု ဘိုးဘေးက

တခြားတစ်ယောက်ပါ… ငါဆိုလိုတာကို

နားလည်လား”

လုယွမ်ကျန်း က တစ်ခုခုကို

တွေးနေပုံရသည်။ သူ့မျက်ခုံးများ

အနည်းငယ်လှုပ်သွားပြီး "အဲဒီလူက

သူ့ကိုသတ်ချင်ရင် မင်းဘာမှလုပ်စရာ

မလိုတော့ဘူးမဟုတ်လား"

ယန်ရှူက ရယ်မောလိုက်ပြီး "ငါမဟုတ်ရင် ဘယ်သူလဲ။ သူကိုယ်တိုင်လုပ်လို့ရလား။ အစ်ကိုလု ၊ အားလုံးက စောင့်ကြည့်နေတယ်ဆိုတာ မင်းသဘောပေါက်ရမယ်"

တစ်ချိန်တည်းတွင် သူက ယန်ယွဲ့ရှိနေသည့်နေရာဆီသို့ စိုက်ကြည့်ကာ "တကယ်တော့

သူပြန်မလာရင် ပြဿနာရှိမှာမဟုတ်ဘူး၊
ဒါပေမဲ့ သူပြန်လာခဲ့တယ်"

လုယွမ်ကျန်း က မျက်မှောင်ကြုတ်ကာ
"မင်းဘာကိုဆိုလိုတာလဲ"ဟုမေးလိုက်သ
ည်။

ယန်ရှူက ရယ်မောရင်း
“သူရောက်လာတာက မျိုးနွယ်စုကို
တစ်ခုခုပြောလိုက်သလိုပဲ။ ဒါ့အပြင်

သူ့အဖေက အသက်ရှင်နေသေးတာလေ။

သူ့အဖေက

ဒေါသကြီးတဲ့လူမဟုတ်လို့လား။

ယန်ကလန်က သူ့ကို လွှန်ခဲ့တဲ့ နှစ်တွေမှာ

ထွက်သွားဖို့ တွန်းအားပေးခဲ့တယ်။

ဒီတော့ သူ့ရဲ့ ခွန်အားကို ပြန်ရတဲ့အခါ

ယန်ကလန်ကို ပြန်လာရင်

သူပထမဆုံးလုပ်မယ့်အရာက

ဘယ်လိုဖြစ်မယ်ထင်လဲ"

ဒီတစ်ခါတော့ လုယွမ်ကျန်းက

တိတ်ဆိတ်သွားသည်။

ယန်ရှူက ဆက်ပြောသည်

“လွန်ခဲ့တဲ့နှစ်တွေတုန်းက သူ့ကို

လူတော်တော်များများက ဖိနှိပ်ခဲ့တယ်။

ဒါ့အပြင် သူ့ရဲ့ အယုံကြည်ရဆုံး

လက်အောက်ငယ်သားတွေကိုပါ

ဖယ်ရှားလိုက်တယ်။ ဒါကြောင့်

သူ့အဖေရဲ့ စရိုက်ကိုအခြေခံပြီး

ပြန်ရောက်လာရင် သူ့အဖေ
ပထမဆုံးလုပ်မယ့်အရာက
ယန်ကလန်ကို သွေးနဲ့ဆေးလိုက်တာပဲ”

လုယွမ်ကျန်း က "ဒါဆို ယန်ယဲ့ ကို
ဘာလို့သတ်ဖို့လိုတာလဲ"

ယန်ရှူ၏ မျက်လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွားပြီး "ပေါင်းပင်တွေကို
အမြစ်ကနေ ဆွဲထုတ်သင့်တယ်။

ပြီးတော့

ငါတို့ဆယ်ယောက်မြောက်ညီလေးရဲ့

ပင်ကိုယ်စွမ်းရည်နဲ့ ခွန်အားက

မျိုးနွယ်စုရဲ့ အထက်အာဏာပိုင်တွေကို

ကြောက်ရွံ့စေတယ်”ဟုပြောလိုက်သည်။

လုယွမ်ကျန်းက

နောက်ထပ်မေးခွန်းတစ်ခုမေးလိုက်သည်

"ဒါဆို သူတို့က မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတွေစေလွှတ်ရုံပဲလေ။ ဘာလို့ သူ့ကိုသတ်ဖို့ အပိုဒုက္ခခံနေတာလဲ"

"သူတို့ မလုပ်ခဲ့ဘူးလို့ မင်းထင်လား"

ယန်ရှုက ပြောလိုက်သည်

“ကံမကောင်းစွာနဲ့ပဲ သူတို့ မအောင်မြင်ခဲ့ပါဘူး။ သူ့အဖေမှာ သစ္စာရှိတဲ့ လက်အောက်ငယ်သားတွေ အများကြီးကျန်နေခဲ့တယ်။ သူတို့က ကလန်ထဲမှာ အစွမ်းထက်ခွန်အားနဲ့

အာဏာပိုင်တွေပါဖြစ်နေတော့

အကြီးအကဲကောင်စီ၊

စည်းကမ်းထိန်းသိမ်းရေးခန်းမ

ဒါမှမဟုတ် ကလန်ရဲ့ဘိုးဘေးတောင်မှ

ပေါ်ပေါ်ထင်ထင်မလုပ်ရဲဘူး။ သူတို့က

အဲဒီလူတွေကို ဆန့်ကျင်ရင်

ယန်ကလန်ကကမောက်ကမ

ဖြစ်သွားနိုင်တယ်။ ဒါကြောင့်

သူတို့ကြားမှာ မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတွေ

ဝင်ပြီးစွက်ဖက်လို့မရဘူးဆိုတဲ့သဘော

တူညီချက်ရှိတယ်”

လုယွမ်ကျန်း က ခေါင်းညိတ်လိုက်သည်

“ငါနားလည်ပြီ။ ဒါပေမဲ့ အစ်ကို ယန်ရှူ၊

မင်း သူ့ကိုသတ်ရင် ငါကြောက်တယ်...”

ယန်ရှူက ရယ်မောပြီး "ငါ သူ့ကိုသတ်ရင်
သူ့ကိုယ်စား လက်စားချေဖို့
အများကြီးကြိုးစားမှာ မဟုတ်လား"

လုယွမ်ကျန်း က ခေါင်းညိတ်ပြီး "ဒါကို
မင်း စိတ်မပူဘူးလား"

ယန်ရှူက ယန်ယွဲ့၏ နေအိမ်ကို
အချိန်အတော်ကြာ စိုက်ကြည့်ကာ "ငါ့မှာ
ရွေးချယ်စရာ မရှိပါဘူး။

ငါတစ်ယောက်တည်းမဟုတ်ဘူး။

ငါ့အစ်ကိုအကြီးဆုံး၊ နဝမမြောက်ညီငယ်၊

ပဉ္စမမြောက်ညီငယ်နဲ့

သတ္တမမြောက်ညီငယ်လည်း

ရွေးချယ်စရာမရှိဘူး”ဟုပြောပါသည်။

လုယွမ်ကျန်းက ယန်ရှု ကို

အံ့အားသင့်စွာဖြင့် စိုက်ကြည့်ရင်း

“အားလုံး…”

ယန်ရှူက ခေါင်းညိတ်ပြပြီး ယန်ယဲ့၏

အိမ်တော်ကို ကြည့်ကာ "သူနဲ့ သူ့ရဲ့အဖေ

ယန်ဝုဒီ မသေရင် ယန်ကလန်က

တစ်စစီကွဲထွက်သွားနိုင်တယ်။

သူတို့သားအဖ နှစ်ယောက် သေမှပဲ

မျိုးနွယ်စုထဲကလူတချို့

ဆုပ်ကိုင်ထားတဲ့ အတွေးတွေကို

အဆုံးသတ်စေမှာ။ ဒါဆိုရင်

ယန်ကလန်က အတွင်းရေးတိုက်ပွဲတွေ

ဖြစ်လာနိုင်စရာအကြောင်းမရှိတော့ဘူး”
ဟု ဆက်ပြောသည်။

ထို့နောက် သူ ရုတ်တရက်
ရယ်မောလိုက်ပြီး "မင်းသိလား... ငါတို့ရဲ့
တာဝန်က အသက်ရှင်လျက်နဲ့
မြို့ထဲကနေ ထွက်သွားဖို့ မဟုတ်ဘူး။
သူ့ကို သတ်ဖို့ပဲ" သူ့ပါးစပ်ထောင့်တွင်
ရက်စက်သော အပြုံးတစ်ခု ပေါ်လာ၏
"ဒါမှမဟုတ် ကလန်တစ်ခုလုံးက

သူ့ကို သေစေချင်တယ်လို့
ပြောရမလားပဲ"

လုယွမ်ကျန်း က “သူ့အဖေ...”
တိုးတိုးလေးပြောသည် ။

ယန်ရှူက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး "သူ့အဖေက
သူ့ကိုယ်သူ မပြုရင် အကောင်းဆုံးပဲ။
သူလုပ်ရင် သေမှာပဲ။

ငါ့ယန်ကလန်တစ်ခုတည်းက ယန်ဝုဒီ

အသက်ရှင်နေတာကို

မမြင်ချင်တာမဟုတ်ဘူးလေ။

လွန်ခဲ့တဲ့နှစ်တွေမှာ ယန်ဝုဒီ က

နဂါးငွေ့တန်းကြယ်စင်စုရဲ့

အင်အားတွေအများကြီးနဲ့

ရန်ငြိုးတွေရှိခဲ့တယ်”

စကားပြောပြီးနောက် သူက ရှေ့သို့ ခြေတစ်လှမ်းတိုးကာ "ဒါဆိုရင် ငါက သူ့ခေါင်းကို အရင်ယူလိုက်မယ်"

စကားဆုံးသည်နှင့် ခေါက်ယပ်တောင်က အဖြူရောင်အလင်းတန်းအဖြစ်ပြောင်းလဲကာ သူ့လက်ထဲမှ ပျောက်ကွယ်သွားတော့သည်။

ဝှစ်...

အဖြူရောင်အလင်းတန်းက
လေထုကိုဖြတ်ကာ
ယန်ယဲ့၏အိမ်တော်ရှေ့သို့
ချက်ချင်းရောက်လာသည်။

ထိုအခိုက် အိမ်တော်ထဲမှ
အလင်းတန်းတစ်ခု
ရုတ်တရက်ထွက်လာသည်။

ခွမ်း…

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက်

ခေါက်ယပ်တောင်ဟာ

ယန်ရှူ၏လက်ထဲကို

ပြန်ရောက်လာခဲ့သည်။ ထိုအချိန်တွင်

အလင်းတန်းတစ်ခု လင်းလက်လာပြီး

ယန်ရှူ၏ ရှေ့သို့ ဆင်းသက်လာသည်။

အလင်းများ ပြန့်ကျဲသွားသည်နှင့်

ယန်ယဲ့၏ပုံရိပ်က

လူတိုင်းရှေ့မှာပေါ်လာသည်။

ယန်ရှူက ယန်ယဲ့ ကို

ခဏကြာစိုက်ကြည့်လိုက် ပြီး

"ဆယ်ယောက်မြောက်ညီလေး၊

မင်းကြည့်ရတာ ပိုသန်မာလာပုံပဲ။

ဂုဏ်ယူပါတယ်”ဟုပြောလိုက်သည်။

ယန်ယဲ့ က ယန်ရှု ကို

တစ်ချက်ကြည့်လိုက်ပြီး

ဘာမှမထူးခြားဘဲ ပြောလိုက်သည်

"မင်းငါ့ကိုဘာလို့ပစ်မှတ်ထားတာလဲဆို

တာ ငါမသိဘူး။ ဒါပေမဲ့

ငါစိုးရိမ်တာတော့ အရေးမကြီးဘူး။

တစ်ယောက်ယောက်က

ငါ့ကိုသတ်ချင်ရင် ငါသတ်ပစ်မယ်"

စကားပြောပြီးသည်နှင့် ယန်ယဲ့ဟာ
အလင်းတန်းသဖွယ်ပြောင်းကာ
နေရာမှာပင်
ဖျတ်ခနဲပျောက်သွားခဲ့သည်။

ယန်ရှူက သူ၏ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ ခေါက်ယပ်တောင်က
ပြန့်ကားလာပြီး
အဖြူရောင်အလင်းတန်းတစ်ခု
ထွက်ပေါ်လာသည်။

အုန်း

ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီးနောက်
အထက်အာကာသပြင်တစ်လျှောက်
ပြင်းထန်စွာ တုန်ခါနေခဲ့သည်။
အဖြူရောင်အလင်းတန်းဟာ
ယန်ယဲ့ရှေ့ကိုပင် မရောက်လိုက်ဘဲ
လေထဲမှာပင်ကွဲထွက်သွားသည်။

တစ်ဆက်တည်းအေးစိမ့်စိမ့်

ဓားအလင်းတန်းတစ်ခုပါတိုးဝင်လာသ

ည်။

ယန်ရှု၏မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူသည် ရှေ့သို့

ခြေတစ်လှမ်း လှမ်းလိုက်သည်။

ထို့နောက် လက်ညှိုးတစ်ချောင်း

ဆန့်ထုတ်ကာ ရှေ့ကို ပုတ်လိုက်သည်။

သူ၏လက်ညိုးတစ်ဝိုက်က အဖြူရောင် အလင်းတန်းများ ရစ်ပတ်နေသည်။

ထိုအချိန်တွင် ယန်ယဲ့၏ ဓားပိုင်းချက်က ရုတ်ချည်းဆိုသလို ယန်ရှူ၏လက်ညိုးနှင့်ရင်ဆိုင်တွေ့သွားသည်။

ဂျုန်း...

အနီးတစ်ဝိုက်ရှိ အာကာသပြင်သည်

ပြင်းထန်စွာ တုန်ခါသွားပြန်သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့ နှင့်

ယန်ရှူတို့နှစ်ယောက်လုံးလည်း

နောက်ပြန်ဆုတ်သွားခဲ့သည်။

သို့သော်လည်း ယန်ယွဲ့ သည်

ချက်ချင်းပင် သူ့ကိုယ်သူထိန်းကာ

ညာခြေကိုတစ်ချက်ဆောင့်၍

ရှေ့ခုန်ထွက်လာခဲ့သည်။

ထိုအချိန်တွင် ယန်ရှု၏မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူက နောက်ပြန်ဆုတ်သွားရင်း

ဘယ်လက်ဝါးကို

လှျပ်တစ်ပြက်ဆန့်ထုတ်ကာ ရှေ့သို့

ပုတ်လိုက်သည်။

အုန်း....

သူ၏လက်ဝါးမှ

ကြောက်မက်ဖွယ်ကောင်းသော

အဖြူရောင်အလင်းတန်းတစ်ခု

ဖြာထွက်လာသည်။ ထိုခဏလေးမှာပဲ

အဖြူရောင်အလင်းတန်းမြောက်များစွာ

ကွဲထွက်သွားကာ ယန်ယွဲ့အား

ဖုံးလွှမ်းသွားပါတော့သည်။

သို့သော်လည်း

အဖြူရောင်အလင်းတန်းများကြား

အလင်းတန်းတစ်ခု ထိုးထွက်လာသည်။

ထို့နောက်တွင် အလင်းတန်းက ယန်ရှူ

ထံတည့်တည့်ပြေးဝင်လာသည်။

May Be:

၂၀၁၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၁၅ - အကုန်ပြီးပြီ

ထိုအချိန်တွင် ယန်ယဲ့ သည် သူ့ဓားကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ

တရကြမ်းခုတ်ချလိုက်သည်။

ဘမ်း...

ခေါက်ယပ်တောင်က ချက်ချင်း

ကွဲထွက်သွားသည်။ တစ်ချိန်တည်းမှာပင်

ယန်ယဲ့သည် သူ့ဓားကို မြှောက်လိုက်ပြီး

နောက်တစ်ကြိမ် ထပ်ထိုးလိုက်သည်။

အုန်း…

ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီးနောက် ယန်ယဲ့နှင့် ယန်ရှု

နှစ်ယောက်လုံး အကြိမ်ကြိမ်

နောက်ပြန်ဆုတ်လိုက်ရသည်။

အသက်ရှူ ၃ ရှိုက်စာအတွင်းမှာပဲ

နှစ်ယောက်လုံး မီတာ ၃၀၀

လောက်အကွာထိ

အသီးသီးလွင့်ထွက်သွားကြသည်။

ယန်ရှူက နေရာတွင်ရပ်နေသည်။

သူ့ပါးစပ်ထောင့်မှ သွေးများ

စီးကျနေ၏။ သူ၏ ပါးစပ်ထောင့်က

စီးကျနေသော သွေးများကို

သုတ်လိုက်ပြီး ယန်ယဲ့ ကို စိုက်ကြည့်ရင်း

"မင်းရဲ့ ခွန်အားတွေ

တိုးတက်လာရုံတင်မကဘဘူး၊ မင်းရဲ့

ကြွခိုင်မှုလည်း တိုးလာတယ်။

ဘယ်လောက်တောင်

အံ့သြစရာကောင်းလိုက်လဲ"

ယန်ယဲ့ က

စကားပြောမနေတော့ပေ။ညာခြေကို

တစ်ချက်ဆောင့်ကာ

အလင်းတန်းအသွင်ပြောင်းပြီး

ယန်ရှုထံခုန်ဝင်လိုက်သည်။

ယန်ရှူက သူ့ညာလက်ကို

ရုတ်တရက်ဝှေ့ယမ်းလိုက်တယ်။

ထိုအခါ ပိတ်ချောဝတ်ရုံအဘိုးအို၊

လုယွမ်ကျန်း နှင့် သူ့နောက်မှ

အခြားသော ထာဝရတန်ခိုးရှင် ၁၇

ယောက်ဟာ ချက်ချင်းပင် ရှေ့တိုးလာပြီး

ယန်ယဲ့ ကို ဝိုင်းထားကြသည်။

အုန်း...အုန်း...

ပေါက်ကွဲသံ အများအပြား

ထွက်ပေါ်လာပြီး ပုံရိပ်တစ်ခုဟာ ၁၀

ကီလိုမီတာ နီးပါး အကွာထိ

လွင့်ထွက်လာ ခဲ့သည်။

ထိုပုံရိပ်က ယန်ယဲ့ ပါ။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့် ယန်ယဲ့

သည် ပိတ်ချောဝတ်ရုံအဘိုးအို ကို

စိုက်ကြည့်နေသည်။ အဘိုးအိုက

မူလနတ်ဘုရားတစ်ပိုင်းအဆင့်
ဖြစ်နေလို့ပါ။

ထိုအချိန်တွင် ယန်ရှူက အေးစက်စွာ
ရယ်မောလိုက်ပြီး "ဒီနေ့ မင်းကို
ငါတစ်ယောက်တည်း တိုက်ခိုက်မှာ
မဟုတ်ဘူး။ ယန်ယွဲ့၊
မင်းဘယ်လောက်ပဲထူးခြားနေပါစေ
ဒီနေ့သေရလိမ့်မယ်"ဟုပြောပါသည်။

စကားပြောနေစဉ် သူ၏ညာခြေကို

တစ်ချက်ပုတ်လိုက်သည်။ ထို့နောက်

သူ့ပုံရိပ်က

အဖြူရောင်အလင်းတန်းအဖြစ်ပြောင်း

ကာ ယန်ယွဲ့ဆီသို့ ခုန်ဝင်လိုက်သည်။

တစ်ချိန်တည်းမှာပဲ လုယွမ်ကျန်း နှင့်

အခြားသော

ထာဝရတန်ခိုးရှင်များအားလုံးလည်း

နောက်ကနေ ပြေးလိုက်လာကြသည်။

ယန်ယဲ့၏ ပါးစပ်ထောင့်မှ ကြီးမားသော အပြုံးတစ်ခု ပေါ်လာလျက် "ငါ့ကို အုပ်စုဖွဲ့တိုက်ခိုက်နေတာလား။ ငါ မင်းတို့ကို ကြောက်မယ်များထင်နေသလား"

ထိုစကားပြောပြီးနောက် သူ့ညာလက်ကို လှန်လိုက်သည်နှင့် သူ့ရှေ့တွင် ပိတ်စအစုတ်တစ်ခုပေါ်လာသည်။

ထိုပိတ်စ အစုတ်အပြဲကာ

တုန်ခါလာပြီးနောက် နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်ရှိ

မြင်ကွင်းသည်

အဆုံးမဲ့ကြယ်တာယာကောင်းကင်ပြင်

ကြီးအဖြစ် ပြောင်းလဲသွားသည်။

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ ။

၎င်းသည် အဆင့်သတ်မှတ်ချက်ထက်

ကျော်လွန်သည့် ရတနာတစ်ခုပါ။

သို့သော်လည်း အသုံးပြုသူ၏

ဓားစိတ်ဆန္ဒအပေါ်မှာသာ

အဓိကမူတည်ပါသည်။

အထူးသဖြင့် ဓားစိတ်ဆန္ဒ ပင်။

ဓားစွမ်းအင်သည်

မည်သည့်အမျိုးအစားဖြစ်စေ

အားလုံးက ဓားစိတ်ဆန္ဒ အပေါ်သော မူတည်ခဲ့သည်။ ထူးခြားသော ဓားကျင့်ကြံသူများအတွက်တော့ ခြွင်းချက်ဖြစ်သည်။

ပတ်ဝန်းကျင်သည် ကြယ်တာယာကောင်းကင်ပြင်ကြီးအဖြစ် ပြောင်းလဲသွားသည်နှင့် ယန်ယွဲ့သည် နတ်ဓား ကို လေထဲသို့ ပစ်လွှတ်လိုက်သည်။ ထိုခဏလေးမှာပဲ

ကြယ်တာယာကောင်းကင်ပြင်မှ

မရေမတွက်နိုင်သော

ကြယ်ဓားစွမ်းအင်များ

ဆင်းသက်လာသည်။ ထိုအချိန်တွင်

တစ်မြို့လုံးဟာ ကြယ်ရောင်ဖြင့်

လင်းထိန်နေပုံရသည်။

သိပ်မကြာခင်မှာပဲ ကြယ်ဓားစွမ်းအင်ဟာ

အလယ်ဗဟိုသို့စုပုံလာတော့သည်။

အဆုံးတွင် ၎င်းသည်

အထပ်ထပ်ပေါင်းစပ်ကာ ရာချီသော ကြယ်စားစွမ်းအင်အဖြစ်ကျုံ့သွားခဲ့သည် ။ ထို့နောက်တွင်တော့ ကြယ်စားစွမ်းအင် ၁၀၀ ခန့်ဟာ ယန်ရှူ၏အဖွဲ့ထံ နတ်မိုးကြိုးတန်းများအလား ဆင်းသက်လာပါသည်။

ယန်ရှူနှင့်အဖွဲ့သားအားလုံးဟာ ကြယ်စားစွမ်းအင်များ ကျဆင်းလာသည်ကို

တွေ့လိုက်သောအခါတွင် အမူအရာများ
ပြောင်းလဲသွားကြတော့သည်။

အကြောင်းကတော့ ဓားစွမ်းအင်ဟာ
တစ်ခုနှင့်တစ်ခု ထပ်နေသည့်အပြင်
၎င်းမှ ထွက်ပေါ်နေသော
အဖျက်စွမ်းအားဟာ
အလွန်ကြောက်စရာကောင်းမှန်း
ခံစားမိလို့ပါ။အရေးအကြီးဆုံးမှာ

မတူညီသော စိတ်ဆန္ဒ နှစ်မျိုးဖြင့်ပါ
ထပ်မံပေါင်းစပ်ထားခြင်းပင်။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

ထာဝရအဆင့် ဓားစိတ်ဆန္ဒ ။

လက်ရှိအချိန်တွင် ယန်ယဲ့ သည်
ထာဝရအဆင့် ဓားစိတ်ဆန္ဒ ကို
နားလည်ထားပါပြီ။ မူလစေတီထဲ၌

လေ့ကျင့်ခဲ့သော နည်းလမ်းကြောင့်ပါ။

နတ်ယင်မီးတောက်၏ ဖိနှိပ်မှုအောက်၌

သူ၏ဓားစိတ်ဆန္ဒဟာ ပြန်လာအဆင့်မှ

ထာဝရအဆင့် သို့ရောက်ရှိခဲ့သည်။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

နှင့် ဓားစိတ်ဆန္ဒ ဖြင့်ပေါင်းစပ်ထားသည့်

ကြယ်ဓားစွမ်းအင် ။

မည်မျှကြောက်စရာနည်း။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဖြင့်

ဓားစွမ်းအင်ကို ပေါင်းစပ်နိုင်၏။

သို့သော်လည်း စွမ်းအား ကတော့

ဓားစိတ်ဆန္ဒ ထက် နိမ့်ကျပေသည်။

ခြွင်းချက်အနေနှင့် သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့် ဓားစိတ်ဆန္ဒ

က သာမန်မဟုတ်တော့ပေ။

အလျှော့မပေးလိုသောဆန္ဒပါ

ပေါင်းစပ်နေခဲ့သည်။ ၎င်းသည်

ကြယ်အလင်းဓားစွမ်းအင် ၁၀၀
၏စွမ်းအားကို
အကန့်အသတ်ထိရောက်သွားစေခဲ့သည်။

လက်ရှိယန်ယဲ့ ဟာ
ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ
ဖြစ်နေလေရာ
ကြယ်တာယာစွမ်းအင်ဓားနယ်မြေ ကို
ထိန်းချုပ်ဖို့က
ယခင်လောက်မခက်ခဲတော့ပေ။

ထို့အပြင် ကြယ်ဓားစွမ်းအင်သည် ပြန်လည်မွေးဖွားခြင်း၏ဓား ထက် ပိုကြောက်စရာကောင်းသည်။

ယန်ယဲ့ သည် ကြယ်ဓားစွမ်းအင်ကို ထိန်းချုပ်လျက် ယန်ရှူနှင့်အဖွဲ့ ပေါ်သို့ ပစ်ချလိုက်သည်။

ကြယ်အလင်းဓားစွမ်းအင် ၁၀၀ သည်
အာကာသပြင်အနှံ့ကို
ဖြတ်ကျော်သွားသည်။

အား...အား..အား...အား...

အကူအညီမဲ့သော
အော်ဟစ်ငြီးငြူသံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း ပါ။

ရက်စက်ကြမ်းကြုတ်သော
သတ်ဖြတ်ခြင်းတစ်ခုပင်။

ထာဝရတန်ခိုးရှင်များဟာ
ကြယ်အလင်းဓားစွမ်းအင်ကို
လုံးလုံးလျားလျားမခုခံနိုင်ခဲ့ကြပေ။
အသက်ရှူ ၃ ရှိုက်စာအတွင်းမှာပဲ

ထာဝရတန်ခိုးရှင် အများစု

အသတ်ခံလိုက်ရ၏။

"ငါတို့ပတ်ဝန်းကျင်က

ကြယ်တာယာကောင်းကင်ကို

ဖျက်ဆီးပစ်ပါ" ထိုအချိန်တွင်

ယန်ရှု၏အသံက

ရုတ်တရက်ပဲ့တင်ထပ်လာသည်။

ထို့နောက်တွင် အဖြူရောင်

အလင်းတန်းတစ်ခုက ကောင်းကင်ထက်ကို ထိုးတက်သွားသည်။

ဂျိန်း...

ကြယ်တာယာကောင်းကင်ပြင် သည်ပြင်းထန်စွာ တုန်ခါသွားပြီးနောက် ပတ်ဝန်းကျင်ရှိ အာကာသပြင်က တဖြည်းဖြည်းပြောင်းလဲလာပုံရသည်။

ယန်ရှုနှင့်အဖွဲ့သည် ထိုမြင်ကွင်းကြောင့်

ဝမ်းသာအားရဖြစ်ကာ

ထပ်မံတိုက်ခိုက်ရန် ပြင်ကြသည်။

သို့သော်လည်း ယန်ယဲ့ သည်

နေရာတွင်ပင်

ရုတ်တရက်ပျောက်သွားခဲ့သည်။

ထိုခဏလေးမှာပဲ ယန်ရှု၏အဖွဲ့ကြားထဲ

ပြန်ပေါ်လာသည်။

ထို့နောက်တွင်မရေမတွက်နိုင်သော

ဓားစွမ်းအင်များဖြာထွက်လာပြီး
လူတိုင်းထံ ပြေးဝင်လာခဲ့သည်။

ဆူး… ဆူး…

ထာဝရတန်ခိုးရှင် ၂ ပါး၏
ခေါင်းပြတ်များ လေထဲသို့
ပျံတက်သွားသည်။ တစ်ချိန်တည်းမှာပင်
ပြင်းထန်သော သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
နှင့် ဓားစိတ်ဆန္ဒ ဟာ လူတိုင်းအား ၁

ကီလိုမီတာ အကွာသို့

လွင့်ပျံသွားစေသည်။

ယန်ယဲ့၏ လျှပ်တစ်ပြက်တိုက်ခိုက်မှုဟာ

ယန်ရှူ၏အဖွဲ့ကို

ရုတ်ရုတ်သဲသဲဖြစ်သွားစေခဲ့သည်။

ထိုအချိန်တွင်

ကြယ်အလင်းဓားစွမ်းအင်များ

ထပ်မံကျဆင်းလာပြီး

ထာဝရတန်ခိုးရှင်အနည်းငယ်

အသတ်ခံလိုက်ရပြန်သည်။

"ယန်ယဲ....." ယန်ရှုက

ဒေါသတကြီးအော်ဟစ်ကာ

သူ့လူများအား လိုက်လံသတ်

ဖြတ်နေသော ယန်ယဲ့ ထံ

ပြေးဝင်လာသည်။

သို့သော်လည်း ယန်ယဲ့ သည်

နေရာတွင်ပင်ရုတ်တရက်ပျောက်သွားသ

ည်။ ထိုခဏလေးမှာပဲ သူက အခြား

ထာဝရတန်ခိုးရှင်၏

နောက်၌ရောက်နေခဲ့သည်။

ဆုံး...

သွေးများစီးကျလာကာ

ခေါင်းပြတ်တစ်လုံးက လေထဲသို့

ပျံတက်သွားသည်။

ထိုခေါင်းပြတ်

လေထဲသို့ပျံတက်သွားသည့်အခိုက်

ယန်ယဲ့ သည်

တစ်ဖန်ပျောက်ကွယ်သွားပြီး နောက်ထပ်

ထာဝရတန်ခိုးရှင်၏

နောက်မှပေါ်လာပြန်သည်။

ဆူး....

ထိုလူ၏ ခေါင်းက
လေထဲသို့ပျံတက်သွားပြန်သည်။

ဤအခိုက်အတန့်တွင် ကျန်ရှိသော
ထာဝရတန်ခိုးရှင်များ၊ လုယွမ်ကျန်း နှင့်
ပိတ်ချောဝတ်ရုံအဘိုးအို ဟာ
အနည်းငယ်စိုးရိမ်လာကြသည်။

ဤအခိုက်အတန့်တွင် သူတို့သည်
ယန်ယဲ့၏ခွန်အားကို
လျှော့တွက်မိသွားကြောင်း
သတိပြုမိလိုက်သည်။.

ယန်ယဲ့၏လက်ရှိခွန်အားက
ထိုနေ့ကနှင့်လားလားမျှပင်မဆိုင်တော့
ပေ။ လက်ရှိအဖြစ်အပျက်က ယန်ယဲ့ဟာ
အတော်လေးသန်မာလာမှန်း

သိသာနေသည်။ သူတို့အပေါ်

ကျဆင်းလာသည့်

ကြယ်အလင်းဓာတ်စွမ်းအင်နှင့် တွဲလျက်

လက်ရှိသူတို့အဖွဲ့ဟာ ယန်ယဲ့ အတွက်

လုံးဝခြိမ်းခြောက်မှုမဟုတ်ပေ။

ထို့အပြင် ယန်ယဲ့၏

အမျောင်တာအိုဥပဒေသဟာ

သူတို့အတွက် အိပ်မက်ဆိုးတစ်ခု

ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် အလင်းတန်းတစ်ခု
လင်းလာပြီး ခေါင်းတစ်လုံး
ပြတ်ထွက်သွားပြန်သည်။

"သူ့ကို လစ်လျူရှုပြီး ဒီနေရာကို
ဖျက်ဆီးလိုက်ပါ" ထိုအချိန်တွင်
ယန်ရှု၏အသံက
နောက်တစ်ခါ ထပ်ထွက်လာသည်။
သူ့ထံမှ

မရေမတွက်နိုင်သော အလင်းတန်းများ ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ပိတ်ချောဝတ်ရုံအဘိုးအို နှင့် လူယွမ်ကျန်း ကလည်း အလျင်အမြန် တိုက်ခိုက်ခဲ့သည်။

သုံးယောက်ပေါင်း တိုက်ခိုက်မှုဟာ သူတို့အပေါ် လွှမ်းခြုံထားသည့် ကြယ်တာယာကောင်းကင်ပြင်ကို တဝုန်းဝုန်းတုန်ခါသွားစေသည်။

အသက်၂၂ ၁၀

ရှိုက်စာခန့်အကြာတွင်တော့
ပေါက်ကွဲသံတစ်ချက်ထွက်ပေါ်လာပြီး
ကွဲထွက်သွားသည်။

ထိုခဏလေးမှာပင်
ကြယ်အလင်းစားစွမ်းအင်များ
ပျောက်ကွယ်သွားပြီး ပတ်ဝန်းကျင်သည်
ပုံမှန်အတိုင်း ပြန်ရောက်ရှိသွားခဲ့သည်။

သို့သော်လည်း အလောင်း ၁၇ လောင်းက

မြေပြင်ပေါ်တွင် လဲလျောင်းနေခဲ့၏။

အများစုမှာ ခေါင်းမရှိပေ။

ယန်ရှူ၊ လုယွမ်ကျန်း နှင့်

ပိတ်ချောဝတ်ရုံအဘိုးအို

တို့သုံးယောက်သာ

အသက်ရှင်ကျန်နေခဲ့သည်။

သို့သော်လည်း သူတို့၏ခန္ဓာကိုယ်အနှံ့

ဒဏ်ရာဒဏ်ချက်အပြည့်ဖုံးလွှမ်းထားသ

ည်။ အဆိုးဆုံးကတော့ လုယွမ်ကျန်း ပင်။

လုယွမ်ကျန်း သည်

နားတစ်ဖက်မရှိတော့ပေ။

နားရွက်တစ်ဖက်

ပြတ်တောက်နေခဲ့သည်။

ဤအခိုက်အတန့်တွင် သူတို့

သုံးဦးစလုံး၏ မျက်နှာပေါ်တွင်

အလွန်ဆိုးရွားသော အမူအရာများ

ရှိနေကြသည်။ အထူးသဖြင့်ယန်ရှူ။

အဆိုပါ ထာဝရတန်ခိုးရှင်များဟာ

သူကိုယ်တိုင် နှစ်ပေါင်းများစွာထိ

ပြုစုပျိုးထောင်ပေးထားသူများပင်။

လက်ရှိတွင် အားလုံး

တစ်ယောက်ပင်မကျန်အသတ်ခံလိုက်ရ

လေပြီ။

အားလုံးသေသွားကြပြီ။

ယန်ရှု၏ မျက်နှာက ပိုလို့တောင်

ဆိုးလာခဲ့သည်။

ယန်ယဲ့ သည် သူ၏ဓားကို မြေပြင်သို့

ထိုးစိုက်ထားလိုက်ပြီးနောက်

ယန်ရှုတို့သုံးယောက်ကို စိုက်ကြည့်ကာ

"ပျော်စရာကောင်းသလား"ဟုလှောင်

ပြောင်လိုက်သည်။

အမှန်တော့ သူသည် ယန်ရှု၊
ပိတ်ချောဝတ်ရုံအဘိုးအို နှင့်
လုယွမ်ကျန်း ကိုပါ
တစ်ခါတည်းသတ်ပစ်ချင်ခဲ့သည်။
သို့သော်လည်း သူ၏ခွန်အားက
သုံးယောက်စလုံးကို
တစ်ချက်တည်းဖြင့်မသတ်နိုင်ပေ။
ထို့အပြင် တစ်ဖက်ရန်သူကို
အတူတူပူးပေါင်းသွားစေနိုင်၏။

ထာဝရတန်ခိုးရှင် ၂ ပါး နှင့်
မူလနတ်ဘုရားတစ်ပိုင်းအဆင့်
သုံးယောက်ပေါင်းထားလျှင် သတ်ဖို့က
အတော်လေးခဲယဉ်းပါလိမ့်မည်။

ထို့ကြောင့် သူက
သတ်ရလွယ်သူများကိုသာ
အရင်ဆုံးပစ်မှတ်ထားလိုက်ခြင်းပင်။

ယန်ရှူက "ယန်ယွဲ၊ မင်း..."

"မင်းရဲ့ သောက်ပါးစပ်ပိတ်ထားစမ်း။

တိုက်တိုက်ချင်ရင်

အပိုစကားတွေပြောမနေနဲ့"

စကားပြောပြီးသည်နှင့် ယန်ယဲ့က

အလင်းတန်းသဖွယ်ပြောင်းလဲကာ

နေရာမှာပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ပြန်လည်မွေးဖွားခြင်း၏ဓား။

ထာဝရအဆင့် စိတ်ဆန္ဒ နှစ်ခုဖြင့်

ပေါင်းစပ်ထားသော

ပြန်လည်မွေးဖွားခြင်း၏စား ။

အထူးသဖြင့်

အလျှော့မပေးလိုသောဆန္ဒကိုသယ်ဆော

င်လာသော စားချက်ဟာ

အလွန်ပင်ကြောက်စရာကောင်းလှ၏။

အလင်းတန်း ဖြတ်သွားတိုင်း

အာကာသပြင်သည် ချက်ချင်း

ပွင့်သွားသည် ။

ထိုမြင်ကွင်းကိုမြင်သောအခါ

လူယွမ်ကျန်း၏ အမူအရာသည်

ချက်ချင်းပင် ပြောင်းလဲသွားသည်။

ဆက်ခံသူတိုက်ပွဲစတင်သည်နှင့်တပြိုင်န

က် ယန်ကလန်၏ အာဏာပိုင်များ

ပူးပေါင်းကာ

ငြိမ်သက်ခြင်းမြို့တော်အထက်

အာကာသပြင်ကို

အထပ်ထပ်ပြုပြင်ထားခဲ့သည်။

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူများပင်လျှင် ဤနေရာကို

ချိုးဖျက်ဖို့မဖြစ်နိုင်သလောက်ဟု

ဆိုနိုင်ပါသည်။ သို့သော်လည်း

လက်ရှိတွင် ယန်ယွဲ့ သည်

ချိုးဖျက်ခဲ့ရုံမကဘဲ
အာကာသပြင်တောက်လျှောက်ပါ
ပွင့်ထွက်သွားစေခဲ့သည်။

ယန်ယဲ့၏ တိုက်ခိုက်မှုဟာ
ဘယ်လောက်အထိ
ကြောက်စရာကောင်းသလဲကို
သိနိုင်ပါသည်။

ယန်ရှူ၏ အမူအရာလည်း

ပြောင်းလဲသွားသည်။ သူ့လက်ကို

ဝှေ့ယမ်းလိုက်သည်နှင့် သူ့ထံမှ

မရေမတွက်နိုင်သော အဖြူရောင်

အလင်းတန်းများ ချက်ချင်း

ထွက်ပေါ်လာသည်။ သိပ်မကြာလိုက်ဘဲ

အဖြူရောင်အလင်းတန်းများဟာ

အထပ်ထပ်ပေါင်းသွားငါ ယန်ရှူ၏

နောက်ကွယ်မှ

ရောမအဖြူရောင်စက်ဝန်းလုံးကြီးဖြစ်

ပေါ်လာတော့သည်။

ထိုအချိန်တွင်

တလက်လက်တောက်ပနေသော

အလင်းတန်းက

ယန်ရှု၏ရှေ့ကိုရောက်လာခဲ့သည်။

အုန်း....

May Be:

၂၀၁၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၁၆ -

ယန်ကလန်၏အကြံအစည်

ထိုခဏလေးမှာပဲ

အထက်အာကာသပြင်ဟာ ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

အလင်းစက်လုံးကြီးလည်း တဟုန်ထိုး

ပေါက်ကွဲထွက်လာသည်။

တိုက်မိသည့်နေရာမှ

ကြောက်မက်ဖွယ်သော

စွမ်းအင်လှိုင်းများ ဖြာထွက်လာသည်။

တစ်ချိန်တည်းမှာပင် ယန်ရှူ၏ပုံရိပ်က ၃

ကီလိုမီတာအကွာသို့ လွင့်ပျံသွားသည်။

ထိုအချိန်တွင် အလင်းတန်းတစ်ခုက
စွမ်းအင်လှိုင်းများကို ဖြတ်လျက်
ယန်ရှုရှေ့သို့ ချက်ချင်းရောက်လာသည်။

သို့သော်လည်း စွမ်းအင်လက်ဝါးတစ်
ဖက်က ယန်ယဲ့၏ ဘယ်ဖက်ကနေ
ရိုက်ချလာသည်။
ယန်ယဲ့၏မျက်လုံးများက အနည်းငယ်
ကျဉ်းသွားလေသည်။ ထိုခဏလေးမှာပဲ

သူ၏ဓားပိုင်းချက်ကို လမ်းလွှဲကာ

ဘယ်ဖက်သို့ ဦးတည်လိုက်လေသည်။

ခွမ်း....

စွမ်းအင်လက်ဝါးက

အပိုင်းပိုင်းကွဲထွက်သွား၏။

ထိုအချိန်တွင် ယန်ရှူက

ပိတ်ချောဝတ်ရုံအဘိုးအို၏

နောက်ကွယ်၌ရပ်နေခဲ့သည်။

ထို့အပြင် သူတို့သုံးယောက်၏
မျက်နှာပေါ်၌ သတိအပြည့်ထားနေသည့်
အမူအရာများ ရှိနေကြသည်။

ယန်ယဲ့၏ ခွန်အားက
သူတို့မျှော်လင့်ထားသည်ထက်ကို
လုံးဝကျော်လွန်သွားလို့ပါ။

ယန်ရှုက ယန်ယဲ့ ကို စိုက်ကြည့်ရင်း "မင်း ဘယ်လိုလုပ် ဒီလောက်တောင် သန်မာလာတာလဲ။ မင်း...”

"ပါးစပ်ပိတ်ထားစမ်း"

စကားပြောပြီးသည်နှင့် ယန်ယဲ့ သည် နေရာတွင် ပျောက်သွား၏။ ထိုခဏလေးမှာပဲ ယန်ရှု၏ နောက်ကွယ်မှ ပြန်ပေါ်လာသည်။

ယန်ယဲ့ကို သတိပြုမိသည်နှင့်
ယန်ရှု၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားပါတယ်။ သူတိုက်ခိုက်ရန်
ပြင်လိုက်သော်လည်း ယန်ယဲ့ သည်
ရုတ်တရက်ဆိုသလိုပင်
ဖျတ်ခနဲပျောက်သွားခဲ့လေသည်။

ယန်ယဲ့၏ပုံရိပ် ပျောက်သွားသည့်အခိုက်
ပိတ်ချောဝတ်ရုံအဘိုးအို၏ အမူအရာက

ပြောင်းလဲသွားသည်။ အကြောင်းမှာ

ယန်ယဲ့ က သူ့နောက်တွင် ရှိနေလို့ပါ။

ဝုန်း…

ပိတ်ချောဝတ်ရုံအဘိုးအိုက

ထိတ်လန့်သွားသော်လည်း

သတိမလွတ်ပေ။ သူ့ထံမှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက် ထွက်ပေါ်လာသည်။

သို့သော် သူ၏အရှိန်အဝါက ယန်ယဲ့၏

အလျှော့မပေးလိုသောဆန္ဒကို

ချေဖျက်နိုင်လိုက်ခြင်းမရှိပေ။

ထိုခဏလေးမှာပဲ

မတူညီသော စိတ်ဆန္ဒနှစ်ခုဖြင့်

ပေါင်းစပ်ထားသော ဓားအလင်းတန်းက

အဘိုးအို၏လည်ပင်းကို ချက်ချင်း

လှီးဖြတ်လိုက်တော့သည်။

ဆူး…

ပိတ်ချောဝတ်ရုံအဘိုးအိုဟာ

တုံ့ပြန်ချိန်ပင်မရလိုက်ဘဲ လည်ပင်းမှ

သွေးများပန်းထွက်လာသည်။

သူ၏ခေါင်းက လေထဲသို့

ပျံတက်သွားသည်။

အဘိုးအိုကိုသတ်ပြီးသည်နှင့်

ယန်ယဲ့၏ပုံရိပ်က နေရာတွင်ပင်

ပျောက်သွားပြန်သည်။

"သတိထားပါ" ယန်ရှု၏

ထိတ်လန့်တုန်လှုပ်နေသော

အော်ဟစ်သံက ရုတ်တရက်

ထွက်ပေါ်လာသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့

ပျောက်သွားသည့်အခိုက်

လုယွမ်ကျန်း၏အမူအရာက

ချက်ချင်းပြောင်းလဲသွားသည်။ သူက

ချက်ချင်းပင် ထွက်ပြေးဖို့ပြင်လိုက်၏။

သို့သော်လည်း

ကြောက်မက်ဖွယ်ရာစွမ်းအားလှိုင်းနှစ်ခု

က သူ့အပေါ်ဖိချလာရာ လုယွမ်ကျန်းဟာ

နေရာတွင်

ခဏာမျှတောင့်တင်းသွားသည်။

ဆူး...

ထိုခဏလေးမှာပဲ လုယွမ်ကျန်း၏

ခေါင်းက လေထဲသို့ ပျံတက်သွားသည်။

ထာဝရတန်ခိုးရှင် တစ်ပါးက

တုံ့ပြန်နိုင်စွမ်းမရှိဘဲ ချက်ချင်းပင်

အသတ်ခံလိုက်ရ၏။

ယန်ယဲ့ သည်

အလျှော့မပေးလိုသောဆန္ဒပါ ကို

နားလည်ပြီးနောက်

သူ၏ဓားစိတ်ဆန္ဒဟာ

အလွန်ပင်ကြောက်စရာကောင်းလာခဲ့သ

ည်။ အထူးသဖြင့် အလျှော့မပေးလိုသော

ဆန္ဒပင်။ ၎င်းသည် သူ၏

ရုပ်ခန္ဓာခွန်အားကို

တိုးတက်စေသည့်အပြင် ဓားစိတ်ဆန္ဒ နှင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကိုပါ

မြှင့်တင်ပေးခဲ့သည်။

လက်ရှိတွင် သူ့ခွန်အားက

မူလနတ်ဘုရားတစ်ပိုင်းအဆင့်

ကိုအသာထား၊ မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူကိုပင် တိုက်ခိုက်နိုင်သည်ဟု

ဆိုနိုင်သည်။ မှန်သည်၊ သူတို့ကြား၌ ကွာဟချက်တော့ ရှိနေသေး၏။

သို့သော်လည်း ယခင်လိုတော့ တစ်ဖက်သက်ဖိနှိပ်ခံရတော့မည်မဟုတ်ပါ။

ယန်ယဲ့ သည် လုယွမ်ကျန်းအား သတ်လိုက်သည်နှင့် ယန်ရှူက အဝေးဆီသို့ ထွက်ပြေးသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ့ထံမှ
အဖြူရောင်အလင်းတန်းများစွာ
ထွက်ပေါ်လာပြီး သူ့နောက်တွင်
ထပ်နေပါသည်။

ဤအချိန်မှာ သူသည် လုံးဝကို
ကြောက်လန့်နေခဲ့သည်။

ယန်ယဲ့ သည် ယန်ရှု၏ရှေ့မှာ
ရုတ်တရက်ပေါ်လာသည်။ သူသည်

ယန်ရှူကို စိုက်ကြည့်ရင်း "အခု ငါတို့ တစ်ယောက်ချင်းတိုက်ခိုက်လို့ရပြီ"ဟု ပြောလိုက်သည်။

ယန်ရှူက ယန်ယဲ့ ကို အချိန်အကြာကြီး စိုက်ကြည့်ပြီး ပြုံးပြလိုက်သည် "ယန်ယဲ့၊ ငါက  မင်းကို မသတ်နိုင်ပေမယ့် တစ်ယောက်ယောက် လာလိမ့်မယ်။ မင်း ဆက်ပြီးတောင့်ခံထားနိုင်မလား ငါကြည့်မယ်"

စကားပြောနေရင်းဖြင့်

သူ၏ညာဖက်လက်ဝါးကို ဖြန့်လိုက်ပြီး

အဆောင်တစ်ထုတ်ယူလိုက်သည်။

ထို့နောက် အဆောင်ကို လေထဲသို့

ပစ်လွှတ်လိုက်သည်။ ထိုခဏလေးမှာပဲ

အလင်းတန်းတစ်ခုက ယန်ရှူ

ကိုဖုံးလွှမ်းသွားပြီး နေရာမှာပဲ

ပျောက်သွားသည်။

သူက ပြိုင်ပွဲကို စွန့်လွှတ်လိုက်ပြီလား။

ယန်ရှု ထွက်သွားတာလား။

ယန်ယဲ့ သည် ခဏကြာအောင် ငြိမ်သက်သွားသည်။ သူသည် ယန်ရှုမ် ထံမှ အကြောင်းအရာအားလုံးကို ကြားသိထား၏။
ဆက်ခံသူတိုက်ပွဲစပြီးသည်နှင့် ထိုလူဟာ ဆက်ပြီးမတိုက်ခိုက်နိုင်လျှင် ထွက်ခွာဖို့

ရွေးချယ်နိုင်သည်။ ထိုအဆောင်က

ပြိုင်ပွဲဝင်များကို

တည်နေရာရွှေ့ပြောင်းသည့်အဆောင်ပါ။

ထွက်ပြေးရန် သို့မဟုတ်

ပြိုင်ပွဲမှထွက်ခွာလိုလျှင်

အသုံးချနိုင်သည်။ပါဝင်သည့်

သခင်ငယ်တိုင်းတွင်

တစ်ခုစီရှိကြသည်။

သို့သော်လည်း ယန်ယဲ့ (သူ့)မှာတော့ တစ်ခုမှမရှိပေ။

ယန်ယဲ့ သည် အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီးနောက် ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ကြယ်ရောင်စုံလင်နေသော ကောင်းကင်ကြီးသည် သေမင်းတမန်အလား တိတ်ဆိတ်နေ၏။

ယန်ကလန် သည် သူ့အား
တည်နေရာရွှေ့ပြောင်းခြင်းအဆောင်
ပေးဖို့မေ့လျော့နေခြင်းပေလော။

မဖြစ်နိုင်သောအရာပါ။

ယန်ယွဲ့ သည် ကြယ်ရောင်စုံလင်သော
ကောင်းကင်ကြီးကို အချိန်အတော်ကြာ
စိုက်ကြည့်ပြီးနောက် ရုတ်တရက်
ရယ်မောလိုက်သည်။ လက်ရှိတွင်

သူသည် ယန်ရှမ် ပြောခဲ့သည့်

စကားတိုင်းကို

လုံးလုံးယုံကြည်သွားလေပြီ။

ယန်ကလန်တစ်ခုလုံးနီးပါးက သူ့အား

သေစေချင်နေသည်မဟုတ်ပါလား။

ယန်ရှု ရောက်လာသည့်

အကြောင်းအရင်းကလည်း

ယန်ကလန်၏ အဆင့်မြင့်အာဏာပိုင်

ထံမှ အမိန့်ကြောင့်ပါ။ ထိုသို့မဟုတ်လျှင်

သူတို့နှစ်ယောက်ကြား

ရန်ငြိုးများမရှိလေရာ ယန်ရှူက သူ့အား

သတ်ရန်ကြံနေမှာမဟုတ်ပေ။

ယန်မျိုးနွယ်၊ ငါသာ အင်အားကြီးလာရင်

သွေးနဲ့ဆေးပစ်ရမယ်။

"နည်းနည်းတော့ ခံစားရခက်တာပေါ့"

ထိုအချိန်တွင် လုလီကူး က

ယန်ယဲ့၏နံဘေး၌

ရုတ်တရက်ပေါ်လာသည်။ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ပြီး "တိတ်ဆိတ်လွန်းတယ်"ဟု ပြောလိုက်သည်။

ယန်ယဲ့က လုလီကူး ကို လှည့်ကြည့်လိုက်ပြီး "မင်းပြန်ကောင်းလာပြီလား"သူမေးလိုက်သည်။

လုလီကူး က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး

"လုံးဝပြန်ကောင်းလာပြီ"

ယန်ယဲ့ က ခေါင်းညိတ်ပြီး

“ထွက်သွား”ဟုထပ်ပြောခဲ့သည်။

လုလီကူး က မကျေမနပ်နဲ့ပြောပါသည်

"မင်းဘာပြောနေတာလဲ။

ငါဝန်ထုပ်ဝန်ပိုးဖြစ်မှာကို

မင်းကြောက်လို့လား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

“နည်းနည်းတော့...”

လုလီကူး၏ မျက်နှာက ချက်ချင်းပင်

မည်းမှောင်သွားသည်။

အချိန်အတော်ကြာအောင်

တိတ်တိတ်ဆိတ်ဆိတ်နေပြီးမှ

ခေါင်းခါပြပြီး

“မင်းဘာတွေပြောနေတာလဲ ငါသိတယ်။

မင်းငါ့ကို ဆွဲမထည့်ချင်ပေမယ့်

ငါထွက်သွားမယ်လို့ မင်းထင်လား။

မင်းက ငါ့ထက် ပိုသန်မာပေမဲ့ ငါလည်း

ပြန်လည်မွေးဖွားခြင်းအဆင့် မှာရှိတယ်။

ဒါ့အပြင် ငါက

အဆင့်ကျော်တိုက်ခိုက်နိုင်ပါတယ်ကွာ”

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "အခြေအနေက ပုံမှန်မဟုတ်ဘူးဆိုတာကို မင်းသတိမထားမိဘူးလား"ဟုပြန်ပြောလိုက်သည်။

လုလီကူး က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ဒါလည်း ငါ့အတွက် မထူးခြားပါဘူး" ဟု ပြန်ပြောသည်။

ယန်ယဲ့ က လုလီကူး ကို

လှည့်ကြည့်လိုက်သည်။

အချိန်အတော်ကြာ စိုက်ကြည့်ရင်း

"ကောင်းပြီ၊ ငါ မင်းကို နောက်ထပ်

ထွက်မသွားခိုင်းမတော့ဘူး။ စိတ်မပူပါနဲ့၊

မင်းသေရင် ငါသေချာသဂြိုဟ်ပေးမယ်"

လုလီကူး ကလည်း ပခုံးတွန့်လိုက်ပြီး "စိတ်မပူပါနဲ့။ မင်းသေရင်လည်း ငါ သင်္ဂြိုဟ်ပေးမှာပါ"ဟုပြောလေသည်။

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။အရာအားလုံးက သူတို့၏အကြည့်တစ်ချက်မှာပင် သိသာပါသည်။

ထိုအချိန်တွင် "မင်းတို့နှစ်ယောက်
သေရမယ်"ဟူ၍ အသံတစ်သံ
ရုတ်တရက် ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် အသံထွက်လာရာဆီသို့
လှည့်ကြည့်လိုက်သည်။ ထိုအခါ
သူတို့ဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာနေသော လူတစ်စုကို
မြင်လိုက်ရသည် ထိုအဖွဲ့က
ယန်ကလန်၏ အကြီးဆုံးသခင်ငယ်

တစ်ဖြစ်တည်း

သူ၏ဝမ်းကွဲအစ်ကိုယန်ကျန်း

ဦးဆောင်လာသော ကျင့်ကြံသူအုပ်စုပင်။

အချိန်တော်တော်ကြာပြီးနောက်

ယန်ကျန်းနှင့်အဖွဲ့က မနီးမဝေး၌

ရပ်တန့်သွားကြသည်။

ယန်ကျန်းက ယန်ယွဲ့ ကို

ခဏစိုက်ကြည့်လိုက်ပြီး

"ဆယ်ယောက်မြောက်ညီ၊ ငါ့ရဲ့
ကိုယ်ပိုင်အမြင်အရတော့ မင်းကို
အရမ်းလေးစားပါတယ်။ မင်းက တကယ်
တော်ကို ထူးခြားသလို သန်မာတာပဲ"
ဟုပြောလိုက်သည်။ သူက
ခေါင်းခါလိုက်ပြီး "ဒါပေမဲ့
မင်းပြန်မလာသင့်ဘူး"ဟု
ထပ်ပြောပါသည်။

ယန်ယဲ့ က "ငါလည်း ပြန်မလာချင်ပါဘူး။ ဒါပေမဲ့ မင်းတို့အကုန်လုံးက ငါ့ကို အတင်းအကြပ်လုပ်ခိုင်းတာပဲမဟုတ်လား"ဟူ၍ ပြန်ပြောခဲ့သည်။

ယန်ကျန်း က အကြာကြီး တိတ်ဆိတ်သွားကာ "လူတွေများတဲ့နေရာမှာ တိုက်ခိုက်တာ၊ ရန်ဖြစ်တာတွေရှိတယ်။ တချို့က သဘောထားကွဲလွဲအောင်

ပြန်လာစေချင်တယ်။ အဲဒါကို ဖြေရှင်းဖို့ တစ်ခုတည်းသော နည်းလမ်းက မင်းကို သတ်ပစ်ဖို့ပဲ”ဟုပြောပါသည်။

ယန်ယဲ့က ခေါင်းခါလိုက်သည်
"မသေချင်ဘူး"

ယန်ကျန်းက ခေါင်းညိတ်လိုက်သည်
"ဒါအမှန်ပါပဲ။ ဘယ်သူမှ မသေချင်ကြဘူး"

ယန်ယွဲ့ သည် အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီး “ငါ့ကို သတ်တာ အကျိုးရှိလား” ဟု မေးလိုက်သည်။

ယန်ကျန်း က တိတ်ဆိတ်သွားသည်။

ယန်ယွဲ့ က "မင်း မပြောနိုင်ဘူးလား။ ဘာပဲဖြစ်ဖြစ် ငါသေရမှာ သေချာတယ်မဟုတ်လား”

ယန်ကျန်းက "မင်းကိုသတ်တဲ့သူက
ချက်ချင်းပဲ နောက်တစ်ဆင့်တက်နိုင်ပြီ။
ပြောရရင် ဆက်ခံသူတိုက်ပွဲရဲ့ အဓိက
ကိုယ်စားလှယ်လောင်း
ဖြစ်လာလိမ့်မယ်။ဒါ့အပြင် အဲဒီလူကို
မူလအဆင့် ရတနာတစ်ခုပါ
ပေးအပ်သွားဦးမှာပါ”ဟူ၍
ပြန်ဖြေသည်။

မူလအဆင့် ရတနာတစ်ခုလား။ ဟီးဟီး ၊

မင်းတို့ယန်ကလန်က တကယ့်ကို

ရက်ရောတယ်” တစ်ချိန်တည်းမှာပဲ

လုလီကူး က ရုတ်တရက် ပြောခဲ့သည်

"မူလအဆင့်ရတနာတစ်ခု။ ဒါဟာ ငါတို့ရဲ့

အလယ်စကြာဝဠာမှာတောင်

ဒဏ္ဍာရီလက်နက်တစ်ခုလိုပဲ"

May Be:

၂၀၁၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၁၇ - မင်းတို့....တွေ ခဏငှားပါ

ယန်ယဲ့ သည် ခဏကြာအထိ
ငြိမ်သက်သွားသည်။ ယန်ကလန် ထဲမှ
တစ်စုံတစ်ယောက်ဟာ
သူ့ကိုသတ်ဖို့အတွက်နှင့်

မူလအဆင့်ရတနာတစ်ခုပင်

ပေးအပ်မည်ဟု မထင်ထားမိပေ။

မူလအဆင့်ရတနာက

မည်မျှအစွမ်းထက်မှန်း သူလည်း

မသိခဲ့ပေ။ သို့ရာတွင်

အလွန်ကြောက်စရာကောင်းသည်မှာသိ

သာပါသည်။

နောက်ဆုံးတွင် ထာဝရအဆင့်

ရတနာများပင်လျှင်

မည်မျှထူးခြားသနည်း။

မူလအဆင့် ရတနာနှင့်

ဆက်ခံသူနေရာအတွက်

အဓိကကိုယ်စားလှယ်လောင်း ။

ယန်ကလန်၏ သခင်ငယ်များ အနေဖြင့်

ထိုကဲ့သို့သော သွေးဆောင်မှုကို မည်သို့

ခုခံနိုင်မည်နည်း။

အခြားသခင်ယ်များကို အသာထားဦး၊ ယန်ယွဲ့ကိုယ်တိုင်ပင် အတော်လေးစိတ်လှုပ်ရှားမိသည်။

တစ်ချိန်တည်းမှာပဲ ယန်ကျန်းက ဆက်ပြောခဲ့သည် "မှန်တယ်၊ နောက်အကြောင်းပြချက်တစ်ခုရှိသေးတယ်။ အဲဒါကအဓိကအကြောင်းရင်းပဲ"

ယန်ယဲ့ က "ဘာလဲ"

ယန်ကျန်း က ယန်ယဲ့ ကို ကြည့်ပြီး
"မျိုးနွယ်စုက မင်းကို ဆက်ခံသူဖြစ်လာဖို့
ဘယ်တော့မှ
ခွင့်မပြုဘူး"ဟုပြောလိုက်သည်။

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

ယန်ကျန်း က “ကြောက်လို့။

တော်တော်များများက

ကြောက်ကြတယ်။ မင်းသာ

ဆက်ခံသူဖြစ်လာရင် သူတို့

အေးအေးဆေးဆေး

စားသောက်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့်

တခြားသူတွေက မင်းကို လျှို့ဝှက်ပြီး

ကာကွယ်ဖို့ ကြိုးစားနေရင်တောင်

ဒီအချိန်မှာ မင်းသေရမှာပဲ။

ဘာကြောင့်လဲဆိုတော့

မင်းကိုကာကွယ်ချင်တဲ့သူတွေက

မင်းကိုသေစေချင်တဲ့သူတွေနဲ့

သဘောတူညီမှုရသွားကြတယ်လေ"

ယန်ယဲ့ က

"ဘာသဘောတူညီချက်လဲ"သူမေးလိုက်

သည်။

"မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတွေကို

ဝင်ပြီးစွက်ဖက်လို့မရဘူးဆိုတဲ့

သဘောတူညီချက်ပဲ" ယန်ကျန်း က

ဆက်ပြောလိုက်သည်

“မူလနတ်ဘုရားအဆင့် ကျင့်ကြံသူတွေ

ဝင်မပါရင် မင်းအသက်ရှင်ဖို့က

ကိုယ့်အစွမ်းအစကိုပဲ အားကိုးရမယ်။

မင်းသေရင် မင်းကိုယ်တိုင်ကလွဲလို့
ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရဘူး"

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်
ယန်ကျန်း ကို စူးစိုက်ကြည့်ကာ "ဒါဆို ငါ
ဘာပဲဖြစ်ဖြစ် ငြိမ်သက်ခြင်းမြို့ကနေ
ထွက်သွားနိုင်မှာ မဟုတ်ဘူး
ဟုတ်တယ်မလား"

ယန်ကျန်းက ယန်ယဲ့ ကိုကြည့်ကာ "မင်းပြောတာမှန်ပါတယ်"

ယန်ယဲ့ သည် ရုတ်တရက် ရယ်မောလိုက်သည်။ သူ ရယ်သံ၌ ရက်စက်ကြမ်းကြုတ်မှုအပြည့်ပါ။ သူ့မျက်လုံးများက ကောင်းကင်ကို မျှော်ကြည့်ကာ "မင်းတို့အားလုံး ငါ့ကို ပြန်လာခိုင်းတယ်။ ကောင်းပြီ၊ ငါပြန်လာပြီ။ အခု ငါ့ကို

သေစေချင်နေပြန်တယ်။ ငါယန်ယဲ့က
မင်းတို့စိတ်တိုင်းကျ
လုပ်နိုင်တဲ့သူတစ်ယောက်လို့
မင်းထင်နေတာလား"

စကားပြောပြီးသည်နှင့်
ယန်ကျန်း၏အဖွဲ့ကို နတ်ဓားဖြင့်
ထိုးချိန်လျက်
"မင်းငါ့ကိုမသတ်ချင်ဘူးလား။ လာပါ။
ငါ့ကို တစ်ယောက်ပြီးတစ်ယောက်

တိုက်ခိုက်မှာလား ဒါမှမဟုတ်

အုပ်စုဖွဲ့တိုက်ခိုက်မှာလား"

ထိုအချိန်တွင် ယန်ကျန်း၏နံဘေးမှ

မှင်နက်ရောင်ဝတ်လူငယ်က ရုတ်တရက်

ရှေ့တိုးလာခဲ့သည်။ သို့သော်လည်း

ယန်ကျန်း က ရုတ်တရက် တားလိုက်၏။

သူက ခေါင်းခါလိုက်ပြီး "အစ်ကိုဂူရှီ၊

ငါတို့က သူ့ကို တစ်ယောက်ပြီး

တစ်ယောက် တိုက်ခိုက်စရာ

မလိုဘူး"ဟုပြောလိုက်သည်။

ဂူရှို ဟုခေါ်သော လူငယ်က ပြုံးပြီး

“မင်းဘာကိုဆိုလိုတယ်ဆိုတာ

ငါသိတယ်။ ဒါပေမဲ့ ငါသူ့ကို

တိုက်ပါရစေ။ ငါက တခြားသူတွေနဲ့

ပေါင်းသင်းရတာကို ဘယ်တုန်းကမှ

မနှစ်သက်ဖူးဆိုတာ မင်းသိမှာ

သေချာပါတယ်။ ဒါဆို ငါရှုံးရင်
မင်းတို့အားလုံး ဝင်လာလို့ရတယ်”

ယန်ကျန်း က ခေါင်းညိတ်ပြပြီး
"သတိထားပါ"

"ဒါပေါ့...." ဂူရှီ က ခေါင်းညိတ်ပြရင်း
ယန်ယဲ့ ဆီကို လျှောက်သွားပြီး
"ငါတို့ကြားမှာ ရန်ငြိုးမရှိဘူး။ယ ဒါပေမဲ့

ယန်ကျန်း က ငါ့ညီတော်ဆိုတော့ ငါ သူ့ကို ကူညီရမယ်"ဟုပြောခဲ့သည်။

ထိုစကားပြောပြီးသည်နှင့် သူ့လက်ဝါးကို လှန်လိုက်ရာ ဂူရှီ၏လက်ထဲ၌ ရွှေချောင်းတစ်ချောင်း ပေါ်လာသည်။

ထိုအချိန်တွင် ယန်ယဲ့ လည်း ခေါင်းညိတ်လိုက်သည် "ဒါဆို တိုက်ခိုက်ကြရအောင်"

စကားဆုံးသည်နှင့် ညာခြေကို
မြေပေါ်တစ်ချက်ပုတ်ကာ
အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲသွားသည်။
အထက်ကောင်းကင်ယံဟာ
ညအမှောင်ဖြစ်နေသည့်တိုင်
တလက်လက်တောက်ပနေသော
အလင်းတန်းများက
လျှပ်စီးလက်သကဲ့သို့ပင်။

စူးရှပြင်းထန်သော အလင်းတန်းများက
ယန်ကျန်းနှင့်သူ၏အဖွဲ့ကို
သိသိသာသာလေးနက်သွားစေသည်။

အလျှော့မပေးလိုသောဆန္ဒပါ ဖြင့်
ပေါင်းစပ်ထားသော ထာဝရအဆင့်
စိတ်ဆန္ဒ ၂ ခု။ အသာအယာ
လှဲယမ်းလိုက်သည့် ဓားတစ်ချက်ကပင်
ကြောက်စရာအတိဟု ပြောရပါမည်။

ဂူရှီ၏ မျက်လုံးထဲ၌ လေးနက်သော

အမူအရာတစ်ခု ပေါ်လာသည်။ သူက

ခဏမျှ ငြိမ်နေပြီးမှ ရွှေတုတ်ချောင်းကို

ရှေ့သို့ ရုတ်တရက် ထိုးလိုက်သည် ။

ဖုန်း....

နားကွဲမတတ် ရိုက်ခတ်သံ

ထွက်ပေါ်လာသည်။ ထိုခဏလေးမှာပဲ ၃

ကီလိုမီတာအတွင်းရှိ အာကာသပြင်ဟာ

ကွဲအက်သွားသည်။ တစ်ချိန်တည်းမှာပင်

နှစ်ယောက်လုံး တန်ပြန်အားလှိုင်းကြောင့်

အသီးသီးနောက်ပြန်ဆုတ်သွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့ သည် မီတာ ၃၀

သို့ပင်မရောက်လိုက်ဘဲ

သူ့ကိုယ်သူပြန်ထိန်းကာ

နေရာတွင်ပျောက်သွားပြန်သည်။

ထို့နောက်တွင် ဂူရှီ၏ရှေ့၌

နောက်တစ်ကြိမ် ပေါ်လာခဲ့သည်။

တစ်ဆက်တည်း သူ့လက်ထဲ၌

ရှေးဟောင်းအငွေ့အသက်များ

ဖုံးလွှမ်းနေသော

ဓားအိမ်တစ်ခုပါရှိနေ၏။ ယန်ယဲ့က

သူ၏ညာဖက်လက်မှ နတ်ဓား ကို

ရှေးဟောင်းဓားအိမ်ထဲ ထည့်လိုက်ပြီး

ချက်ချင်းပင် ပြန်ဆွဲထုတ်လိုက်သည်။

အုန်း…

ပတ်ဝန်းကျင်ရှိ အာကာသပြင်သည်
ပြင်းထန်စွာ တုန်လှုပ်သွား၏။
အာကာသပြင်က ဓားဆွဲထုတ်သည်ကိုပင်
တောင့်ခံထားနိုင်စွမ်းမရှိတော့ပုံပါ။

စစ်မှန်သော
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၁၇
ကြိမ်ထပ်ထားသောတိုက်ခိုက်မှုပင်။

အလျှော့မပေးသော ဓားစိတ်ဆန္ဒ နှင့်

အလျှော့မပေးသော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပါ

ထပ်မံပေါင်းစပ်ထား၏။

ယန်ယဲ့၏ ဓားချက်မှ စွမ်းအားကို

သတိပြုမိသောအခါ

လူငယ်၏အမူအရာပြောင်းလဲသွားသည်

။ ရွှေတုတ်ချောင်းကို မြှောက်လိုက်ရင်း

သူ၏ဆန်းကြယ်ချီစွမ်းအင်များ

တဟုန်ထိုး မြင့်တက်လာသည်။

ဂျုန်း…

တိုက်မိသည်နှင့် တပြိုင်နက်

ရွှေတုတ်ချောင်းက

နောက်ပြန်လွင့်စင်လာသည်။

ဂူရှီ၏ပုံရိပ်က ကီလိုမီတာ ၆၀

ကျော်အကွာသို့ လွင့်ထွက်သွားခဲ့သည်။

သူ့ရင်ဘတ်ရှေ့၌ ရွှေရောင်ဒိုင်းလွှာတစ်ခု ရှိနေသောကြောင့် ဂူရှီက လုံး၀ ဒဏ်ရာမရခဲ့ပေ။ ဒိုင်းလွှာက ယန်ယွဲ့၏ဓားချက်မှ စွမ်းအားအများစုကို စုပ်ယူထားလေသဖြင့် ဂူရှီက အတော်လေးကံကောင်းသွားသည်ဟုပင် ဆိုနိုင်၏။

သို့သော်လည်း သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့် တပြိုင်နက်

ယန်ယဲ့ သည် သူ့ရှေ့သို့ ပြန်ပေါ်လာပြီး ဓားဖြင့် ဆတ်ခနဲပိုင်းချလိုက်သည်။

ဂူရှီ၏ အမူအရာက အနည်းငယ် ပြောင်းသွားပြီး လက်ဝါးများကို အမြန်ဖြန့်လိုက်သည်။ ထိုခဏလေးမှာပဲ ဒိုင်းလွှာကနေ ပြိုးပြိုးပြက်ပြက် လက်နေသော ရွှေရောင်အလင်းတန်းများ ဖြာထွက်လာသည်။ တစ်ချိန်တည်းမှာပင် ရွှေရောင်အလင်းတန်းများဟာ ယန်ယဲ့၏

ဓားချက်ကို

အနည်းငယ်နှေးကွေးသွားစေသည်။

အုန်း...

ခွပ်....

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက် ပတ်ပတ်လည်ရှိ

အာကာသပြင်က ချက်ချင်း

အက်ကွဲသွားသည်။ ထို့အပြင်

အက်ကွဲကြောင်းများ ပြန့်နှံ့လာသည်။

အာကာသပြင်သည်

အချိန်မရွေးပြိုကျလာတော့မည့်အလား

ထင်ရ၏။သို့သော်လည်း ချက်ချင်းပင်

မူလအတိုင်းပြန်ဖြစ်သွားသည်။

တစ်စုံတစ်ယောက်က အာကာသပြင်ကို

အမြန်ပြုပြင်လိုက်လို့ပါ။

ယန်ယဲ့ သည်

ထပ်ပြီးမတိုက်ခိုက်တော့ပေ။

ကောင်းကင်ကို မော့ကြည့်လိုက်၏။

အေးစက်စက် အပြုံးတစ်ခုက

သူ့မျက်နှာမှာ တဖြည်းဖြည်း

ပေါ်လာသည်။

တစ်စုံတစ်ယောက်က ဂူရှီ ကို

ကူညီနေ၏။ သို့မဟုတ်

တစ်စုံတစ်ယောက်က ယန်ကျန်းကို
ကူညီနေသည်ဟု ပြောရပါမည်။

သူသည် ဤနေရာတစ်ခုလုံးကို
ရည်ရွယ်ချက်ရှိရှိနှင့်
ခွဲထုတ်လိုက်ခြင်းပါ။ အာကာသပြင်
ပြိုကျနေသရွေ့တော့
သူ၏ဓားတစ်ချက်က ဂူရှိကို
ချက်ချင်းအဆုံးသတ်လိုက်နိုင်ပေသည်။
ထို့အပြင် ယန်ကျန်း၏နောက်ကွယ်မှ

ထာဝရတန်ခိုးရှင်အုပ်စုကို
သတ်ထိုအတွက်ပင် သိပ်မခက်တော့ပေ။

သို့သော်လည်း တစ်စုံတစ်ယောက်သည်
သူ၏အကြံအစည်ကို
ကြိုသိနေသည့်အတိုင်း အာကာသပြင်ကို
ချက်ချင်း ပြုပြင်လိုက်သည်။

ဂူရှီ က သူ့ပါးစပ်ထောင့်ရှိ သွေးများကို
သုတ်လိုက်ပြီး ယန်ယဲ့ ကို စိုက်ကြည့်ကာ

"ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊
ထာဝရအဆင့် ဓားစိတ်ဆန္ဒ နဲ့
လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအင်တစ်မျိုး။ အရမ်းကောင်းတယ်။
မင်းက တကယ်ကို သန်မာတယ်။ ဒီတော့
မင်းကို ငါ့ခွန်အားအပြည့်ထုတ်သုံးဖို့
ထိုက်တန်တယ်"

ထိုစကားပြောပြီးနောက် ဂူရှီက ရှေ့ကို
ခြေတစ်လှမ်းတိုးလိုက်သည်။

ထိုခဏလေးမှာပဲ သူ့ထံမှ
ကြောက်မက်ဖွယ်ရာအော်ရာတစ်ခု
လွင့်စင်လာပြီး အရိပ်ပေါင်းများစွာ
ဖြာထွက်လာလေသည်။ အရိပ်များက
အတော်လေးကို မြန်ဆန်သည်။
ခဏလေးနှင့် ယန်ယဲ့အား
ဝိုင်းရံထားပြီးဖြစ်သွား၏။

ထိုအချိန်တွင် လုလီကူး က ယန်ယဲ့ကို
အလျင်အမြန်သတိပေးလိုက်သည်

"အရှုးယန်၊ သတိထားပါ။ အဲဒါက အနည်းဆုံး မူလတစ်ပိုင်းအဆင့် နည်းစနစ်တစ်ခုဖြစ်နိုင်တယ်”

ထိုခဏလေးမှာပဲ အလင်းတန်းတစ်ခုက လေထဲကို ရုတ်တရက် ဖြတ်သွားသည် ။ထို့နောက်တွင် မရေမတွက်နိုင်သော ဓားစွမ်းအင်များ ပေါက်ကွဲထွက်လာပြီး အရိပ်များအားလုံး ကွဲအက်သွားခဲ့သည်။ တစ်ချိန်တည်းမှာပင်

စူးရှသောဓားအသွားကြီး

ထွက်ပေါ်လာသည်။

ဂူရှီ၏ မျက်လုံးထဲ၌ ဆိုးရွားသော

အလင်းတန်းတစ်ခု

လင်းလက်လာသည်။သူ၏ညာဖက်လက်

က ရွှေရောင်ဒိုင်းလွှာကို

ဆုပ်ကိုင်ထားလျက် မြေပြင်ကို

ခြေတစ်ချက်ဆောင့်ကာ ဓားစွမ်းအင်နှင့်

ပုံရိပ်များဆီသို့ ခုန်ဝင်လိုက်သည်။

ဘမ်း....

သိပ်မကြာလိုက်ပါ၊ ဓားအူသံ နှင့်

ပေါက်ကွဲသံများ ကျယ်လောင်စွာ

ထွက်ပေါ်လာပါသည်။

အသက်ရှူ ၃၀

ရှိုက်စာလောက်အကြာတွင်တော့

တိုက်ပွဲမြေပြင်ဟာ ရုတ်တရက်
တိတ်ဆိတ်သွားသည်။

ထိုအချိန်တွင် ပုံရိပ်များ နှင့်
ဓားစွမ်းအင်များ တဖြည်းဖြည်း
ပြန့်ကျဲလာသည်။

ဤနေရာရှိ လူတိုင်း မျက်တောင်မခတ်ဘဲ
တိုက်ပွဲမြေပြင်ကို
စိုက်ကြည့်နေကြသည်။အချိန်အတော်

ကြာပြီးနောက်မှာတော့

လူတစ်ဦး၏ပုံရိပ်က သူတို့ရှေ့တွင်

ပေါ်လာခဲ့သည်။

ဒါက ယန်ယဲ့ လား။

လူတိုင်း၏ အမူအရာက

သိသိသာသာပင်ပြောင်းသွားသည်။

ယန်ယဲ့ ကို ထပ်ကြည့်လိုက်ရာ

သူ့လက်ထဲ၌

သွေးတစ်စက်စက်စီးကျနေသော

ခေါင်းပြတ်တစ်လုံး ကိုင်ထားသည်ကို

မြင်လိုက်ရလေသည်။

ထို့နောက် လူတိုင်း

သိသိသာသာတုန်လှုပ်သွားခဲ့၏။

အကြောင်းမှာ ခေါင်းပြတ်က ဂူရှီ

ဖြစ်နေလို့ပါ။

ယန်ကျန်း ပင်လျှင် ထိုမြင်ကွင်းကို

မြင်လိုက်သောအခါ မျက်လုံးများ

တဖြည်းဖြည်း မှေးကျဉ်းသွားသည်။

ယန်ယဲ့ သည် လူတိုင်း၏အကြည့်ကို

ဂရုမစိုက်ပေ။ ထိုအစား

ဂူရှီ၏ခေါင်းပြတ်ကို လုလီကူး ထံ

ဖြည်းညှင်းစွာ ပစ်လိုက်ပြီး

"စကားနည်းနည်းပြောချင်တယ်။

ငါသတ်လိုက်တဲ့ အမှိုက်တွေရဲ့
ခေါင်းတွေကို စုဆောင်းထားပါ။
ယန်ကလန် အတွက် လက်ဆောင်
နည်းနည်းတော့ပေးရတာပေါ့" ဟု
ပြောလိုက်ပါသည်။

လုလီကူး က ယန်ယဲ့ကို
တစ်ချက်စိုက်ကြည့်ပြီး
ခေါင်းညိတ်လိုက်သည်။
သိပ်မကြာလိုက်ပေ၊ သူက ယန်ယဲ့

သတ်လိုက်သော ကျင့်ကြံသူများ၏

ခေါင်းပြတ်များကို ကြိုးဖြင့်ဖောက်သီပြီး

မြေပြင်ပေါ်တရွတ်ဆွဲထားလေသည်။

ယန်ယဲ့ သည် ထိုခေါင်းပြတ်များကို

ငုံ့ကြည့်ကာ ခေါင်းခါလိုက်သည်

"မလုံလောက်ဘူး"

ထို့နောက် ယန်ကျန်း၏ အဖွဲ့ကို

မော့ကြည့်ပြီး "မင်းတို့ရဲ့ ခေါင်းတွေ

ခဏလောက် ငှားပါ" ဟု

ထပ်ပြောလိုက်ပါသည်။

May Be:

၂၀၁၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၁၈ - ယန်ကလန်၏

နာမည်ကျော်အစီအရင်

ငါ့ခေါင်းကို ငှားရမှာလား ။

ယန်ကျန်း နှင့် အခြားသူများ၏
အမူအရာများသည် ယန်ယဲ့ပြောသော
စကားကြောင့် အလွန်ဆိုးရွားသွားသည် ။

အထင်အမြင်သေးစွာ
ဆက်ဆံလိုက်ခြင်းပင်မဟုတ်ပါလား။

ယန်ကျန်း လည်း

မျက်နှာပျက်သွားသည်။

သူက ယန်ယဲ့ ကို အချိန်အတော်ကြာ

စိုက်ကြည့်ပြီး "မင်းရဲ့ ခွန်အားတွေ

ဒီလောက်အဆင့်အထိ ရောက်ဖို့

ငါတကယ်

မမျှော်လင့်ထားဘူး"ဟုပြောလိုက်လေသ

ည်။

ထိုနေ့က ယန်ယဲ့၏ခွန်အားကို

သူကိုယ်တိုင် မြင်တွေ့ထားခဲ့လို့ပါ။

ထိုအချိန်တွင် ယန်ယဲ့ သည်

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ကို

အသည်းအသန်ရင်ဆိုင်နေရတုန်းပါ။

လက်ရှိတွင်တော့ သာမန်

မူလနတ်ဘုရားတစ်ပိုင်းအဆင့်များဟာ

ယန်ယဲ့အတွက်ဘာပြဿနာမှမရှိတော့

ပေ။ ထိုထက်ပိုအရေးကြီးသည်မှာ

ယန်ယဲ့၏
စစ်မှန်သောခွန်အားမဟုတ်သေးကြောင်း
ခံစားမိခြင်းပင်။

ယန်ယဲ့ က စကားထပ်မပြောတော့ပေ။
နတ်ဓားကို မြှောက်လိုက်ပြီး
ယန်ကျန်းနှင့်အဖွဲ့ဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာခဲ့သည်။သူသည် မည်သည့်
စိတ်ဆန္ဒ မျှ မစွန့်လွှတ်ဘဲ
ပုံမှန်အတိုင်းသာ

လျှောက်လှမ်းလာခဲ့သည်။ သူ့ထံမှ
ဆန်းကြယ်ချီစွမ်းအင် အနည်းငယ်မျှ
ပြောင်းလဲမှုတောင် မရှိခဲ့ပေ။
သို့သော်လည်း
ယန်ကျန်းတို့တစ်ဖွဲ့လုံးမမြင်နိုင်သော
ဖိအားလှိုင်းကို ခံစားလိုက်ရသည်။
အားလုံးက စိတ်ဝိညာဉ်ဖိအားတစ်ခု
ရင်ဆိုင်နေရသလိုပါ။

နှလုံးသားထဲထိအောင်
ရိုက်ခတ်စေခဲ့သော ဖိအားတစ်ခုပင်။

ယန်ကျန်း က သူတို့ ထံ ဖြည်းညှင်းစွာ
လျှောက်လာနေသော ယန်ယဲ့ကို
စိုက်ကြည့်နေသည်။

ယန်ယဲ့ သည်
တဖြည်းဖြည်းလျှောက်လာနေသည့်တိုင်
ပို၍ နီးကပ်လာသည် ။ သူသည်

ယန်ကျန်းတို့အုပ်စု နှင့် မီတာ ၃၀ အကွာ၌ ရပ်လိုက်၏။ ထိုအချိန်တွင် ယန်ကျန်းက ညာဖက်လက်ကို ရုတ်တရက်မြှောက်လိုက်သည်။

ထိုခဏလေးမှာပဲ အစွမ်းထက်သော အော်ရာ ၂၀ ခန့်လေထဲကို လွင့်ပျံလာပါသည်။ ထို့နောက်တွင်တော့ မမြင်နိုင်သောတောင်ကြီးတစ်ခုကဲ့သို့ပင်

ယန်ယဲ့ထံ

တည့်တည့်ကျဆင်းလာပါသည်။

ထာဝရတန်ခိုးရှင် ၂၀ မှ

ထွက်ပေါ်လာသော အော်ရာများအပြင်

မူလနတ်ဘုရားတစ်ပိုင်းအဆင့်

အော်ရာတစ်ခုတောင်ပါဝင်နေလေသည်။

ထိုအော်ရာက အားလုံးထဲမှာ

အပြင်းထန်ဆုံးပါ။

မူလနတ်ဘုရားတစ်ပိုင်းအဆင့်
ကျင့်ကြံသူ၏ အော်ရာ ။

အော်ရာများ ၁၀ မီတာအကွာသို့
ရောက်လာသည်နှင့် ယန်ယဲ့ ထံမှ
စိတ်ဆန္ဒ နှစ်ခု ထွက်ပေါ်လာသည်။

အလျှော့မပေးသော
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။
အလျှော့မပေးသော ဓားစိတ်ဆန္ဒ ။

ထိုခဏလေးမှာပဲ ယန်ယဲ့၏

ထာဝရအဆင့် စိတ်ဆန္ဒ နှစ်ခုဟာ

လေထဲသို့ တက်လာပြီး တစ်ဖက်မှ

အော်ရာများနှင့်

ထိပ်တိုက်တွေ့သွားလေတော့သည်။

အုန်း....

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီး ဤနေရာသည်

ချက်ချင်းပင် ပြင်းထန်စွာ

တုန်လှုပ်သွားတော့သည်။ယန်ယွဲ့၏

ထာဝရအဆင့် စိတ်ဆန္ဒ နှစ်ခုဟာ

ရှေ့ဆက်မတိုးတော့ပေ။ အလားတူပင်

ထာဝရတန်ခိုးရှင်အော်ရာ ၂၀ နှင့်

မူလနတ်ဘုရားအဆင့် အော်ရာ

လည်းရှေ့သို့ဆက်မတိုးလာနိုင်ပေ။

ယန်ယဲ့ သည်

တစ်ယောက်တည်းသာရှိသော်လည်း

သူ၏အလျှော့ပေးသောစားစိတ်ဆန္ဒနှင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ သူ့ရှေ့မှ

အဆင့်မြင့်ကျင့်ကြံသူ ၂၁ ဦး၏

အော်ရာနှင့် ရင်ဆိုင်ချိန်၌

အားနည်းချက်မရှိခဲ့ပေ။

ပတ်ဝန်းကျင်ရှိ

အာကာသပြင်သည်တဖြည်းဖြည်း

တုန်ခါလာကာ အပေါ်မှ

လေတိုက်ခတ်လာသော

ရေကန်မျက်နှာပြင်ကဲ့သို့ ထင်ရသည်။

အချိန်များ တရွေ့ရွေ့နှင့် ကုန်ဆုံးလာ၏။

၁၀ မိနစ်လောက်အကြာတွင်တော့

ပတ်ဝန်းကျင်ရှိ အာကာသပြင်အနှံ့

ပိုလို့တောင် ပြင်းထန်စွာ

တုန်ခါလာသည်။ ...

နောက်ထပ် ၁၀ မိနစ်ကြာသွားသည်နှင့်
အနီးပတ်ဝန်းကျင်ရှိ အာကာသပြင်သည်
မြေလျင်လှုပ်ခတ်သွားသလိုမျိုး
ပြင်းထန်စွာ တုန်ခါသွားသည် ။ အလွန်
ထိတ်လန့်ဖွယ်ရာ မြင်ကွင်းတစ်ခု
ဖြစ်ခဲ့သည်။

ဤအခိုက်အတန့်တွင် ဤနေရာသည်
တန်ပြန်အားလှိုင်းကို
တောင့်ခံထားနိုင်စွမ်းမရှိတော့သလိုပင်။

၁၀ မိနစ်လောက်အကြာတွင်တော့...

ခွပ်....

ကျယ်လောင်သော အက်ကွဲသံ

ထွက်ပေါ်လာပြီးနောက် ပတ်ဝန်းကျင်ရှိ

အာကာသပြင်သည်

ကွဲအက်သွားတော့သည်။

သို့သော်လည်း ပွင့်ထွက်သွားသည်နှင့်
တပြိုင်နက် လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအင်အမြောက်အများ
ရုတ်ချည်းထွက်လာပြီး
အက်ကြောင်းများကို
ချက်ချင်းပြုပြင်သွားသည်။

ယန်ယဲ့ သည် ကောင်းကင်သို့
မော့ကြည့်လိုက်သည်။
သူ၏ပါးစပ်ထောင့်၌

အေးစက်သောအပြိုးတစ်ခု

ပေါ်လာသည်။

သေချာသည်မှာ ယန်ကလန်က

အာကာသပြင်ကို ဖြိုခွဲခွင့်မပေးလိုပေ။

သူ၏ လက်ရှိ ခွန်အားဖြင့်ဆိုလျှင်တော့

အာကာသတွင်းနက်ကြီး ကို

ထိန်းချုပ်နိုင်လျှင် မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူကိုပင် ကြောက်နေစရာ

မလိုတော့ပေ။ ဤနေရာမှ

ထာဝရတန်ခိုးရှင်များ အတွက်တော့

၎င်းတို့အား သတ်လိုပါက

လက်တစ်ဖက်ယမ်းရုံလောက်သာ။

မှန်သည်။ ဤနေရာကို

ချိုးဖျက်နိုင်ခြင်းမရှိသော်လည်း

တစ်ယောက်ချင်းတိုက်ခိုက်လျှင်

အလွယ်တကူ သတ်နိုင်ပါသေးသည်။

“သတ်ကြ…” ထိုအချိန်တွင်
ယန်ကျန်း၏အသံက ရုတ်တရက်
ပဲ့တင်ထပ်လာသည်။

သူ အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက်
ထာဝရတန်ခိုးရှင် ၂၀ နှင့်
မူလနတ်ဘုရားတစ်ပိုင်းအဆင့်
အဘိုးအိုက ယန်ယွဲ့ဆီကို
ခုန်ဝင်လိုက်သည်။ ကျင့်ကြံသူ ၂၁
ယောက်စလုံး ယန်ယွဲ့၏အနီးသို့

ရောက်လာသည့်အခိုက်

ထူးဆန်းသောပုံစံတစ်ခု

ဖြစ်ပေါ်လာသည်။

ထို့နောက်တွင်တော့ မမြင်နိုင်သော

စွမ်းအင်လှိုင်းကြီး ပေါ်လာပါသည်။

ဝက်ပါအစီအရင်တစ်ခု ဖြစ်မှန်း

သိသာ၏။

ယန်ယဲ့ သည် သူ့အား ဝိုင်းရံထားသော

ကျင့်ကြံသူများကို

တစ်ချက်ကြည့်လိုက်သည်။

သူ၏ဘယ်ဖက်လက်ထဲရှိ

ရှေးဟောင်းဓားအိမ်ကို

တင်းကျပ်စွာဆုပ်ကိုင်ထားသည်။ ခဏမျှ

တိတ်ဆိတ်သွားပြီးနောက် နတ်ဓားကို

လျှပ်တပြက် ဆွဲထုတ်ကာ သူ့ရှေ့မှ

ထာဝရတန်ခိုးရှင် ထံ

ရောက်သွားလေတော့သည်။

အောင်း...

ဓားအူသံတစ်သံ ပဲ့တင်ထပ်လာပြီး

စူးရှသော ဓားစွမ်းအင်တစ်စင်း

ပြေးထွက်လာသည်။ ဓားစွမ်းအင်က

လေထုကို ဆုတ်ဖြဲ၍ ယန်ယဲ့ နှင့်

အနီးဆုံးမှ ထာဝရတန်ခိုးရှင် ဆီကို
တည့်တည့်ပြေးသွားလေသည်။

ဓားစွမ်းအင်မှ ထွက်ပေါ်နေသော
ဖိအားသည် ပတ်ဝန်းကျင်ရှိ
အာကာသပြင်အနှံ့
တုန်လှုပ်သွားစေခဲ့သည်။

သို့သော် ထာဝရတန်ခိုးရှင် က
ကြောက်ရွံ့ခြင်းမရှိပေ။

ဓားစွမ်းအင် သူ့ရှေ့ရောက်လာသည်နှင့်

လုံ့ကို ချက်ချင်းမြှောက်ကာ

ရှေ့လှမ်းထိုးလိုက်သည်။

အုန်း…

ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီးနောက် ယန်ယဲ့၏

ဓားစွမ်းအင်ဟာ အပိုင်းပိုင်း

ပေါက်ကွဲသွားခဲ့သည်။ ထို

ထာဝရတန်ခိုးရှင် ကတော့ သူသည်

နောက်သို့ အကြိမ်ကြိမ်

ဆုတ်သွားရသည်။ သို့သော်

ပတ်ဝန်းကျင်ရှိ လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်များ သူ့အထဲသို့

စီးဝင်လာသည်နှင့် ၁၀

မီတာလောက်သာဆုတ်လိုက်ရသည်။

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်များကို စုပ်ယူပြီးနောက်

ထာဝရတန်ခိုးရှင် က ညာခြေကို

မြေပေါ်တစ်ချက်ပုတ်ကာ

နဂိုရပ်နေသည့်နေရာကို

ပြန်ရောက်သွားတော့သည်။

ယန်ယဲ့ သည်

ထိုမြင်ကွင်းကြောင့်အံ့အားသင့်သွားသ

ည်။ ထို့အပြင် သူ၏မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းလာပါသည်။

ထာဝရတန်ခိုးရှင်က

သူ့ပြိုင်ဖက်မဟုတ်တော့ပေ။

ရုတ်စွအဆုံး သူ၏တိုက်ခိုက်မှုကိုပင်

ထိပ်တိုက်ရင်ဆိုင်ဝံ့မှာမဟုတ်ပေ။

သို့သော် ထိုလူက ထိပ်တိုက်ရင်ဆိုင်နိုင်ရုံသာမက ဒဏ်ရာတစ်ခုတစ်လေပင်မရလိုက်ပါ။

"သတိထားပါ" ထိုအချိန်တွင် လုလီကူး က ရုတ်တရက် သတိပေးခဲ့သည် "ဒီအစီအရင်က မင်းတို့ယန်ကလန်ရဲ့ နာမည်ကျော်

'ဝိညာဉ်ချီပေါင်းစပ်ခြင်းအစီအရင်"

ဖြစ်သင့်တယ်။ ဒါကို

အသက်သွင်းလိုက်တာနဲ့

အစီအရင်ထဲမှာရှိနေတဲ့

ကျင့်ကြံသူတိုင်းက

တစ်ဖွဲ့လုံးရဲ့ခွန်အားတွေပိုင်ဆိုင်တယ်။

တစ်နည်းပြောရင်တော့ သူတို့ထဲက

တစ်ယောက်နဲ့ရင်ဆိုင်ရင်တောင် မင်းဟာ

တစ်ဖွဲ့လုံးကို

တစ်ခါတည်းတိုက်ခိုက်နေရသလိုပဲ။
ဒါဆို မင်းကံကောင်းလိုက်တာပေါ့"

"ဝိညာဉ်ချီပေါင်းစပ်ခြင်းအစီအရင်"
ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
လုလီကူးပြောသည့်အတိုင်းပင်၊
ယန်ကျန်း၏တစ်ဖွဲ့လုံးက
တစ်သားတည်းဖြစ်နေသလိုပါ။
လှုပ်ရှားမှုပင်ဖြစ်စေ၊ အော်ရာပင်ဖြစ်စေ

အားလုံးက ပြီးပြည့်စုံစွာ
ပေါင်းစပ်ထားပုံရ၏။

ထိုအချိန်တွင် ယန်ကျန်း၏ အသံက
နောက်တစ်ကြိမ် ထွက်လာပြန်သည်
"သတ်ပစ်လိုက်တော့... "

ယန်ယဲ့ နှင့် အနီးဆုံးမှာရပ်နေသည့်
ထာဝရတန်ခိုးရှင်က ရုတ်တရက်
ပျောက်ကွယ်သွားသည်။ ၎င်း

ပြန်ပေါ်လာသည်နှင့် ယန်ယဲ့ရှေ့တွင်
ရောက်နေခဲ့သည်။ ထို့နောက်တွင်
လှံတစ်ချောင်းက
ပြင်းထန်သာအားလှိုင်းကို
သယ်ဆောင်လာပြီး
ယန်ယဲ့ဆီသို့တည့်တည့်ထိုးသွင်းလာသ
ည်။

လုံက လျှပ်စီးလက်သကဲ့သို့ ဖြစ်၍
ရှေ့တောက်လျှောက် အာကာသပြင်သည်
ပြင်းထန်စွာ တုန်လှုပ်သွား၏။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူက
ပေါ့ပေါ့ဆဆ ပြုမူခြင်းမပြုဝံ့ပေ။
နတ်ဓား မှ အလျှော့မပေးသော
ဓားစိတ်ဆန္ဒ နှင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ထွက်ပေါ်လာပြီး ရှေ့သို့

လျှပ်တစ်ပြက်ပိုင်းချလိုက်သည်။

သို့သော်လည်း ယန်ယဲ့သည်

ဘယ်လိုနည်းစနစ်၊

ဘယ်လိုလှုပ်ရှားမှုမျိုးပင် မသုံးခဲ့ပေ။

သူက ထိပ်တိုက်ရင်ဆိုင်ဖို့သာ

ရည်ရွယ်ထားသည်။

ဓား နှင့် လှံ က လေထဲမှာပင် ဆုံတွေ့သွားတော့သည်။

ဖုန်း...

တိုက်မိသည်နှင့် တပြိုင်နက် စူးရှသော သတ္တုတိုက်ခတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ထိုနေရာမှ မမြင်နိုင်သော

စွမ်းအင်လှိုင်းလုံးများ

ဖြာထွက်လာသည်။

ထို့နောက်တွင် နှစ်ယောက်စလုံး

ဆက်တိုက်

နောက်ပြန်ဆုတ်သွားကြသည်။ ယန်ယွဲ့

သည် နောက်ပြန်ဆုတ်နေရင်း

ခြေတစ်ချက်ပုတ်ကာ

သူ့ကိုယ်သူရပ်လိုက်သည်။

သို့သော်လည်း သူ၏အမူအရာက

ချက်ချင်း ပြောင်းသွားခဲ့သည်။
အကြောင်းမှာ သူ့နောက်ကွယ်တွင်
ထာဝရတန်ခိုးရှင်တစ်ပါး
ရုတ်တရက်ပေါ်လာပြီးနောက် လှံဖြင့်
ထိုးသွင်းလာလို့ပါ။

လှံ သယ်ဆောင်လာသော စွမ်းအားက
ယခင်တိုက်ခိုက်မှုထက်
နိမ့်ကျသည်မဟုတ်ပေ။

ယန်ယဲ့၏ မျက်လုံးထဲ၌ အေးစက်သော

အလင်းရောင်တစ်ခု

လင်းလက်လာသည်။ တစ်ချိန်တည်းပင်

နောက်ပြန်လှည့်၍ နတ်ဓားကို

ဆတ်ခနဲဆွဲထုတ်ပြီး

ခုတ်ပိုင်းလိုက်သည်။

အောင်း...

ဓားအရူးသံတစ်သံ ကျယ်လောင်လာပြီး

ယန်ယဲ့၏ ပတ်ပတ်လည်ရှိ

အာကာသပြင်သည်

ပြင်းထန်စွာ တုန်လှုပ်သွားသည်။

ဘုန်း....

တိုက်မိသည်နှင့် တပြိုင်နက် လုံနှင့်

ဓားနှစ်ခုလုံး ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

ထာဝရတန်ခိုးရှင်ဟာ နောက်သို့
အကြိမ်ကြိမ် ဆုတ်သွားခဲ့သည်။ ယန်ယွဲ့
အနေနှင့်လည်း အလားတူ
တန်ပြန်အားကြောင့်
နောက်ပြန်ဆုတ်သွားခဲ့သည်။

သို့သော် ၁၀ မီတာပင် မရောက်လိုက်ဘဲ
သူ့နောက်ကွယ်မှ နောက်ထပ်
ထာဝရတန်ခိုးရှင် တစ်ပါး
ပေါ်လာခဲ့သည်။ ယခင်အတိုင်းသာ၊

လှံတစ်ချောင်းက သူ့နောက်ကျောကို
ထိုးသွင်းလာသည်။

ထိုအချိန်တွင် ယန်ယွဲ့၏အမူအရာသည်
နောက်ဆုံးတွင် ပြောင်းလဲသွားသည်။

ဤအခိုက်အတန့်တွင်
ဝိညာဉ်ချီပေါင်းစပ်ခြင်းအစီအရင် သည်
မည်မျှကြောက်စရာကောင်းသည်ကို

နောက်ဆုံးတွင်သဘောပေါက်သွားသည်
။

ထို့အပြင် အစွမ်းထက်ကျင့်ကြံသူ ၂၁ ဦး
ပူးပေါင်းထားသေး၏။ ထိုစွမ်းအင်သည်
မူလနတ်ဘုရားအဆင့် ကျင့်ကြံသူနှင့်
မနှိုင်းယှဉ်နိုင်သော်လည်း ၎င်းသည်
သိပ်ပြီးနိမ့်ကျမှာမဟုတ်ပေ။
သို့သော်လည်း ထိုအရာသည်
အရေးကြီးဆုံး အစိတ်အပိုင်းပင်

မဟုတ်ပေ။ အရေးကြီးဆုံးအပိုင်းမှာ ကျင့်ကြံသူ ၂၁ ယောက်ဟာ လက်ရှိတွင် မူလနတ်ဘုရားအဆင့် ကျင့်ကြံသူများနှင့် တူညီနေပါသည်။

အကြောင်းကတော့ တစ်ယောက်ကို တိုက်ခိုက်လျှင်ပင် နောက်တစ်ယောက် ချက်ချင်းပေါ်လာမည်ဖြစ်လို့ပါ။ ထိုလူ၏ခွန်အား ကလည်း အလားတူပင်။

တစ်နည်းဆိုရသော် အားလုံးကို

တစ်ချက်တည်းဖြင့်

အဆုံးမသတ်နိုင်လျှင်

ယန်ယဲ့ ဟာ အားကုန်သည်အထိ

တိုက်ခိုက်ရပါမည်။

သို့သော်လည်း လက်ရှိတွင် သူ့ခွန်အားက

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ နှင့်

အဆင့်တူ ကျင့်ကြံသူများကို

သတ်ဖြတ်နိုင်စွမ်းမရှိပေ။

မည်သို့ပင်ဖြစ်စေ ယန်ယဲ့ သည်

တွေးနေဖို့

အချိန်မရှိခဲ့ပေ။ သူသည်

ချက်ချင်းလှည့်ပြီး တိုက်ခိုက်လိုက်သည်။

အုန်း...

လှုံ့နှင့် နတ်ဓားက ပြင်းထန်စွာ

တုန်ခါသွားပြီးနောက် နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်သွားပြန်သည်။

သို့သော်လည်း ယခင်အတိုင်းပါ၊

ယန်ယွဲ့၏ပုံရိပ်

နောက်ပြန်လွင့်သွားသည်နှင့် နောက်ထပ်

ထာဝရတန်ခိုးရှင်တစ်ပါး ပေါ်လာသည်။

ထိုမြင်ကွင်းကို မြင်လိုက်သောအခါ

လုလီကူး လည်း မျက်နှာပျက်သွားသည်။

ထိုအတိုင်းသာ

ဆက်ပြီးတိုက်ခိုက်နေမည်ဆိုလျှင်

ယန်ယွဲ့သည် အားအင်ကုန်ခမ်းကာ

မကြာခင်အသတ်ခံရမှာသေချာ၏။သို့

သော် သူသည်

လုံးဝအကူအညီမဲ့နေခဲ့သည်။

အကြောင်းကတော့ ယန်ကျန်း၏

အော်ရာက သူ့အပေါ်

ပိတ်လှောင်ထားလို့ပါ။ သူသာ

လှုပ်ရှားလိုက်သည်နှင့် ယန်ကျန်းက

ချက်ချင်း တိုက်ခိုက်ပေမည်။

ထို့ကြောင့် လက်ရှိတွင် သူသည်

ယန်ယဲ့အား ကူညီနိုင်စွမ်းမရှိခဲ့ပေ။

May Be:

၂၀၁၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကာလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၀၁၉ - အာဏာပိုင်များ၏ အကြံအစည်

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည် လုံး၀ ဖိနှိပ်ခံနေရသည်။ သူ့ကိုယ်သူသာ ကာကွယ်နိုင်ခဲ့သည်။ အကြောင်းကတော့ သူသည် လုံး၀မတိုက်ခိုက်နိုင်လို့ပါ။ ဤအခိုက်အတန့်မှာ သူ့ပတ်ဝန်းကျင်ရှိ ထာ၀ရတန်ခိုးရှင်များနှင့် ရင်ဆိုင်ရတိုင်း ကျင့်ကြံသူ ၂၁

ယောက်ပေါင်းတိုက်ခိုက်မှုအား

ရင်ဆိုင်ရသလိုပင်။ သူသည်

တစ်ယောက်တစ်လေပင်

မသတ်နိုင်ခဲ့ပေ။

အုန်း...

နောက်ထပ် ထာဝရတန်ခိုးရှင်ကို

ရိုက်ထုတ်လိုက်ပြီးနောက်တွင် ယန်ယွဲ့

သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

ထိုခဏလေးမှာပဲ သူသည် နေရာတွင်ပင်

ပျောက်ကွယ်သွားခဲ့သည်။ ထိုအချိန်တွင်

ယန်ယဲ့ သည် တိုက်ခိုက်ဖို့

အချက်ပြနေသော ထာဝရတန်ခိုးရှင်၏

နောက်ကွယ်၌ပြန်ပေါ်လာခဲ့သည်။

အမှောင်တာအိုဥပဒေသ ။

သို့သော်လည်း အဆိုပါ ထာဝရတန်ခိုးရှင်ထံမှ အစွမ်းထက်သောအရှိန်အဝါတစ်ခု ပေါက်ကွဲထွက်လာသည်။

အုန်း...

ယန်ယွဲ့ သည် တုံ့ပြန်ချိန်ပင်မရလိုက်ပေ၊ ချက်ချင်း လွင့်ထွက်သွားသည် ။

"အမှောင်တာအိုဥပဒေသ လား"

တစ်ချိန်တည်းမှာပဲ ယန်ကျန်းက

ပြောလိုက်သည်

“ဆယ်ယောက်မြောက်ညီ၊ မင်းရဲ့

အမှောင်တာအိုဥပဒေသ ကို ငါတို့

အရမ်းကြောက်တယ်။ ဒီတော့ ငါတို့က

ဒါကို ဘယ်လိုလုပ်ပြီး

မပြင်ဆင်ထားရမှာလဲ" တစ်ဆက်တည်း

သူက “မင်းကို ကူညီဖို့

တခြားလူမရှိဘူးလား။ မင်း သူမကို မခေါ်သေးဘူးလား။ ဟုတ်တယ်၊ မင်းမှာ အဲဒီပိတ်စနည်းစနစ်ရှိတယ်မဟုတ်လား။ စမ်းကြည့်လို့ရတယ်နော်"

ယန်ယွဲ့ သည် ယန်ကျန်း ကို တစ်ချက်စိုက်ကြည့်ရင်း သူ့အကြည့်ကို ပြန်ရုတ်လိုက်သည်။ သူသည် သူ့ပတ်ဝန်းကျင်ရှိ ထာဝရတန်ခိုးရှင် အုပ်စုကို တစ်ချက်ကြည့်လိုက်ကာ

ခဏမျှ ငြိမ်သက်သွားသည်။
ထို့နောက်တွင် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။

ထာဝရတန်ခိုးရှင်များ၏ အမူအရာသည်
ချက်ချင်းပင် လေးနက်လာသည်။

ယန်ယဲ့ သည် သေချာပေါက်
အစွမ်းထက်နည်းစနစ်ကို

ထုတ်ဖော်တော့မည်ဖြစ်ကြောင်း
သတိထားမိလို့ပါ။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့
သည် ရုတ်တရက်ပြောခဲ့သည်
"မင်းတို့အားလုံးကို
ငါ့ရဲ့ခွန်အားအစစ်အမှန်
သက်သေပြရမယ့်အချိန်ရောက်ပြီ"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ သည်

ရုတ်တရက် မျက်လုံးပွင့်လာပြီး

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

အားလုံးက

ကြောက်မက်ဖွယ်ရန်သူနှင့်ရင်ဆိုင်နေရ

သလိုပင်၊ ချက်ချင်း

သတိအပြည့်ဖြစ်သွားကြ၏။

သို့သော်လည်း ယန်ယွဲ့ သည် လုလီကူး၏

နောက်ကွယ်မှ ပေါ်လာသည်။ သူသည်

သတိအပြည့်ဖြစ်နေသော

ထာဝရတန်ခိုးရှင်အုပ်စုကို

တစ်ချက်ကြည့်လိုက်ပြီး "ငါက

အတော်လေး ပင်ပန်းနေပြီလေ။

ဆက်ပြီးမတိုက်ခိုက်ခင်

ခဏတော့အနားယူရမယ်”ဟုပြောလိုက်

၏။

အားလုံးက

ပြောစရာစကားကင်းမဲ့သွားသလို

ခံစားလိုက်ရသည်။

ပင်ပန်းနေပြီလား။

အနားယူမလို့လား ။

ယန်ကျန်း နှင့် သူ့နောက်ကွယ်မှ

လူအုပ်စု၏ မျက်နှာများက

အတော်လေးကိုဆိုးရွားလှသည်။
လက်ရှိအခြေအနေက
အပျင်းပြေကစားပွဲတစ်ခုပင်လား။
မဟုတ်ပါ၊ သေခြင်းရှင်ခြင်းတိုက်ပွဲပင်။

အနားယူမလို့လား ။

ယန်ကျန်းက ယန်ယဲ့ ကို
အချိန်အကြာကြီး စိုက်ကြည့်ပြီး
ခေါင်းညိတ်ပြသည်။ "မင်း ဘယ်လောက်

အရှက်ကင်းမဲ့လဲဆိုတာ ငါ
လျှော့တွက်ခဲ့တယ်။ ဒါကြောင့်
ဓားကျင့်ကြံသူတိုင်းက
လှည့်ကွက်တွေချည်းပြည့်နေတာပဲ ”

ယန်ယဲ့ သည် စွမ်းအင်ပုလဲနှစ်လုံးကို
ထုတ်ကာ မျိုချလိုက်၏။ ထို့နောက်
ယန်ကျန်းကို စိုက်ကြည့်ကာ
“ငါကအရှက်မရှိဘူးလား။ မင်းက ငါ့ကို
အုပ်စုလိုက်တိုက်ခိုက်နေတာတောင်မှ

ငါ့ကို အရှက်မရှိဘူးလို့

ပြောသေးတယ်လား"

စကားပြောနေရင်းဖြင့် နတ်ဓားကို

ကိုင်လျက် သူ့ရှေ့မှ လူအုပ်စု ဆီသို့

လျှောက်လာသည်။

ယန်ကျန်း၏ မျက်လုံးများက

အနည်းငယ် ကျဉ်းသွားကာ "ဘာလဲ။

အနားယူပြီးပြီလား"

ယန်ယဲ့ သည် စကားပြန်မပြောခဲ့ပေ။

ထိုအချိန်တွင် ထာဝရတန်ခိုးရှင် ၂၁ ဦးက

သူ့အား ပတ်ပတ်လည်ကနေ

ဝိုင်းထားသည်။တစ်ချိန်တည်းမှာပင်

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်များက သူ့ပတ်ဝန်းကျင်ကို

လွှမ်းခြုံထားသည်။

ယန်ယွဲ့ သည် လူအုပ်စုကို
တစ်ချက်ကြည့်လိုက်ပြီး မျက်လုံးကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။

ယန်ကျန်း က ယန်ယွဲ့ကို ခဏကြာ
စိုက်ကြည့်ပြီး
"သတ်ပစ်လိုက်"ဟုပြောခဲ့သည်။

ဝှစ်...

လေထုကွဲအက်သံ

ထွက်ပေါ်လာပြီးနောက် လုံတစ်ချောင်းက

ယန်ယဲ့ရှေ့သို့ ရောက်ရှိလာသည်။ ယန်ယဲ့

သည် မလှုပ်ရှားသေးဘဲ

မျက်လုံးမိတ်ထားလျက် ငြိမ်နေတုန်းပင်။

လုံက သူ၏နဖူးနှင့် ၁၀ မီတာအကွာသို့

ရောက်လာသည့်အခါ

လက်ကိုဆတ်ခနဲလှုပ်လိုက်ရုံသာ။

နတ်ဓားက အဆိပ်ပြင်းသော

မြွေတစ်ကောင်အလား တွန့်လိမ်ကို

ရှေ့ကိုထိုးခွဲသွားသည်။

ထိုခဏလေးမှာပဲ နတ်ဓားက

လှံထိပ်ဖျားကို ထိုးချလိုက်သည်။

ဖုန်း...

နားကွဲမတတ် ပေါက်ကွဲသံ

ထွက်ပေါ်လာသည်။ လှံက ပြင်းထန်စွာ

တုန်ခါပြီး အပိုင်းပိုင်းကွဲထွက်သွား၏။

လုံကိုင်သော ထာဝရတန်ခိုးရှင် ကတော့

နောက်သို့ ဆက်တိုက် ဆုတ်သွားရသည်။

ထိုအချိန်တွင် ယန်ယဲ့သည် ညာခြေကို

တစ်ချက်ဆောင့်ကာ

ရှေ့သို့ခုန်ထွက်လိုက်သည်။သူ့ပုံရိပ်က

လျှပ်စီးလက်သကဲ့သို့ပင်

ထာဝရတန်ခိုးရှင် ရှေ့သို့

ချက်ချင်းရောက်ရှိလာသည်။

တစ်ချိန်တည်းမှာပဲ

ထာဝရတန်ခိုးရှင်တစ်ပါးက

ယန်ယဲ့၏နောက်ကွယ်၌ ပေါ်လာခဲ့သည်။

သို့သော်လည်း ယန်ယဲ့ သည်

သူ့နောက်ကွယ်မှ ထာဝရတန်ခိုးရှင် ကို

ဂရုမစိုက်ခဲ့ပေ။ သူသည် သူ့ကိုယ်သူ

ကာကွယ်မနေတော့ဘဲ

ခြေတစ်ချက်ဆောင့်ကာအလင်းတန်းတ

စ်ခုအဖြစ် ပြောင်းလဲပြီး ရှေ့သို့
ခုန်ထံက်သွားသည်။

ပြန်လည်မွေးဖွားခြင်း၏ဓား ။

ယန်ယဲ့၏တိုက်ခိုက်မှုကြောင့် သူ့ရှေ့မှ
ထာဝရတန်ခိုးရှင်ဟာ ချက်ချင်း
မျက်နှာပျက်သွားသည်။ နောက်ဆုံးတွင်
သူက အခြားထာဝရတန်ခိုးရှင်များ၏
အကူအညီကို မယူနိုင်သေးပါ။

သို့သော်လည်း ယန်ယဲ့း၏နောက်ကွယ်မှ ထာဝရတန်ခိုးရှင်ကတော့ ပူးပေါင်းခွန်အားပိုင်ဆိုင်ထားသည်။

အခြားသူများ၏ ပေါင်းစပ်စွမ်းအင်ကို မရယူနိုင်သော်လည်း ထာဝရတန်ခိုးရှင်က ထူးထူးခြားခြား ငြိမ်သက်နေခဲ့သည်။

ထိုခဏလေးမှာပဲ

သူ၏ဆန်းကြယ်ချီစွမ်းအင်ဟာ

ရှူးသွပ်စွာ မြင့်တက်လာသည်။ ထို့နောက်

သူ့လက်ဝါးကို ဓားသွားအဖြစ်

အသုံးပြုကာ ယန်ယွဲ့ကို လက်ဝါးစောင်း

ခုတ်ပိုင်းလိုက်သည်။

ထိုအချိန်တွင် ယန်ယွဲ့၏ နောက်ကွယ်မှ

ထာဝရတန်ခိုးရှင် ဟာ အဖြစ်အပျက်ကို

ကောင်းကောင်းနားလည်သွား၏။

သူသည်

ချက်ချင်း အရှိန်မြှင့်ကာ ယန်ယဲ့၏

နောက်သို့

ခဏလေးနှင့်ရောက်လာခဲ့သည်။

သို့သော်လည်း ယန်ယဲ့သည်

မရပ်တန့်ခဲ့ပေ။ သိပ်မကြာခင်မှာပဲ

နတ်ဓားက ထာဝရတန်ခိုးရှင်၏

လက်ဝါးကို

ကန့်လန့်ဖြတ်ပိုင်းချလိုက်တော့သည်။

ဆူး...

ထို ထာဝရတန်ခိုးရှင်၏ အမူအရာသည်

ချက်ချင်းပင် ပြောင်းလဲသွားသည်။

အကြောင်းကတော့ ယန်ယွဲ့၏နတ်ဓားက

သူ့လက်ဖဝါးအလယ်တည့်တည့်ကို

ထိုးဖောက်သွားလို့ပါ။ ထိုအချိန်တွင်

ယန်ယဲ့၏ နောက်ကွယ်မှ

ထာဝရတန်ခိုးရှင်က

လှံဖြင့်ထိုးသွင်းလိုက်သည်။

သို့သော်လည်း ယန်ယဲ့၏ နောက်ကျောမှ

အနက်ရောင်ဒိုင်းလွှာတစ်ခု

ရုတ်တရက်ပေါ်လာပြီး

လှံကိုတားဆီးလိုက်သည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့ သည်
ညာခြေကို တစ်ချက်ဆောင့်ကာ ရှေ့ကို
ခုန်ထွက်လိုက်သည်။

ဆူး....

အလင်းတန်းတစ်ခု
လင်းလက်လာပြီးနောက်
ခေါင်းပြတ်တစ်လုံးက လေထဲသို့
ပျံတက်သွားသည်။ ထိုအတောအတွင်း

ယန်ယဲ့၏

နောက်ကျောဖက်ရောက်နေသော

ထာဝရတန်ခိုးရှင်က သူ့လှံဖြင့်

အနက်ရောင်ဒိုင်းလွှာပေါ်

ထိုးချလိုက်တော့သည်။

အုန်း...

လှံမှ သယ်ဆောင်လာသော စွမ်းအားက

ယန်ယဲ့ ကို

အတော်ဝေးဝေးရောက်သည်ထိ

လွင့်ထွက်သွားစေသည်။ သို့သော်လည်း

၁၀ မီတာခန့်အကွာရောက်သည်နှင့်

ယန်ယဲ့ သည် သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်။

ထို့နောက်တွင်တော့ ယန်ယဲ့ သည်

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ထိုခဏလေးမှာပဲ ယန်ယဲ့ သည် သူ့အား

လှံဖြင့်ထိုးလိုက်သည့်

ထာဝရတန်ခိုးရှင်၏ နောက်မှာ
ပြန်ပေါ်လာခဲ့သည်။

ဘုန်း...

ထို ထာဝရတန်ခိုးရှင်က
ကြိုသိနေသည့်အလား သူ့ထံမှ
ပြင်းထန်သောအရှိန်အဝါတစ်ခု
ပေါက်ကွဲထွက်လာသည်။

ယန်ယဲ့သည် ချက်ချင်း

နောက်ပြန်ဆုတ်သွားရ၏။

ထာဝရတန်ခိုးရှင်က နောက်လှည့်ပြီး

ယန်ယဲ့ကို လှံနှင့် ထိုးလိုက်သည်။

ယန်ယဲ့ သည် အခြေအနေကို

သိနေသည့်အတိုင်းပင်၊ သူ့ကိုယ်သူ

နောက်ပြန်ဆုတ်ရင်း

နတ်ဓားကိုဆွဲထုတ်ကာ အနီးဆုံး

ထာဝရတန်ခိုးရှင်ကို
လျှပ်တစ်ပြက်ပိုင်းချလိုက်သည်။

ထိုပညာရှင်၏ အမူအရာသည်
ချက်ချင်းပြောင်းလဲသွားသည်။ ယန်ယဲ့
သည်နောက်ကွယ်မှ
လုံ့ဖြင့်ထိုးသွင်းလာသည်ကို
လစ်လျူရှုကာ သူ့ကို
တိုက်ခိုက်လိမ့်မည်ဟု
မမျှော်လင့်ထားပေ။

ကံကောင်းထောက်မစွာပင်

အခြားထာဝရတန်ခိုးရှင်များ၏ ပေါ်စပ်

စွမ်းအင်များက သူ့ထံ ရုတ်တရက်

တိုးဝင်လာသည်။ စွမ်းအင်များ

တိုးဝင်လာသည်နှင့် တပြိုင်နက် ယန်ယဲ့

သည် နတ်ဓား ကို ပြန်ရုတ်ကာ

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ထို့နောက်တွင် သူ့နောက်ကွယ်မှ

တိုက်ခိုက်လိုက်သော

ထာဝရတန်ခိုးရှင်၏နောက်မှာရောက်နေ

ခဲ့သည်။

ဆူး....

အလင်းတန်းတစ်ခု ဖျတ်ခနဲ

လင်းလက်လာပြီး ခေါင်းပြတ်တစ်လုံး

လေထဲသို့ ပျံတက်သွားသည်။

ထိုမြင်ကွင်းအား မြင်သောအခါ
ယန်ကျန်းက ချက်ချင်းပင်
မျက်နှာပျက်သွားခဲ့သည်။

ယန်ယဲ့ သည် ထိုထာဝရတန်ခိုးရှင်ကို
သတ်လိုက်ပြီးသည်နှင့် နောက်တစ်ကြိမ်
ပျောက်သွားခဲ့သည်။

ထိုကဲ့သို့ပင်
အချိန်အနည်းငယ်ကြာသည့်အခါ

ထာဝရတန်ခိုးရှင်တစ်ပါး

ထပ်ပြီးအသတ်ခံလိုက်ရပြန်သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

တဖြည်းဖြည်း အသာစီးရလာခဲ့သည်။

သူသည်

ဝိညာဉ်ချီပေါင်းစပ်ခြင်းအစီအရင် ကို

ကိုင်တွယ်ဖြေရှင်းရန်

နည်းလမ်းရှာတွေ့သွားလို့ပါ။

အစွမ်းထက်ကျင့်ကြံသူ ၂၁ ဦး၏
ပူးပေါင်းတိုက်ခိုက်မှုအား အနိုင်ယူ၍
မရပေ။ သူတို့၏ ပူးပေါင်းခွန်အားဟာ
ဝိညာဉ်ချီပေါင်းစပ်ခြင်းအစီအရင်၏
အားသာချက်ပါ။ သို့သော်လည်း
အားနည်းချက်ဟုပင်ဆိုနိုင်၏။
အကြောင်းကတော့
အခြားတစ်ယောက်ကို

အင်အားအပြည့်ပို့လွှတ်ပေးလိုက်တိုင်း

ကျန်လူအားလုံးက သာမန်ဖြစ်နေလို့ပါ။

တစ်နည်းအားဖြင့် သူသည် ဤနေရာရှိ

ကျင့်ကြံသူ ၂၁ ယောက်လုံးကို

တပြိုင်နက်တည်း

တိုက်ခိုက်ဖို့မလိုတော့ပေ။

အခွင့်ကောင်းစောင့်၍

တစ်ယောက်ချင်းစီကို

သတ်လိုက်ရုံသာ။ မှန်သည်၊

ခြွင်းချက်အနေဖြင့်တော့ သူသည်

တစ်ချက်တည်းဖြင့် အဆုံးသတ်နိုင်သော

ခွန်အားပိုင်ဆိုင်ထားရပါမည်။

လက်ရှိတွင် သူသည်

ထာဝရတန်ခိုးရှင်တစ်ပါးကို

ချက်ချင်းသတ်ပစ်နိုင်လိုက်သောကြောင့်

အခြေအနေက

ပြောင်းပြန်ဖြစ်လာခြင်းပါ။

ထိုအတိုင်းပင်၊ ၁၀ မိနစ်အတွင်းမှာပဲ
ယန်ယဲ့ သည် ထာဝရတန်ခိုးရှင်
တစ်ဒါဇင်နီးပါးကို သတ်ပစ်လိုက်သည်။
လက်ရှိကျန်နေခဲ့သော အစုအဖွဲ့က
သူ့အတွက် ပြဿနာမဟုတ်တော့ပေ။

ယန်ကျန်း က အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီးနောက် ရုတ်တရက်
ချက်ချင်းပင် ပျောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် လုလီကူး လည်း ထိုနေရာတွင်ပင် ပျောက်သွားခဲ့သည်။

ထို့နောက်တွင်တော့ နှင်းဖြူရောင်ဓားအလင်းတန်းများ လင်းလက်လာသည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက် လုလီကူး သည်

နဂိုသူရပ်နေသည့်နေရာသို့
ပြန်လွင့်သွားခဲ့သည်။ ယန်ကျန်း ကတော့
နေရာမှာတင် ရပ်နေ၏။

လုလီကူးက တဟားဟားရယ်ပြီး
"အကြီးဆုံးသခင်လေး၊
နည်းနည်းလောက် လေ့ကျင့်ရအောင်"

ယန်ကျန်း က လုလီကူး ကို
တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ

"ကောင်းပြီ။ ဒီလိုဆို ငါမင်းကို
အရင်သတ်မယ်"ဟုပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်ကွယ်သွား၏။ လုလီကူး လည်း
ဖျတ်ခနဲ ပျောက်သွားခဲ့သည်။

နှစ်ယောက်စလုံးက ချက်ချင်းပင်
အပြင်းအထန်တိုက်ခိုက်လိုက်ကြသည်။
လုလီကူး၏ ခွန်အားက

မဆိုးပါ။သို့သော်လည်း ယန်ကျန်း
နှင့်တော့မယှဉ်နိုင်ခဲ့ပေ။
တိုက်ပွဲစတင်သည်နှင့် လုလီကူးက
ယန်ကျန်း၏တိုက်ခိုက်မှုများကိုသာ
အသည်းအသန် ခုခံနေရတော့သည်။

သို့သော်လည်း လုလီကူး၏
မျက်နှာကစိုးရိမ်ထိတ်လန့်နေဟန်မပြပေ
။ အကြောင်းမှာ သူသည်
တမင်အချိန်ဆွဲနေလို့ပါ။

သူ့စိတ်ထဲ၌လည်း ယန်ကျန်းကို

သတ်ဖို့အထိ ရည်ရွယ်ချက်မရှိပေ။ သူက

အချိန်ဆွဲရုံလောက်သာမဟုတ်ပါလား။

တစ်နည်းအားဖြင့် သူက ယန်ယဲ့အတွက်

ပိုပြီးဝန်မပိစေချင်လို့ပါ။

May Be:

၂၀၂၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၂၀ - နဝမြောက်သခင်ငယ်ရောက်လာခြင်း

အုန်း...

၁၀ မိနစ်ခန့်အကြာတွင် ပေါက်ကွဲသံထွက်ပေါ်လာပြီး လုလီကူး၏ပုံရိပ်က ၃ ကီလိုမီတာအကွာသို့

လွင့်ပျံထွက်လာခဲ့သည်။ သူ့ကိုယ်သူ
ရပ်တန့်လိုက်သည်နှင့် တပြိုင်နက်
ပါးစပ်ထောင့်မှ သွေးများ
စိမ့်ထွက်လာသည်။ ထိုအတောအတွင်း
ယန်ကျန်းက လုလီကူး ရှေ့၌
ထပ်ပေါ်လာပြီး လက်ဝါးဖြင့်
ဆတ်ခနဲရိုက်ချလိုက်သည်။

လုလီကူး၏ ပတ်ပတ်လည်ရှိ
အာကာသပြင်သည် ချက်ချင်းပင်

တုန်ခါလာခဲ့သည်။ ထို့နောက်တွင်
ပြင်းထန်သော အားလှိုင်းများ
ဖြာထွက်လာကာ လုkလီကူး ကို ထပ်မံ
လွင့်ထွက်သွားစေသည်။

ယန်ကျန်းက ထပ်မံတိုက်ခိုက်ရန်
ပြင်လိုက်သော်လည်း သူ၏အမူအရာက
ရုတ်တရက် ပြောင်းလဲသွားသည်။
သူသည် ချက်ချင်းနောက်လှည့်ပြီး
အဝေးမှ တိုက်ပွဲ ကို လှမ်းကြည့်လိုက်၏။

ထိုအခါ  တိုက်ပွဲ ပြီးဆုံးသွားသည်ကို သတိပြုမိလိုက်သည်။ ထိုနေရာတွင် လူတစ်ဦးတည်းသာ ကျန်နေခဲ့၏။ ထိုလူက ယန်ယဲ့ ပါ။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏ခြေရင်းက ခေါင်းပြတ် ၂၁ လုံး စုပုံထားခဲ့သည်။

သို့သော်လည်း ယန်ယဲ့ သည်
ပြင်းထန်သော ထိခိုက်မှု မရှိခဲ့ပေ။
သူ့ပါးစပ်ထောင့်မှ သွေးအနည်းငယ်
စီးကျရုံလောက်သာ။

သူသည် အစွမ်းထက်ကျင့်ကြံသူ ၂၁
ယောက်လုံးကို သတ်လိုသောကြောင့်
တန်ကြေးတစ်ခုတော့ ပေးဆပ်ရ၏။
အကျိုးဆက်အနေနှင့် လက်ရှိတွင်
သူ့ခန္ဓာကိုယ်အနှံ့ အတွင်းအပြင်နှစ်ခုလုံး

ဒဏ်ရာအပြည့်ပါ။ သို့သော်လည်း ယန်ယဲ့အတွက်တော့ ပြဿနာမရှိပေ၊ အသေးအဖွဲ့မျှသာ။ အကြောင်းမှာ သူသည် မူလခရမ်းရောင်စွမ်းအင် ပိုင်ဆိုင်ထားလို့ပါ။ တစ်ဖက်လူက သူ့အား တစ်ချက်တည်းဖြင့် မသတ်နိုင်သရွေ့ ဒဏ်ရာအားလုံးဟာ သူ့အတွက် သာမန်အရာလိုပင်။

ထိုအချိန်တွင် ယန်ကျန်း က ယန်ယဲ့ ကို

အချိန်အကြာကြီး စိုက်ကြည့်နေသည်။

သူက "မင်းကို ငါ

တကယ်လျှော့တွက်ခဲ့မိတယ်။

တကယ်ပါပဲ။

ငါတို့အထက်အာဏာပိုင်တွေပါ မင်းကို

လျှော့တွက်ထားတယ်။

မင်းဒီလောက်သန်မာမယ်လို့

ငါဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး"ဟုပြောပါသည်။

ယန်ယွဲ့ သည် အနည်းငယ် ပြုံးပြပြီး

"ကောင်းကြီး။ ယန်ကလန် ရဲ့ အကြီးဆုံး

သခင်ငယ်က ဘယ်လောက်

သန်မာသလဲဆိုတာ ကြည့်ပါရစေ"

အောင်း....

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

ဖျတ်ခနဲပျောက်သွားပြီး

စူးရှသောဓားအူသံတစ်သံ
ထွက်ပေါ်လာသည်။

အောင်း...

တစ်ချိန်တည်းမှာပင်
ယန်ကျန်း၏ပုံရိပ်လည်း နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

အုန်း...

သိပ်မကြာလိုက်ပေ။ မိုးချိန်းသံအလား

ပေါက်ကွဲသံကြီး

ပဲ့တင်ထပ်လာသည်။အထက်အာကာသ

ပြင်ဟာ ပြင်းထန်စွာ တုန်လှုပ်သွားကာ

ပုံရိပ်နှစ်ခု လွင့်ပျံလာသည်။

သို့သော်လည်း ခဏအကြာမှာပဲ

ချက်ချင်း တိုက်ခိုက်ကြသည်။

ထိုအချိန်တွင် ကောင်းကင်ယံအထက်၌

စွမ်းအင်လက်ဝါးရိုပ်များ နှင့် ဓားစွမ်းအင်

အမြောက်အမြား ဖြာထွက်လာသည်။

ထို့အပြင် ပတ်ဝန်းကျင်တစ်ခုလုံးဟာ

တလှုပ်လှုပ်နှင့် တုန်ခါနေသည်။

ချက်ချင်း

ပြိုလာတော့မည့်အလားပင်ထင်ရလေ၏

။

ဘုန်း....

ကြောက်မက်ဖွယ်ပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက်တွင်

အထက်အာကာသပြင်သည်

ကွဲအက်သွားသည်။ တစ်ချိန်တည်းမှာပင်

နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်လာကြသည်။

နောက်ဆုံးမရပ်ခင် ၃

ကီလိုမီတာနီးပါးအကွာထိ

ဆက်တိုက်ဆုတ်လိုက်ရသည်။

ဒီအချိန်မှာ ယန်ကျန်း၏ ပါးစပ်ထောင့်မှ

သွေးများ စီးကျနေကာ

ရင်ဘတ်တစ်ခုလုံးလည်း နီရဲနေခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

ဖျတ်ခနဲပျောက်သွားပြီးနောက်

ဓားစွမ်းအင်တစ်စင်းက ယန်ကျန်းရှေ့သို့

ချက်ချင်းရောက်ရှိလာသည်။

ယန်ကျန်း၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူ့လက်ကိုအမြန် မြှောက်လိုက်ပြီး

လက်ဝါးကို ရှေ့သို့ ပုတ်လိုက်သည်။

သူ့ရှေ့ရှိ အာကာသထဲမှ

စွမ်းအင်လက်ဝါးတစ်ဖက် ရုတ်တရက်

ထွက်လာသည်။

အုန်း....

စွမ်းအင်လက်ဝါးက ချက်ချင်းပင်
ကွဲထွက်သွားသည်။ တစ်ချိန်တည်းမှာပင်
ယန်ကျန်း၏ပုံရိပ်က နောက်ထပ် ၁
ကီလိုမီတာအကွာသို့
လွင့်ထွက်လာသည်။

ဖူး...

သူ့ကိုယ်သူ ရုပ်တန့်လိုက်သည်နှင့်

တပြိုင်နက် သူ့ပါးစပ်ထဲမှ သွေးများ

အန်ထွက်လာသည်။

ယန်ကျန်း က သူ့ပါးစပ်ထောင့်မှ

သွေးများကို သုတ်လိုက်ပြီး ယန်ယဲ့ ကို

မော့ကြည့်ကာ "မင်းကို ငါ

တကယ်လျှော့တွက်ခဲ့တယ်။ ငါ မင်းကို

လုံးဝ လျှော့တွက်ခဲ့တယ်"

ဟုပြောလိုက်သည်။

ယန်ယဲ့ က ပြုံးပြီး မေးလိုက်
"ပြီးတော့...."

ယန်ကျန်း က ယန်ယဲ့ ကို
အချိန်အကြာကြီး စိုက်ကြည့်နေသည်။
ခဏကြာမှ "ငါ မင်းကို မသတ်နိုင်ပေမယ့်
တခြားသူတွေ လာလိမ့်မယ်" ဟု
ပြန်ဖြေလိုက်သည်။

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်
သူ့လက်ထဲ၌ ရွှေရောင်
အဆောင်တစ်ခုပေါ်လာသည်။

သို့သော်လည်း ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ
ဝိညာဉ်ကိုယ်ပွား ရုတ်တရက်
လွင့်ထွက်လာသည်။ ဝိညာဉ်ကိုယ်ပွားက
နတ်ဓားကိုကိုင်ထားလျက် နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

စိတ်ဝိညာဉ် ဓားပြန်လည်မွေးဖွားခြင်း ။

ထာဝရအဆင့် စိတ်ဆန္ဒနှစ်ခုပါ

ပေါင်းစပ်ထား၏။

ခွမ်း....

အလင်းတန်းတစ်ခု

လင်းလက်လာပြီးနောက်တွင်

ယန်ကျန်း၏ ပတ်လည်ရှိ
ရွှေရောင်အလင်းတန်းများ
ကွဲအက်သွားသည်။ ထို့နောက်တွင်
ယန်ကျန်း၏ မျက်လုံးများသည်
ပြူးကျယ်သွားသည်။

လေပြင်းတစ်ချက် အဝှေ့မှာပင်
ယန်ကျန်း၏ခေါင်းဟာ လည်ပင်းမှ
ပြတ်ထွက်သွားသည်။

ထိုအချိန်တွင် ယန်ယဲ့၏

ဝိညာဉ်ကိုယ်ပွားဟာ သူ့ခန္ဓာကိုယ်ထဲသို့

ပြန်ဝင်သွားခဲ့သည်။

ယန်ယဲ့ သည် ခဏမျှ

ငြိမ်သက်နေပြီးနောက်

ယန်ကျန်း၏ခေါင်းပြတ် ဆီသို့

လျှောက်သွားသည်။

ထိုအချိန်တွင် အထက် ကောင်းကင်မှ

အသံတစ်သံ

ရုတ်တရက်ထွက်ပေါ်လာသည်။ အသံက

"ငါတို့အားလုံး မင်းကို

လျှော့တွက်ခဲ့ကြတယ်"ဟူ၍ပါ။

ယန်ယဲ့ သည် ကောင်းကင်ကို

မော့ကြည့်ပြီး ပြုံးကာ “မင်းတို့ ငါ့ကို

လျှော့တွက်ရင် ငါကြိုက်တယ်။ ဒါမှသာ

ငါ့နှလုံးသားထဲက ကျေနပ်တဲ့အထိ
သတ်နိုင်မှာလေ"ဟုပြောလိုက်သည်။

စကားပြောနေရင်း ပါးစပ်ထောင့်ရှိ
သွေးများကို လျှာဖြင့်သပ်လိုက်သည်။
ထို့နောက် သူ့မျက်နှာပေါ်တွင်
ဆိုးညစ်သော အပြုံးတစ်ခုနှင့်
“မင်းသိလား... ငါက လူသတ်ရတာကို
စွဲလမ်းနေပြီထင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ သတ်ပစ်ရတာကို သဘောကျလို့”

တစ်ချိန်တည်းတွင် ယန်ကျန်း၏ ခေါင်းကို ကိုင်ထားရင်း တဟားဟားရယ်မောကာ "နောက်ထပ်ပို့လိုက်ပါ။ ငါစိတ်ကျေနပ်တဲ့အထိသတ်ပါရစေ"ဟု ထပ်ပြောလိုက်သည်။

စကားပြောပြီးသည်နှင့်

ယန်ယွဲ့၏အရေပြားအောက်ရှိ

သွေးကြောများက

အနည်းငယ်တွန့်သွားတော့သည်။

နှလုံးသားထဲမှ ကျေနပ်သည်ထိ

သတ်ပစ်ချင်သည်လား။

ယန်ယဲ့၏ အသံသည်

ငြိမ်သက်ခြင်းမြို့တော်တစ်ခုလုံးသို့

ဟိန်းထွက်နေသည်။

လုလီကူးက ယန်ယဲ့ကို လှမ်းကြည့်ပြီး

"လူသတ်ရတာကို စွဲလမ်းနေတာ...

ဒီလူ...

ရူးသွားပြီလား"ဟုရေရွတ်လိုက်သည်။

အမှန်ပင်၊

ယန်ယွဲ့၏လက်ရှိအခြေအနေဟာ

လုံးဝကို ရှုံးသွပ်နေပုံပေါ်သည်။

တစ်ချိန်တည်းမှာပင်

သူ၏နှလုံးသားသည်

နာကြည်းမှုအပြည့်နှင့်ပါ။ သူသည်

ယန်ကလန်ကို ပြန်မလာချင်ခဲ့ပေ။

ယန်ကလန်၏အာဏာပိုင်များက သူ့အား

အတင်းအကြပ်ဖိအားပေးကာ

ပြန်လာခိုင်းကြသည်။ သို့သော်လည်း သူသည် ဆက်ခံသူတိုက်ပွဲအတွက် ပြန်လာပြီးနောက် ယန်ကလန်က သူ့အား ဖယ်ရှားပစ်ရန်ကြိုးစားနေခဲ့လေသည်။

ပြန်မလာပါက သေခြင်းတရားက ရောက်လာမည်ဖြစ်သလို ပြန်ရောက်လာသည့်တိုင် သေဆုံးရပါမည်။

တစ်နည်းပြောရလျှင်

လက်ရှိသူ့အခြေအနေဟာ

နောက်ပြန်ဆုတ်ဖို့တောင်မရှိတော့သော

ထောင့်တစ်နေရာသို့ရောက်နေခဲ့လေပြီ။

ထိုအခြေအနေကလည်း ပုံမှန်ပါ။

ဤလောကသည်

အင်အားကြီးသူသာလေးစားခံရ၏။

အင်အားကြီးသူက

အားနည်းသူကိုဂရုစိုက်နေမှာမဟုတ်ပေ။

ဖြစ်စဉ်ဟာ သေမျိုးကမ္ဘာမှ

ကောရာဇ်မင်းတစ်ပါးနှင့်ပင်တူသည်။

ကောရာဇ်က လက်အောက်ငယ်သား၏

ခေါင်းကို အလိုရှိလျှင် ထိုလူဟာ

အသေခံရုကလွဲ၍ ရွေးချယ်စရာမရှိပေ။

အကြောင်းမှာ ကောရာဇ်မင်းက

သန်မာနေလို့ပါ။

သန်မာသူများ လေးစားခံရသည့်

ဤလောက၌ ခွန်အားရှိသူဟာ

စိတ်တိုင်းကျလုပ်ဆောင်နိုင်၏။

အားနည်းသူတိုင်းဟာ

သူတို့ရင်ဆိုင်ရမည့်

ကံကြမ္မာကိုသာလက်ခံရပေမည်။

"အဟွတ်...ဟွတ်..." ထိုအချိန်တွင်

ချောင်းဆိုးသံ ထွက်ပေါ်လာပြီး

တိတ်ဆိတ်နေမှုကို ဖြိုခွင်းလိုက်သည်။

ယန်ယဲ့ နှင့် လုလီကူး တို့နှစ်ယောက်လုံး

ချောင်းဆိုးသံထွက်လာသည့်ဖက်ကို

လှည့်ကြည့်လိုက်၏။ ထိုအခါ အဝေးဆီမှ

လူနှစ်ယောက် ဖြည်းညှင်းစွာ

လမ်းလျှောက်လာနေသည်ကို

မြင်ရသည်။ ရှေ့ကနေ

ဦးဆောင်လာသူက ယန်ကလန်၏

နဝမမြောက်သခင်ငယ် ယန်ရှန်းပါ။

ယန်ရှန်း၏ နံဘေးတွင်

အနက်ရောင်ဝတ်အမျိုးသားတစ်ဦး

လိုက်ပါလာသည်။

အနက်ရောင်ဝတ်အမျိုးသားက

တစ်ကိုယ်လုံး အနက်ရောင်ဝတ်ရုံဖြင့်

ဖုံးအုပ်ထားလေရာ သူ၏အသွင်အပြင်ကို

မမြင်နိုင်ပေ။

ယန်ရှန်း နှင့်

အနက်ရောင်ဝတ်ရုံအမျိုးသားက

သူတို့နှင့် မီတာ ၃၀ ခန့်အကွာ၌

ရပ်သွားကြသည်။ ယန်ရှန်းက

ပေါ့ပေါ့ပါးပါး ချောင်းဆိုးလိုက်ပြီး

မြေပြင်ပေါ်ကျနေသော ယန်ကျန်း၏

ခေါင်းပြတ်ကို စိုက်ကြည့်လိုက်သည်။

အချိန်အတော်ကြာအောင် ကြည့်နေပြီးမှ

ခေါင်းကို အနည်းငယ်ခါယမ်းကာ

"ငါတို့အစ်ကိုအကြီးဆုံးက

တော်တော်တော်တဲ့လူပဲ" ဟု

ပြောပါသည်။

ယန်ယဲ့ က ယန်ရှန်း ကို စူးစိုက်ကြည့်ပြီး

ပြောလိုက်သည် " ငါလည်း သူက

တော်တော်ကောင်းတဲ့လူလို့ ထင်ပါတယ်။

ဘာပဲဖြစ်ဖြစ် လူသေတွေက

အသုံးမဝင်ဘူး။ ဟုတ်တယ်မလား"

ယန်ရှန်း က ယန်ယဲ့ ကို

မော့ကြည့်လိုက်ပြီး "တကယ်တော့

မျိုးနွယ်စုက တစ်ချို့ကိစ္စတွေမှာ

တော်တော် မတရားပြုမူတယ်လို့

ငါထင်ပါတယ်။ ဥပမာအားဖြင့်၊

အတိတ်မှာ မင်းရဲ့အဖေက မျိုးနွယ်စုကို

ပံ့ပိုးပေးခဲ့တယ်။ မင်းဟာ မျိုးနွယ်ကို

မထောက်ပံ့ခဲ့ပေမဲ့ အများတစ်ခုမှ

မလုပ်ခဲ့ဘူး။ ဒီတော့ မျိုးနွယ်စုက မင်းကို ဒီလိုဆက်ဆံတာ မတရားဘူး"

ယန်ယဲ့က စိတ်ဝင်စားမှာ ချက်ချင်းမြင့်တက်လာပြီး "ငါ တော်တော် အံ့သြသွားတယ်။ ဒါကြောင့်မို့လို့ မင်းတို့က သူတို့ကို နာခံပြီး ငါ့ကိုသတ်ဖို့ တွန်းအားပေးနေတာ မဟုတ်ဘူးလား"

"သူတို့ကို ဆန့်ကျင်ရမလား" ယန်ရှန်း က အနည်းငယ် ထိတ်လန့်သွားပြီး ခေါင်းခါလိုက်သည် “ငါတို့ မလုပ်နိုင်ဘူး။ အဲဒီလိုလုပ်ဖို့လည်း တစ်ခါမှ မတွေးဖူးဘူး။ မျိုးနွယ်စုက မင်းအတွက် ဘာမှလုပ်ပေးတာမဟုတ်ပေမယ့် ငါတို့အားလုံးအတွက်ရှိတယ်။ မျိုးနွယ်စုရဲ့ အကူအညီမပါဘဲနဲ့ ငါတို့က လက်ရှိအောင်မြင်မှုတွေ ရမှာမဟုတ်ဘူး”

ယန်ယဲ့က "ဒါဆိုရင်...."

ယန်ရှန်း က ဆက်ပြောသည် "ဒါဆို မျိုးနွယ်စုက မင်းအပေါ် မတရားပြုမူနေရင်တောင်မှ မင်းသေသင့်တယ်လို့ ငါထင်တယ်"

ယန်ယဲ့ က အံ့ဩသွားပြီး "ဘာဖြစ်လို့လဲ"ဟုပြန်မေးလိုက်၏။

ယန်ရှန်း က "အရာရာတိုင်းမှာ
သူ့ကိုယ်ပိုင် အရေးကြီးတဲ့
အဆင့်ရှိတယ်။ မင်းက အရေးမကြီးဘူး၊
မျိုးနွယ်စုကအဓိကပဲလေ။ ဒါ့အပြင် ငါ၊
ငါတို့ရဲ့အကြီးဆုံးအစ်ကို ဒါမှမဟုတ်
ဆက်ခံသူဖြစ်လာတဲ့
တခြားသခင်ငယ်တွေ ဆိုရင်တောင်
သူတို့က မျိုးနွယ်စုကို
ခြိမ်းခြောက်မှာမဟုတ်ဘူး။ ဒါပေမဲ့

မင်းသာ ဆက်ခံသူဖြစ်လာရင်တော့

မျိုးနွယ်စုက သေချာပေါက်ကို

အတွင်းရေးတိုက်ပွဲတွေ ဖြစ်လိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ မင်း

ဆက်ခံသူဖြစ်သွားရင်

လူတော်တော်များများက

သက်တောင့်သက်သာ

နေနိုင်မှာမဟုတ်လို့ပဲ။

သူတို့စိုးရိမ်မိသလောက်က

မင်းဆက်ခံသူဖြစ်လာရင်

မင်းကိုသတ်ဖို့ဘာမှရပ်တန့်မှာမဟုတ်ဘူး

။ ဒါ့အပြင် မင်းရဲ့အဖေက

သူ့လက်အောက်ငယ်သားဟောင်းတွေပါ

ချန်ထားခဲ့တယ်။ သူတို့က မင်းကို

ကယ်တင်ဖို့ သေချာပေါက်

ကြိုးစားလိမ့်မယ်။ ဒါဆို မျိုးနွယ်စုက

ပရမ်းပတာ ဖြစ်သွားမှာပဲလေ"

May Be:

၂၀၂၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၂၁ - ယန်ရှန်း၏ ခွန်အား

ယန်ယဲ့ သည် ခဏမျှ ငြိမ်သက်သွားပြီး
ပြုံးကာ "ငါ ဒီကို
ပြန်မလာချင်ခဲ့ဘူး"ဟုပြောလိုက်၏။

ယန်ရှန်း က "ဒါပေမယ့်
မင်းလုပ်နေတုန်းပဲ"

ယန်ယွဲ့ က "ငါ့ကို
အတင်းအကြပ်လုပ်ခိုင်းတယ်"

ယန်ရှန်း က ခဏကြာထိ
လေးလေးနက်နက် စဉ်းစားပြီး “ငါတို့
မင်းကို ပြန်လာစေချင်တယ်၊ ဒါကြောင့်
မင်းလုပ်ရမယ်။ အခု ငါတို့ မင်းကို

သေစေချင်တယ် ၊ မင်းကိုယ်တိုင်

အသတ်ခံရမယ်”ဟုပြောပါသည်။

ယန်ယဲ့ က ရယ်မောလိုက်ပြီး

"ငါမသေချင်ဘူး"

ယန်ရှန်း က အနည်းငယ်

ခေါင်းညိတ်လိုက်သည် “ဘယ်သူမှ

မသေချင်ပါဘူး။ ဒါပေမဲ့ လူတိုင်းက

ကိုယ့်ဘဝကို မထိန်းချုပ်နိုင်ကြပါဘူး”

စကားပြောနေစဉ် သူ့လက်ဝါးကို
လှန်လိုက်ရာ
အနက်ရောင်ထီးတစ်ချောင်း
ပေါ်လာသည်။

အနက်ရောင်ထီး ပေါ်လာသည်နှင့်
ယန်ရှန်း၏ ပုံပန်းသွင်အပြင်က ချက်ချင်း
ပြောင်းလဲသွားသည်။ လက်ရှိအချိန်တွင်
သူသည် ယခင်ကဲ့သို့

နာမကျန်းမဟုတ်တော့ဘဲ မြင့်မားသော တောင်ကြီးတစ်လုံးလို ဖြစ်နေသည်။

ယန်ယဲ့ သည် သူ့ရှေ့မှ ယန်ရှန်းကို တစ်ချက်ကြည့်လိုက်ပြီး “မင်းလည်း ရှေးဟောင်းအမွေခံလား” ဟု မေးလိုက်သည်။

ယန်ရှန်း က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“တကယ်တော့ မဟုတ်ပါဘူး။

ယန်ရှူတောင်မှ တကယ့်ဆက်ခံသူ

မဟုတ်ဘူး။ ဒါပေမဲ့ ငါတို့က

ရှေးဟောင်းမျိုးနွယ်အချို့ရဲ့ အမွေကို

ရရှိခဲ့တယ်။ တကယ်တော့ သူတို့က

ရှေးဟောင်းမျိုးနွယ်လို့မယူဆနိုင်ပါဘူး

လေ။ ဘာလို့လဲဆိုတော့

ရှေးဟောင်းမျိုးနွယ် ပျောက်သွားပြီးမှ ပေါ်လာကြလို့ပဲ။ ဒါကြောင့် သူတို့က ရှေးဟောင်းမျိုးနွယ် မဟုတ်ရင်တောင် ရှေးဟောင်းခေတ်ဦးရဲ့ ကျင့်ကြံသူတွေလို့ပြောရမယ်။ ဒါ့အပြင် သူတို့ဟာ ငါတို့လိုပါပဲ၊ လွန်ခဲ့တဲ့နှစ်တွေမှာ ပျောက်ကွယ်သွားတဲ့ ရှေးဟောင်းမျိုးနွယ် အကြောင်းကို စုံစမ်းနေတယ်”

သူက စကားခဏရပ်ပြီး “ငါ့အမေ့က လု

ဆိုတဲ့ မျိုးရိုးအမည်နဲ့

ရှေးခေတ်ကျင့်ကြံသူဆီက ရလာတာ။ ဒီ

ထီးက သူချန်ထားခဲ့တဲ့အရာပါ။ ပြီးတော့

အရမ်းအံ့သြစရာကောင်းတဲ့

မြင်းတစ်ကောင်လည်းရှိသေးတယ်။

ကံမကောင်းစွာပဲ၊ ဒီမြင်းက ငါ့ကို

အသိအမှတ်မပြုဘဲ

ထွက်ပြေးခဲ့တယ်”ဟုပြောခဲ့သည်။

ယန်ယဲ့ သည် ခဏမျှ  လေးလေးနက်နက်
စဉ်းစားပြီး
"စလိုက်ကြရအောင်"ဟုပြောလိုက်၏။

စကားပြောပြီးသည်နှင့် ယန်ယဲ့၏ပုံရိပ်က
ဖျတ်ခနဲပျောက်သွားခဲ့သည်။ ထို့နောက်
ယန်ရှန်း၏အထက်
လေထဲ၌ပြန်ပေါ်လာပြီး တစ်ဆက်တည်း
နတ်ဓားဖြင့် ပိုင်းချလိုက်သည်။

စစ်မှန်သော

ကောင်းကင်ဘုံဖျက်ဆီးခြင်းစား ၁၇

ကြိုးထပ် ။

ထိုအချိန်တွင် ပတ်ဝန်းကျင်ရှိ

အာကာသပြင်သည် ချက်ချင်း

ကွဲအက်သွားသည်။

ယန်ရှန်း၏အမူအရာသည်

တည်ငြိမ်နေတုန်းပါ။ သူ၏လက်ထဲမှ

အနက်ရောင်ထီးကို ဖွင့်ကာ

ယန်ယဲ့၏တိုက်ခိုက်မှုကို

တားဆီးလိုက်သည်။

ဖန်း....

သတ္တုတိုက်မိသံများ

ကျယ်လောင်စွာထွက်လာပြီး

ပတ်ဝန်းကျင်ရှိ အာကာသပြင်ဟာ

ချက်ချင်း ပြိုကျသွားသည်။

သို့သော်လည်း ခဏအတွင်းမှာပဲ

ပြိုကျနေသည့်နေရာကို

ပြုပြင်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့ သည် ၁

ကီလိုမီတာအကွာသို့

တွန်းထုတ်ခံလိုက်ရသည်။

သို့သော်လည်း ယန်ရှန်း သည် မီတာ ၃၀၀ လောက်သာ ပြန်ဆုတ်သွားခဲ့သည်။

ယန်ယဲ့ သည် နေရာတွင် ခဏရပ်နေပြီး သူ့ညာဖက်လက်ကို ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ သူ့လက်မောင်း ရှိလို့ရှိနေမှန်းပင် မခံစားနိုင်တော့ပေ။ ထို့အပြင် ညာဖက်လက်မောင်းတစ်ခုလုံး အက်ရာလေးများ အများအပြားဖုံးလွှမ်းထားခဲ့သည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ယန်ယွဲ့

သည် ယန်ရှန်း၏ လက်ထဲမှ

အနက်ရောင်ထီးကို လှမ်းကြည့်ကာ

"ဘယ်အဆင့်လက်နက်လဲ"ဟုမေးလိုက်

သည်။

ယန်ရှန်း က ပြုံးပြီး “မူလအဆင့်ရဲ့

အထက်ဆင့်”ဟူ၍ ပြန်ဖြေသည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

ထိုအတောအတွင်း ယန်ရှန်းက
“ဟုတ်တယ်။ ဒါဟာ အခုတော့
မူလတစ်ပိုင်းအဆင့် လက်နက်ပဲလို့
ယူဆနိုင်တယ်။ ဘာကြောင့်လဲ ဆိုတော့
အဲဒါကို အပြည့်အဝ
ပြုပြင်နိုင်စွမ်းမရှိလို့ပဲ။ လာပါ။
ငါ့ရဲ့ထီးအောက်မှာ အသေခံလိုက်"

စကားပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်သွား၏။ ထိုခဏလေးမှာပဲ

ယန်ယွဲ့၏ရှေ့၌ ရှိနေခဲ့သည်။

တစ်ချိန်တည်းတွင်

သူ၏အနက်ရောင်ထီးကို ယန်ယွဲ့ဖက်

ဖွင့်ချလိုက်သည်။

ဘောင်း....

အနက်ရောင်ထီးမှ ထွက်လာသည့်
စွမ်းအားလှိုင်းကြောင့်
အာကာသပြင်သည် ချက်ချင်းပင်
ကွဲအက်သွားခဲ့သည်။

ယန်ယဲ့၏ မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
ပေါ့ပေါ့ဆဆ မလုပ်ဝံ့ဘဲ
နတ်ဓားကိုဆွဲထုတ်ပြီး
အမြန်ပိုင်းလိုက်သည်။

ဤ၌တစ်ကြိမ်တော့ သူက

ထိန်းမထားတော့ပေ။ ဓားချက်က

ထာဝရအဆင့် စိတ်ဆန္ဒ

နှစ်ခုလုံးပေါင်းစပ်ထားသည့်အပြင်

နတ်ဆိုးဘုရား၏ စွမ်းအင်ကိုပါ

အသက်သွင်းကာ ရုပ်ခန္ဓာခွန်အားအပြည့်

ထုတ်ဖော်လိုက်သည်။

ဘုန်း…

ဆားက အနက်ရောင်ထီးကို

ပိုင်းချလိုက်သည်နှင့် နှစ်ခုစလုံး

ပြင်းထန်စွာ တုန်လှုပ်သွားသည်။ ယန်ယဲ့

သည် မီတာ ၃၀၀ အကွာသို့

လွင့်ထွက်သွားသည်။ ယန်ရှန်း ကတော့

တုတ်တုတ်မျှပင် မလှုပ်ခဲ့ပေ။

ယန်ယဲ့ သည် သူ့ညာဖက်လက်ကို

ငုံ့ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် သူ့လက်က

လုံးဝကွဲထွက်သွားပြီး သွေးများ

အဆက်မပြတ်

စီးကျလာသည်။လက်မောင်းတစ်ခုလုံး

သွေးများ ဖုံးလွှမ်းနေသော်လည်း

သူ့လက်မောင်းပေါ်ရှိ စည်းတံဆိပ်က

ပျက်စီးသွားသည့် အရိပ်အယောင်

မတွေ့ရပေ။

ယန်ယဲ့ သည် ယန်ရှန်း ကို မော့ကြည့်လိုက်သည်။ ယန်ရှန်း၏ ခွန်အားက သူမျှော်လင့်ထားသည်ထက် လုံးဝကျော်လွန်သွားလို့ပါ။

ယန်ရှန်း၏ လက်ထဲမှ အနက်ရောင်ထီး မဟုတ်ဘဲ လူကိုယ်တိုင်ပင် ကြောက်မက်ဖွယ်ကောင်းလှသည်။ သို့သော် ၎င်းသည် ရုပ်ခန္ဓာခွန်အားတော့ မဟုတ်ပေ။

အခြားအမည်မသိခွန်အားတစ်မျိုးပါ။
ထိုခွန်အားက သူ၏ ထာဝရအဆင့်
ရုပ်ခန္ဓာထက်တောင်မှ သန်မာနေ၏။

ထိုအချိန်တွင် ယန်ရှန်းက ယန်ယဲ့ ဆီသို့
ဖြည်းညှင်းစွာ လျှောက်လာကာ "မင်း
သတိထားမိပုံပဲ ။ ဒါကို
ပြိုင်ဖက်ကင်းခွန်အား လို့ခေါ်တယ်။
ဒါဟာ ရုပ်ခန္ဓာခွန်အားနဲ့ မသက်ဆိုင်တဲ့
ခွန်အားတစ်မျိုးပဲ။ ပြောရရင်

ရုပ်ခန္ဓာခွန်အား ထက်တောင်မှ

ကြောက်စရာကောင်းတယ်။

ပြီးပြည့်စုံတဲ့အဆင့်ထိ ကျင့်ကြံနိုင်ရင်

လက်တစ်ချောင်းထိုးလိုက်တာနဲ့

ကောင်းကင်ကို ပြိုကျစေနိုင်တယ်။

မြေကြီးကို

ကွဲထွက်သွားအောင်လုပ်နိုင်တယ်။

စိတ်မပူပါနဲ့၊ ငါက ကနဦးအဆင့်အထိ

လေ့ကျင့်ပြီးသွားပြီ။ အခုချိန်ထိ

ငါပြောထားတဲ့အရာကို

မပြီးမြောက်နိုင်သေးဘူး"ဟုပြောခဲ့သည်

။

စကားပြောပြီးနောက် ယန်ရှန်း က

ဖျတ်ခနဲပျောက်သွားပြီး

ယန်ယွဲ့ရှေ့တွင်ပေါ်လာကာ

သူ၏ဆံပင်ရှည်ဖြင့် ယမ်းချလိုက်သည်။

ခွမ်း....

ဤ၊နေရာသည်

ဆံပင်ရှည်လွှဲယမ်းမှုကိုပင်

မခံနိုင်သည့်အလား

ချက်ခြင်းပြိုကျသွားသည်။ ယန်ယဲ့ သည်

အမှောင်တာအိုဥပဒေသ ကို

အသုံးပြုဖို့ပြင်လိုက်သော်လည်း

အာကာသပြင်ဟာ ချက်ချင်းပင်

နဂိုအတိုင်းဖြစ်သွားခဲ့သည်။ ယန်ယဲ့

သည်

အနည်းငယ်မျက်နှာပျက်သွား၏။သို့

သော်လည်း မနေ့ကွေးဘဲ

နတ်ဆားကိုမြှောက်ကာ

ယန်ရှန်း၏တိုက်ခိုက်မှုအား

ခုခံလိုက်ပါသည်။

ဘမ်း...

ရှုပ်ယှက်ခတ်နေသော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီး ယန်ယွဲ့ သည် ၁

ကီလိုမီတာအကွာသို့

ထပ်မံလွင့်ထွက်သွားသည်။

မူလခရမ်းရောင်စွမ်းအင်ဖြင့်

ပြန်လည်ကုသထားသော

သူ၏ညာဖက်လက်က

ပဲ့ထွက်သွားပြန်သည်။

ထိုအချိန်တွင် ယန်ရှန်း က ယန်ယဲ ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာရင်း

ပြောလိုက်သည်

"ဆယ်ယောက်မြောက်ညီလေး၊ မင်းက

တကယ်ကို သန်မာပါတယ်။ ဒါပေမဲ့

ယန်ကလန် ရဲ့

လူငယ်မျိုးဆက်ထဲမှာဆိုရင်တော့

ငါတို့ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့

အကြီးဆုံးအစ်မကလွဲရင် ငါ

ဘယ်သူ့ကိုမှ အလေးအနက်မထားဘူး”

စကားပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်သွားပြန်သည်။ ထိုခဏလေးမှာပဲ
ယန်ယဲ့ရှေ့၌ ရှိနေခဲ့သည်။
တစ်ချိန်တည်းတွင်
သူ၏အနက်ရောင်ထီးကို
ပုံမှန်အတိုင်းသာ ဖွင့်လိုက်လေသည်။

ယန်ယဲ့၏ မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားကာ
နတ်ဆားကိုရှေ့သို့အမြန်ထိုးလိုက်သည်။

နတ်ဆားက အနက်ရောင်ထီး၏

ဘေးတစ်ဖက်တစ်ချက်ကို

အလျင်အမြန်ထိုးလိုက်သည်။

ဖန်း....

နားကွဲမတတ် ပေါက်ကွဲသံများ

ထွက်ပေါ်လာပြီး ယန်ယွဲ့သည်

နောက်တစ်ကြိမ်

လွင့်ထွက်သွားပြန်သည်။

ဤ၂တစ်ကြိမ်တွင် သူသည် မီတာ ၃၀
အကွာထိသာ ဆုတ်လိုက်ရသည်။
အခြားတစ်ဖက်တွင်မူ ယန်ရှန်း ကတော့
မီတာ ၃၀၀ နီးပါးထိ
ပြန်ဆုတ်သွားရသည်။

ယန်ရှန်း က ယန်ယဲ့ ကို
တစ်ချက်ကြည့်ကာမျက်လုံးထဲ၌
အံ့အားသင့်သွားသည့်
အရိပ်အယောင်တစ်ခု ပေါ်လာခဲ့သည်

"နည်းစနစ်အားလုံးရဲ့ ချို့ယွင်းချက်ကို ရှာဖွေနိုင်တဲ့စွမ်းရည်။ တကယ်တော့ မဆိုးပါဘူး။ ကံမကောင်းစွာပဲ၊ ငါ့ခွန်အားက မင်းထက် အများကြီးသာနေတယ်။ သူတို့ပြောသလို ပြင်းထန်တဲ့ ခွန်အားက ဘယ်အရာကိုမဆို အနိုင်ယူနိုင်ပါတယ်”

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်ကွယ်သွားပြန်သည်။

သူပျောက်ကွယ်သွားသည့်အခိုက်မှာပင် ယန်ယဲ့လည်း ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ပျောက်သွားသည့်အခိုက် ယန်ရှန်း၏ မျက်လုံးများသည် ချက်ချင်း ကျဉ်းမြောင်းသွားသည်။ ထို့နောက်တွင် သူ့ထံမှ ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းများက လွင့်ထွက်လာသည်။

ဘုန်း....

ယန်ရှန်း၏ နောက်ကွယ်မှ ပေါ်လာသည့် ယန်ယဲ့ ဟာ ပေါက်ကွဲအားကြောင့် မီတာ ၃၀၀ လောက်အကွာထိ ချက်ချင်းလွင့်ထွက်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ရှန်းက လှည့်ကြည့်ကာ "အနိုင်းမဲ့ စိတ်ဆန္ဒ။ ဒါဟာ နည်းနည်းလေးတောင်

အားပျော့မသွားဘူး။

အရမ်းအစွမ်းထက်တယ်”

သူက ခဏရပ်ပြီး “မင်းဟာ

သန်မာတဲ့လူတစ်ယောက်လိုပြုမူနေတယ်

။ ငါ မင်းကို သတ်ချင်နေတာ မဟုတ်ဘူး

မင်းကို မတိုက်ခိုက်ချင်တာပါ။

ဘာလို့လဲဆိုတော့ မင်းက

ပြန်လည်မွေးဖွားခြင်းအဆင့်ပဲရှိနေသေး

တယ်။ ငါကတော့ ထာဝရအဆင့်

မှာရောက်နေပြီ။ ဒါ့အပြင်…”

သူ၏အနက်ရောင်ထီးကို

ငုံ့ကြည့်လိုက်ပြီး “ငါ့မှာ

ဒီမူလတစ်ပိုင်းအဆင့်လက်နက် ရှိတယ်။

မင်းနေနေသာသာ

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

တောင်မှ ငါ့ကို

ကြောက်ရမှာ”ဟုပြောပါသည်။

"အန္တီမလက်နက် လား" ယန်ယွဲ့က

တဟားဟားရယ်လိုက်ပြီး

ခေါင်းခါလိုက်ကာ “ဒါက

အရမ်းရှားသလား။ ငါ့မှာ

တစ်ခုရှိတာဆိုတော့

ဒီလောက်မရှားပါဘူး"

ရှဲ....ရှဲ....ဘမ်း.

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့၏
ခန္ဓာကိုယ်ထဲမှ မီးတောက်မီးလျှံများ
ရုတ်တရက် ထွက်ပေါ်လာသည်။
ထိုခဏလေးမှာပဲ ယန်ယဲ့သည်
မီးလူသားအသွင်ပြောင်းသွားလေတော့
သည်။ သူ့လက်ထဲမှ နတ်ဓားသည်ပင်
မီးဓားတစ်လက်အဖြစ်ပြောင်းသွားခဲ့သ
ည်။ တစ်ချိန်တည်းတွင် သူ့ထံမှ
ထွက်ပေါ်နေသော မီးအပူရှိန်ဟာ

ယန်ရှန်းကို မီတာ ၃၀၀ အကွာသို့

ရိုက်ချလိုက်သည်။

ထိုအချိန်တွင်

ငြိမ်သက်ခြင်းမြို့တော်တစ်ခုလုံးရှိ

အပူချိန်သည် သိသိသာသာ

မြင့်တက်လာသည်။

နတ်ယင်မီးတောက် ။

(မှတ်ချက်။

မူလအဆင့်ထက်ကျော်တဲ့ရတနာက

အန္တိမ (အဆုံးအစွန်သော)၊ တစ်နည်း

အန္တိမ ဆိုတာက

အဆုံးအစွန်လို့အဓိပ္ပါယ်ရပါတယ်)

May Be:

၂၀၂၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၂၂ -

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်၏

အဆင့် ၆

နတ်ယင်မီးတောက် (သို့)

နတ်ဘုရားယင်မီးတောက် ။

ယန်ယဲ့၏ လက်ရှိခွန်အားက

နတ်ယင်မီးတောက် ကို

ကောင်းကောင်းကြီးခံနိုင်ရည်ရှိပါသည်။

မှန်သည်၊ လက်ရှိ နတ်ယင်မီးတောက် က

နတ်ဘုရားယင်မီးတောက်၏

စွမ်းအားအပြည့်တော့မဟုတ်ပါ။ ယန်ယဲ့

အသုံးပြုသည့်အခါ

၎င်း၏စစ်မှန်သောခွန်အားကို

ထုတ်ဖော်ခဲ့မည်ဆိုလျှင်

အလျှော့မပေးသောခန္ဓာကိုယ်ပိုင်ဆိုင်

ထားသည့်တိုင် မီးရှို့အသတ်ခံရပေမည်။

သို့သော်လည်း လက်ရှိတွင် သူသည်

နတ်ယင်မီးတောက်၏ ခွန်အား ၄၀

ရာခိုင်နှုန်းလောက်ထိတော့

ခံနိုင်ရည်ရှိနေပါပြီ။

နတ်ယင်မီးတောက်သာ

အင်အားအပြည့်ထုတ်သုံးလျှင်တော့

ခံနိုင်ရည်ရှိမှာ မဟုတ်ပေ။

ယန်ယဲ့အတွက်တော့

နတ်ယင်မီးတောက်၏ ခွန်အား ၄၀

ရာခိုင်နှုန်းသည်ပင် လုံလောက်ပါသည်။

ယန်ယဲ့၏ခန္ဓာကိုယ်အား

လွှမ်းခြုံထားသော မီးတောက်များကို

မြင်လိုက်သောအခါ ယန်ရှန်း၏

မျက်နှာသည် ချက်ချင်းပင်

လေးနက်လာသည်။

သူသည် မီးတောက်များ ထံမှ
အန္တရာယ်အငွေ့အသက်ကို ခံစားမိလို့ပါ။

"သတိထား..." ထိုအချိန်တွင် ယန်ရှန်း၏
နောက်ကွယ်မှ
အနက်ရောင်ဝတ်အမျိုးသားက
ရုတ်တရတ် သတိပေးလိုက်သည်။

ယန်ရှန်း က အနည်းငယ်
ခေါင်းညိတ်ပြပြီး ယန်ယွဲ့ ကို

စိုက်ကြည့်ရင်း "မင်းငါ့ကို တကယ်
အံ့ဩသွားစေတယ်။ ဒီမီးတောက်က
သာမာန်မီးတောက် မဟုတ်ဘူးမလား”

ယန်ယဲ့ က ပြုံးပြီး "ဘာလို့
ကိုယ့်အတွက်ကို မစဉ်းစားရတာလဲ"

ဟုပြောပြီးသည်နှင့် တပြိုင်နက်
ခြေတစ်ချက်ဆောင့်လိုက်သည်။
သူ့ပုံရိပ်က ချက်ချင်းပင်

မီးတန်းအဖြစ်ပြောင်းလဲကာ ရှေ့သို့
ပြေးထွက်သွားသည်။

တစ်ဆက်တည်း နတ်ဓားကိုပါ
ဆတ်ခနဲပိုင်းချလိုက်၏။ ဓားစွမ်းအင်က
သာမန် ဓားစွမ်းအင် မဟုတ်တော့ပေ။
အလျှော့မပေးသော ဓားစိတ်ဆန္ဒ၊
အလျှော့မပေးသော
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်
နတ်ဘုရားယင်မီးတောက် ဖြင့်

ပေါင်းစပ်ထားလေသည်။ ဓားချက်မှ

သယ်ဆောင်လာသော စွမ်းအင်ဟာ

ကမ္ဘာကြီး(အဆင့်မြင့်ကမ္ဘာ)တစ်ခုအား

ဖျက်ဆီးရန် လုံလောက်သည်ဟု

ဆိုနိုင်သည်။

ဓားစွမ်းအင် ဖြတ်သန်းသွားသည့်

နေရာတိုင်းတွင် အာကာပြင်သည်

ချက်ချင်းပွင့်သွားကာ

အလွန်ရှည်လျားသော

အာကာသအက်ကြောင်းကြီး

ပေါ်လာခဲ့သည်။သို့သော်လည်း

ခဏအကြာတွင်

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်များက

အာကာသအက်ကြောင်းကို

ပြန်ပြီးပြုပြင်သွားတော့သည်။

ယန်ရှန်း၏မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူသည် လေထဲသို့ ခုန်တက်ကာ
အနက်ရောင်ထီးကို လက်နှစ်ဖက်ဖြင့်
ဆုပ်ကိုင်လျက် ယမ်းချလိုက်သည်။

ထို့နောက်တွင်တော့ လက်နက်နှစ်ခုဟာ
လေထဲ၌ပင် တိုက်ရိုက်
ထိမှန်သွားခဲ့သည်။

ဖန်း....

တိုက်မိသည်နှင့် တပြိုင်နက်

မီးတောက်ဓား

နှင့် ယန်ရှန်း၏ အနက်ရောင်ထီး ဟာ

ပြင်းထန်စွာ တုန်ခါသွားကြသည်။

ယန်ရှန်းက ၃ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားသည်။ ဤတစ်ကြိမ်တွင်

ယန်ယွဲ့သည် မီတာ ၃၀၀ နီးပါးမျှသာ

ပြန်ဆုတ်သွားရသည်။

သို့သော်လည်း ယန်ယဲ့ သည် သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့် နေရာမှာပင် ချက်ချင်းပျောက်သွားခဲ့သည်။ တစ်ချိန်တည်းမှာပဲ မီးတောက်တစ်ခု လင်းလက်သွားသည်။

ရှဲ……ရှဲ……

ဂျုန်း….

အထက်အာကာသပြင်အနှံ့ကျယ်လောင်

သော ပေါက်ကွဲသံကြီး

ပဲ့တင်ထပ်သွား၏။ ယန်ရှန်း က

နောက်ထပ် ၃ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားပြန်သည်။ သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် ပါးစပ်ထဲမှ

သွေးများ အန်ထွက်လာသည်။

သို့သော်လည်း ယန်ယွဲ့ သည်

ယန်ရှန်းရှော့တွင် ထပ်ပေါ်လာပြီး
မီးဓားဖြင့် ဆတ်ခနဲထိုးသွင်းလိုက်သည်။

အုန်း....

မီးတောက်ဓား
ပိုင်းချလိုက်သည်နှင့်တပြိုင်နက်
သူတို့နှစ်ယောက်၏ အနီးတစ်ဝိုက်ရှိ
အာကာသပြင်သည် ချက်ချင်းပြိုကျကာ
ပတ်ဝန်းကျင်တစ်ခုလုံး

မည်းမှောင်သွားလေသည်။

သို့သော်လည်း ပြိုကျနေသော

အာကာသပြင်ဟာ ချက်ချင်းဆိုသလိုပင်

နဂိုအတိုင်းပြန်ဖြစ်သွား၏။ ထိုအချိန်တွင်

ပုံရိပ်တစ်ခု လွင့်ပျံထွက်လာခဲ့သည်။

ထိုပုံရိပ်က ယန်ယွဲ့ မဟုတ်ဘဲ ယန်ရှန်းပါ။

ယန်ရှန်း က ၃ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားပြီးနောက်

မြေပြင်ပေါ်ပြုတ်ကျကာ ပါးစပ်ထဲမှ
သွေးတစ်လုတ်စီအန်ထုတ်လိုက်သည်။

ထို့အပြင် သူ၏ဘယ်ဖက်လက်က
မရှိတော့ပေ။ အရင်းမှ
တိတိရိရိပြတ်တောက်နေခဲ့သည်။

ယန်ယွဲ့ သည် နောက်ထပ်တိုက်ခိုက်မှုကို
မလုပ်ဆောင်သေးဘဲ ကောင်းကင်ကို
မော့ကြည့်လိုက်သည်။ အာကာသပြင်

ပြို့ကျသည့်အခိုက် သူက ယန်ရှန်းကို ချက်ချင်းပင် သတ်ပစ်နိုင်သည်။ သို့သော်၊ တစ်စုံတစ်ယောက်က အာကာသပြင်ကိုပြုပြင်လိုက်ရာ ယန်ရှန်း၏လက်တစ်ဖက်တည်းကိုသာ ဖြတ်တောက်ပစ်နိုင်ခဲ့သည်။

အမှန်တော့ ယန်ရှန်း၏နောက်ကွယ်၌ အကူအညီများရှိမနေလျှင် သူ့အနေဖြင့် နတ်ယင်မီးတောက် သုံးစရာမလိုပေ။

အကြောင်းကတော့ အာကာသပြင်

ပြိုကျသည်နှင့် သူသည်

အမှောင်စွမ်းအင်နှင့်

အမှောင်ထုစွမ်းအင်ကို

အသာအယာထိန်းချုပ်နိုင်လို့ပါ။

ထို့အပြင်

အာကာသတွင်းနက်ထဲ၌သာဆိုပါက

သူ၏ အလျှော့မပေးသောခန္ဓာကိုယ်ကို

အပြည့်အဝအသုံးပြုနိုင်သည်။

ထိုအရာအားလုံးကို ထုတ်သုံးနိုင်လျှင်

လက်ရှိသူ့ခွန်အားက

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူအား

ဂရုစိုက်နေစရာမလိုပါ။

သို့သော်လည်း ယန်ကလန်၏

အဆင့်မြင့်အာဏာပိုင်ဟာ

သူ၏လှုပ်ရှားမှုကို

ကြိုသိနေသည့်အတိုင်း

မီးတောက်ဓားပိုင်းချက်အား ချက်ချင်း

တားဆီးခဲ့သည်။

တရားမျှတမှု မရှိသော

တိုက်ပွဲဖြစ်ကြောင်း

ပြောနေစရာပင်မလိုပေ။

ယန်ယဲ့ သည် ကောင်းကင်ကို အကြာကြီး

မျှော်ကြည့်ပြီးနောက် ရုတ်တရက်

ပြုံးလိုက်ပြီး "ကောင်းပါတယ်။

ဆက်သွားကြရအောင်" ဟုပြောပြီး

ယန်ရှန်းကို စိုက်ကြည့်လိုက်သည်။

ထို့နောက် အချိန်မဖြုန်းဘဲ

ခြေတစ်ချက်ဆောင့်၍

မီးတောက်အဖြစ်ပြောင်းကာ

နေရာမှာပင်ပျောက်သွားခဲ့သည်။

နတ်ယင်မီးတောက် ကို

အသက်သွင်းလိုက်သည့်အခါ

သူ၏ခြေးစွမ်းအင်သည်

ကောင်းကင်ဘုံကိုပင်

ဖျက်ဆီးပစ်နိုင်လေသည်။

မီးခဲစွမ်းအင် ဖြတ်သန်းသွားသည့်

နေရာတိုင်း အာကာသပြင်သည်

ချက်ချင်း ပွင့်ထွက်သွားသည်။

ထိုအချိန်တွင် အာကာသပြင်သည်

စက္ကူနှင့်တူသည်။

ယန်ရှန်း၏ အမူအရာကလည်း

သိသိသာသာ ပြောင်းသွားသည်။ သူ့ထံမှ

ပြင်းထန်သော စိတ်ဆန္ဒလှိုင်းတစ်ခု

လွင့်ပျံလာသည်။ သို့သော်လည်း

ယန်ယဲ့၏ မတူညီသော စိတ်ဆန္ဒနှစ်ခုက

ချက်ချင်းချေဖျက်သွားခဲ့သည်။

အကယ်၍

တစ်ခုချင်းသာယှဉ်မည်ဆိုပါကယန်ရှန်း

၏ အနိုင်ငင်းမဲ့စိတ်ဆန္ဒ ဟာ ယန်ယဲ့၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ သို့မဟုတ်

ဓားစိတ်ဆန္ဒ ထက်

နိမ့်ကျမည်မဟုတ်ပေ။ကံမကောင်းစွာပဲ၊ ယန်ယွဲ့ သည် မတူညီသောစိတ်ဆန္ဒ နှစ်ခု ပိုင်ဆိုင်ထား၏။ ထို့အပြင်နှစ်ခုလုံးက ထာဝရအဆင့်စိတ်ဆန္ဒများပင်။ ထို့ကြောင့် ယန်ရှန်း၏ အနိုင်းမဲ့စိတ်ဆန္ဒ ဟာ ထာဝရအဆင့် စိတ်ဆန္ဒနှစ်ခုကို လုံး၀ မတားဆီးနိုင်ပေ။

အနိုင်းမဲ့စိတ်ဆန္ဒ

ဖြိုခွဲခံလိုက်ရသည့်အခါ

ယန်ရှန်း၏ အမူအရာသည် ချက်ချင်း ပြောင်းလဲသွားသည်။ အနက်ရောင်ထီး ကို ညာဖက်လက်ဖြင့် တင်းတင်းဆုပ် ဆုပ်ကိုင်ကာ ရှေ့သို့ ရိုက်ချလိုက်သည်။

ဘမ်း....

တိုက်မိလိုက်သည်နှင့် တပြိုင်နက်

မီးတောက်ဓား မှ

ကြောက်မက်ဖွယ်စွမ်းအားက ယန်ရှန်း ကို

၃ ကီလိုမီတာအကွာသို့

လွင့်ထွက်လာသွားစေခဲ့သည်။

ထိုမျှမကဘဲ ယန်ရှန်း၏ တစ်ကိုယ်လုံး

ပွင့်ထွက်သွားသည်။

ယန်ရှန်းက နေရာတွင်ရပ်ကာ

အက်ကွဲနေသော သူ၏ခန္ဓာကိုယ်ကို

တစ်ချက်ကြည့်လိုက်သည်။

ထိုခဏလေးမှာပဲ သူ၏

အားနည်းချက်ကို

သတိပြုမိသွားတော့သည်။

သူ၏ခန္ဓာကိုယ်ပါ။

သူ၏ခန္ဓာကိုယ်က အားနည်းလွန်းသည်။

ပြိုင်ဖက်ကင်းသော ခွန်အားက

ရုပ်ခန္ဓာခွန်အား မဟုတ်ပါ။ အကယ်၍

ပြိုင်ဖက်ကင်းခွန်အားသာ တစ်ဖက်လူ၏

အင်အားဖြင့် ဖိနှိပ်ခံရလျှင်... ၊

အကျိုးဆက်ဟာ

ယခင်ဖြစ်ပျက်သွားသည့်အတိုင်းပါ။

သူသည် လုံးဝပင် ပြန်ခုခံနိုင်မှာ

မဟုတ်ပေ။

ထိုအချိန်တွင်

အနက်ရောင်ဝတ်အမျိုးသားက

ယန်ရှန်း၏ ရှေ့သို့ ရုတ်တရက်

ပေါ်လာသည်။ ထို့နောက် သူ့လက်ထဲမှ

လုံကိုဝှေ့ယမ်းလိုက်ရာ

မရေမတွက်နိုင်သော လုံ့ပုံရိပ်များကို

ထွက်လာပြီး ယန်ယဲ့ဆီသို့

လွှမ်းခြုံထားခဲ့သည်။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ရှန်းနှင့် အနက်ရောင်ဝတ်အမျိုးသား

နှစ်ဦးစလုံး နောက်သို့

လွင့်ထွက်လာကြသည်။ ယန်ယဲ့ သည်
မီတာ ၃၀၀ အကွာထိဆုတ်သွားရသည်။

ထို့နောက် အနည်းငယ်ထုံကျင်နေသော
လက်မောင်းကို ငုံ့ကြည့်ကာ အနက်ရောင်
ဝတ်ရုံအမျိုးသားကို
လှမ်းကြည့်လိုက်ရင်း “ဘာလဲ။
တစ်ယောက်ချင်း
မတိုက်ခိုက်ရဲတော့ဘူးလား”

အနက်ရောင်ဝတ်ရုံအမျိုးသားက ယန်ယဲ
ဆီသို့ လျှောက်လာသည်။ ထိုအခါ
ယန်ရှန်း က
ရုတ်တရက်သတိပေးလိုက်သည် “အစ်ကို
လောင်ရှင်း၊ သတိထားပါ”

အနက်ရောင်ဝတ် လောင်ရှင်းက
အနည်းငယ် ခေါင်းညိတ်ပြသည်။ ယန်ယဲ့
နှင့် မီတာ ၃၀ အကွာသို့

ရောက်လာသောအခါ သူ့လက်ဝါးကို

လှန်လိုက်သည်။

ဝေါင်း....

မီတာရာချီသော ရေယာသည်

နဂါးဟိန်းသံကြောင့်

တုန်လှုပ်သွားခဲ့သည်။ ထိုအခိုက်

လောင်ရှင်း၏လက်ထဲ၌

အဖြူရောင်လုံ့တစ်ချောင်း

ပေါ်လာသည်။ လှံက
အဖြူရောင်အတိပါ။ ၎င်းပေါ်တွင်
နဂါးပုံများ ထွင်းထုထားသည်။

"အဇူရာနဂါးဟိန်းသံ..." ထိုအချိန်တွင်
လုလီကူးက အထိတ်လန့်လေသံဖြင့်
"သတိထား" ဟူ၍
အမြန်အော်ဟစ်လိုက်သည်။

ယန်ယဲ့ က လုလီကူးကို စိုက်ကြည့်ရင်း

"ဘာဖြစ်တာလဲ"

လုလီကူးက “ လောင်ရှင်း၊

အဇူရာနဂါးဟိန်းသံ " ဟုသာ လေးနက်စွာ

ပြောဆိုခဲ့သည်။တစ်ဆက်တည်း

ထပ်ပြောလိုက်သည်။

"တစ်ချိန်တုန်းက

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့

အဆင့် (၆) နေရာမှာ ရပ်တည်ခဲ့တယ်။ အဲဒီအချိန်မှာ သူတစ်ယောက်တည်းနဲ့ မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကို သတ်ခဲ့တယ်။ အရှူးယန်၊ သတိထားပါ။ ပေါ့ပေါ့ဆဆမလုပ်နဲ့"

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကို သတ်လိုက်တာလား။

လောင်ရှင်း ကို လှည့်ကြည့်ရင်း ယန်ယဲ့၏

မျက်လုံးများ က အနည်းငယ်
ကျဉ်းမြောင်းသွားခဲ့သည်။ လောင်ရှင်းက
ထာဝရတန်ခိုးရှင်တစ်ပါးသာ။
သို့သော်လည်း ယခင်ကတည်းက
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကို
သတ်နိုင်ခဲ့၏။ ထိုအချက်က
လောင်ရှင်း၏ခွန်အားကို
သက်သေပြနေပေသည်။

သူကိုယ်တိုင်ပဲဖြစ်ဖြစ် အန်နန်ကျင်း၊ ယန်ကျန်း နှင့် ယန်ရှူပင်ဖြစ်စေ ထာဝရတန်ခိုးရှင်အဆင့်ဖြင့် မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကို မသတ်နိုင်ခဲ့ပေ။

ထာဝရတန်ခိုးရှင် နှင့် မူလနတ်ဘုရားကြားက ကွာဟချက်ကို သူကိုယ်တိုင်ပင်ကြုံတွေ့ခဲ့သည်။ ထိုနေ့တွင် သူနှင့် အန်နန်ကျင်း နှစ်ယောက်စလုံး

ရှိသမျှအားအကုန်ထုတ်မှသာ

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူအား

တိုက်ခိုက်နိုင်ကြသည်။ သို့သော်လည်း

သူ့ရှေ့မှ လောင်ရှင်း ကတော့

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကို

တစ်ယောက်တည်းခွန်အားဖြင့်သတ်ပစ်ခဲ့

လေသည်။

လောင်ရှင်း မည်မျှသန်မာသည်ကို

ခန့်မှန်းကြည့်နိုင်၏။

သို့သော်လည်း သူသည် လောင်ရှင်း ကို
ကြောက်ရွံ့ခြင်းမရှိပေ။

သို့မဟုတ် သူ့ရှေ့မှ လူက
မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ
ဖြစ်နေလျှင်ပင် တိုက်ခိုက်ဖို့ပြင်နေမှာပါ။

May Be:

၂၀၂၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၂၃ - နောက်မျိုးဆက်

အုပ်ထိန်းသူ

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ယန်ယွဲ့

သည် သူ၏ညာခြေကို ဆောင့်နင်းပြီး

မီးတောက်အဖြစ်ပြောင်းကာ လောင်ရှင်း

ဆီသို့ ပြေးဝင်သွားသည်။

လောင်ရှင်း၏

မျက်နှာကတည်ငြိမ်မှုအပြည့်ပါ။ ယန်ယဲ့

သူ့ရှေ့ရောက်လာသောအခါ

လုံ့ကိုဝှေ့ယမ်းလိုက်သည်။ လုံ့မှ

နဂါးဟိန်းသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။တစ်ချိန်တည်းမှာပင်

မရေမတွက်နိုင်သော ဓားစွမ်းအင်များက

သူ့အား ဖုံးအုပ်ထားသည်။ ရောမ

ရွှေရောင်ဘောလုံးကြီးတစ်လုံးလိုပင်။

တိုက်မိသည်နှင့် တပြိုင်နက် နှစ်ဖက်လုံး

ကွဲထွက်သွားပြီး မရေမတွက်နိုင်သော

မီးစများနှင့် ရွှေရောင်အလင်းတန်းများ

ဖြာ ထွက်လာသည်။

သူတို့နှစ်ဦးလုံးလည်း

တန်ပြန်အားကြောင့် ၃

ကီလိုမီတာအကွာထိ

လွင့်ပျံလာကြသည်။

"ကောင်းကင်ဘုံချိုးဖျက်ခြင်း"

လောင်ရှင်း၏အသံက

ရုတ်တရက်ပွဲတင်ထပ်လာသည်နှင့်

သူ့လက်ထဲမှလှံကို

လှျပ်စီးတန်းတစ်ခုအလား ရှေ့သို့ ပစ်

လိုက်သည်။

လှံထိပ်ဖျားမှ အဖြူရောင်နဂါးခေါင်း တဖျပ်ဖျပ်ခတ်လျက် ပေါ်လာသည်။ လှံ ဖြတ်သန်းသွားရာ နေရာတိုင်းတွင် ယခင်ကထက် ပြင်းထန်သော စွမ်းအင်လှိုင်းလုံးများ ဖြာထွက်လာပြီး အာကာသပြင်ကို လုံးလုံးလျားလျား ကွဲအက်သွားစေခဲ့သည်။

ထို့အပြင် ကီလိုမီတာ ၃၀ နီးပါးရှိသော ဧရိယာသည် ပွက်ပွက်ဆူနေသော

ရေများကဲ့သို့ လှိုင်းထလာသည်။
ထိုနေရာ အာကာသပြင်သည် ပြင်းထန်စွာ
တုန်လှုပ်သွားသည်။ လုံးဝ
ထိတ်လန့်ဖွယ်ရာ မြင်ကွင်းတစ်ခုပင်။

ယန်ယွဲ့၏ မျက်လုံးထဲမှ အေးစက်သော
အလင်းရောင်တစ်ခုက
တောက်ပလာသည်။ နတ်ဓားကို
ပြန်ဆွဲယူကာ သူ၏ဘယ်ဖက်လက်မှ
ရှေးဟောင်းဓားအိမ်ထဲသို့

ထည့်လိုက်သည်။ ထို့နောက်

အမြန်ဆွဲထုတ်ကာ ရှေ့သို့

ပိုင်းချလိုက်သည်။

နတ်ယင်မီးတောက်ဖြင့်

ပေါင်းစပ်ထားသော

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားဟာ

ယခင်နှင့် လားလားမျှပင်မဆိုင်တော့ပေ။

ခွပ်....ခလွပ်

ပတ်ဝန်းကျင်ရှိ အာကာသပြင်သည် ရုတ်တရက် ကွဲအက်သွားသည်။ သို့သော် လျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်ကြိုးများဖြင့် ချက်ချင်းပြုပြင်ခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့၏ မီးတောက်ဓားက

အဖြူရောင်နဂါးခေါင်းပုံသဏ္ဍာန် လှံကို ပိုင်းချသွားသည်။

ဂျိန်း....

တိုက်မိသည်နှင့် တပြိုင်နက် အာကာသပြင်သည် ချက်ချင်းပင် ပြိုကျသွားသည်။မည်သူမှ မတုံ့ပြန်မီ ၎င်းကို ချက်ချင်းပြုပြင်ခဲ့သည်။ သို့သော် နောက်တစ်ကြိမ် ပြိုကျသွားပြန်သည်။

အကြောင်းကတော့ တန်ပြန်အားလှိုင်းက

လုံးဝကို ပြင်းထန်လွန်းလို့ပါ။

အာကာသပြင် ပြိုကျသည့်အခိုက် ယန်ယဲ့

သည် အခွင့်အရေး ဆုပ်ကိုင်လိုက်ပြီး

ချက်ချင်းပင် ဖျတ်ခနဲပျောက်သွားသည်။

တစ်ချိန်တည်းမှာပင် အာကာသပြင်ထဲမှ

နဂါးဟိန်းသံ ရှတ်ချည်း

ထွက်ပေါ်လာသည်။

အုန်း...

ထိုခဏလေးမှာပင် နောက်ထပ်
ပေါက်ကွဲသံကြီး ထွက်ပေါ်လာ၏။

အချိန်တော်တော်ကြာပြီးနောက်မှသာ
ပတ်ဝန်းကျင် သည် နဂိုအတိုင်း
ပြန်ရောက်သွား၏။

ဤအခိုက်အတန့်တွင် ယန်ယဲ့ နှင့်
လောင်ရှင်း တို့နှစ်ဦးလုံး ၃
ကီလိုမီတာအကွာထိ
အသီးသီးလွင့်ထွက်လာကြသည်။

လောင်ရှင်းက မြေပေါ်
ဒူးတစ်ဖက်ထောက်လျက် ခေါင်းကို
ငုံ့ထားသည်။ အဖြူရောင် လှံက
သူ့ရှေ့တွင် ရှိနေပြီး ညာဖက်လက်ဖြင့်
တင်းတင်းဆုပ်ကိုင်ထားသည်။ သို့သော်

လှံထိပ်ဖျားက ထက်ပိုင်းပြတ်နေသည်။
သူ့ခြေဖဝါးအောက်၌လည်း
သွေးအိုင်များ ရှိနေသည်။

ထိုအချိန်တွင် ယန်ရှန်း က သူ၏
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားကာ “ငါတို့
သွေးသားနဲ့မပတ်သက်ပေမဲ့ ငါတို့က
ညီအစ်ကိုလို ရင်းနှီးခဲ့ကြတယ်။
ဆက်ခံသူဖြစ်လာဖို့ မကြိုးစားသင့်ဘူး။

မလာသင့်ဘူး…” ဟုပြောပါသည်။

ထို့နောက် ယန်ရှန်း၏ မျက်လုံးအိမ်ထဲမှ

မျက်ရည်စီးကြောင်း နှစ်ခု

စီးကျလာသည်။

အကြောင်းမှာ လောင်ရှင်း၏

ခန္ဓာကိုယ်က

အသက်ဓာတ်လက္ခဏာမပြတော့လို့ပါ။

ယန်ယဲ့ လည်း

အခြေအနေအကောင်းတော့မဟုတ်ပါ။

သူ၏ဘယ်ဖက်ပခုံးက လုံကျိုးတစ်ပိုင်း

စိုက်ဝင်နေခဲ့သည်။ လုံကျိုးက

လောင်ရှင်း၏လုံထိပ်ဖျားပါ။ ပခုံးထက်မှ

သွေးများ အဆက်မပြတ်

စိမ့်ထွက်နေသည်။

ထိုအချိန်တွင် ယန်ရှန်းက လောင်ရှင်း၏

နံဘေးသို့ လျှောက်သွားခဲ့သည်။ သူသည် လောင်ရှင်း၏ အလောင်းကို အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက် ကောင်းကင်ကို ရုတ်တရက် မျှော်ကြည့်ကာ "ငါ ယန်ရှန်း၊ ဆက်ခံသူတိုက်ပွဲမှ ထွက်ပြီ။ ဒီနေ့ကစပြီး ငါက ယန်ကလန် ရဲ့ အဖွဲ့ဝင် မဟုတ်တော့ဘူး"ဟုပြောလိုက်လေသည်။

ထိုအခိုက် ကောင်းကင်ထက်မှ
တောက်ပသော အလင်းတန်းတစ်ခု
ရုတ်တရက် ဆင်းသက်လာသည်။

ဇွပ်....

ရွှေရောင်မြွေးတစ်စင်းက
ယန်ရှန်း၏ရင်ဘတ်ထဲသို့
စိုက်ဝင်သွားသည်။ သူ၏ခန္ဓာကိုယ်သည်
ချက်ချင်းပင် တောင့်တင်းသွားသည်။

ပတ်ဝန်းကျင် ချက်ချင်းပင် အသံ

ဗလံများပျောက်သွား၏။

သေမင်းတမန်အလား

တိတ်ဆိတ်နေသည်။

ယန်ယဲ့ သည် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။ ယန်ကလန် သည်

ဤမျှ ရက်စက်စွာ ပြုမူလိမ့်မည်ဟု

သူလည်း မမျှော်လင့်ထားပေ။ ယန်ရှန်း

သည် ယန်ကလန်မှ

ထွက်ခွာသွားသောကြောင့်

သတ်ပစ်လိုက်၏။

ယန်ရှမ်ပြောသည့်အတိုင်း

အမှန်ပါ။ယန်ကလန်၌

မိသားစုချစ်ခြင်းမေတ္တာမရှိပေ။

ဤအခိုက်အတန့်တွင် ယန်ကလန်
ကျင့်သုံးသည့် သဘောတရားက
ထင်ရှားနေပါပြီ။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ သည်
ယန်ကလန်က သူ့အား
အသက်ရှင်ခွင့်မပေးတော့မှန်း
နားလည်လိုက်၏။ အကယ်၍
သူအသက်ရှင်လိုပါက သူ့ကိုယ်သူသာ
အားကိုးရပေမည်။

ငါ့ကိုယ်ငါ အားကိုးရမယ်။

ဤအချက်ကို တွေးပြီးသည်နှင့်

ယန်ယဲ့၏မျက်လုံးများသည်

အေးခဲလာကာသူ၏နတ်ဓားကို

တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

ယန်ရှန်းက သူ့ရင်ဘတ်ထဲ

စိုက်ဝင်နေသောမြှားကို ငုံ့ကြည့်ရင်း

ရုတ်တရက် ရယ်မောလိုက်၏ "ငါ
ငယ်ငယ်ကတည်းက ခန္ဓာကိုယ်
အားနည်းနေလို့
ကျင့်ကြံဖို့မသင့်တော်ပါဘူး။ အဲဒါကို
မျိုးနွယ်စုက သတိပြုမိတဲ့အခါ ငါ့မှာ
အနာဂတ်မရှိဘူးလို့ ခံစားမိတဲ့အတွက်
ငါ့ကို ကောင်းကောင်းမဆက်ဆံဘူး။
ကံကောင်းထောက်မစွာ ငါယန်ရှန်းက
ငါ့ယုံကြည်ချက်အတိုင်း

အသက်ဆက်ရှင်ခဲ့တယ်။
ငါ့ရဲ့ပါလီပါချဲ့ခန္ဓာကိုယ်နဲ့ဒီနေ့အဆင့်ထိ
ရောက်အောင် ကျင့်ကြံနိုင်ခဲ့တယ်"

ထို့နောက် သူသည် ယန်ယဲ့ ကို
စိုက်ကြည့်ပြီး ဆက်ပြောလိုက်သည်
"ငါက ဆက်ခံသူဖြစ်လာဖို့
ဂရုမစိုက်ပါဘူး။ ငါ ပါဝင်ခဲ့တဲ့
အကြောင်းပြချက်က တစ်ခုပဲရှိတယ်။
မျိုးနွယ်စုရဲ့ ဥပဒေစည်းမျဉ်းကို

ပြောင်းလဲဖို့ နဲ့ ခံစားချက်ကင်းမဲ့မှုကို ပြောင်းလဲချင်တာပါ။ မျိုးနွယ်စုဟာ သူ့ရဲ့ အကျိုးစီးပွားနဲ့ ခွန်အားကို အစွန်းရောက်တဲ့အထိလိုက်နေတာကို ရပ်တန့်ချင်ခဲ့တယ်။ ကံမကောင်းစွာပဲ၊ ငါ့အချစ်ဆုံးမိတ်ဆွေပါ သေဆုံးသွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး။ နောင်တရမိတယ်။ ဒီလိုဖြစ်လာမယ်ဆိုတာ ငါသိရင် ငါ

သူ့စကားကို နားထောင်ပြီး ယန်ကလန် နဲ့

ခပ်ဝေးဝေးနေသင့်တယ်”

ယန်ယဲ့ သည် စကားမပြောဘဲ

နှုတ်ဆိတ်နေခဲ့သည်။

ထိုအချိန်တွင် ယန်ရှန်းသည်

သူ၏လက်ထဲမှ အနက်ရောင်ထီးကို

စိုက်ကြည့်ကာ "မင်း ငါ့အနားမှာ

ရှိနေရတာကို မပျော်ဘူးဆိုတာ

ငါသိပါတယ်။ ငါက မင်းကို
ကယ်ခဲ့တဲ့အတွက် မင်းငါ့နောက်ကို
လိုက်ဖို့ ဆန္ဒရှိနေခဲ့တာ။ အခုတော့
ငါတို့နှစ်ယောက်ကြား ကံကြမ္မာက
ဆုံးသွားပါပြီ…”

သူ့လက်ကို အနည်းငယ် လှုပ်လိုက်ရာ
အနက်ရောင်ထီးက ယန်ယွဲ့ ဆီ ချက်ချင်း
ရောက်လာသည်  “သူ့သခင်ကို
ရွေးချယ်တတ်တယ်။ မင်းကိုရွေးရင်

ကျေးဇူးပြုပြီး ဂရုစိုက်ပါ။

မင်းတို့နှစ်ယောက်ကြားမှာ

ကံကြမ္မာမရှိရင် ကျေးဇူးပြုလို့

ယာယီသိမ်းထားပေးပါ။ဘယ်လိုပဲဖြစ်ဖြ

စ် ယန်ကလန် ရဲ့လက်ထဲကို

မကျစေချင်ဘူး"

ယန်ယဲ့ သည် အနက်ရောင်ထီးကိုင်းကို

ငုံ့ကြည့်ကာ ခဏမျှ ငြိမ်သက်သွားပြီး

ဖမ်းဆုပ်လိုက်သည်။ သူက

အနက်ရောင်ထီးကို

ကိုင်မြှောက်လိုက်သည်။ သို့သော်လည်း

ထီး က

အနည်းငယ်ပင်ကြွတက်မလာပေ။

ယန်ယွဲ့၏အမူအရာသည် ချက်ချင်း

ပြောင်းသွားသည်။

သူ၏ရုပ်ခန္ဓာက ထာဝရအဆင့်

ဖြစ်သော်လည်း အနက်ရောင်ထီး ကို

မြှောက်နိုင်ခြင်းမရှိပေ။

ယန်ယဲ့ သည်

အတော်လေးအံ့သြသွားမိသည်။

တစ်ချိန်တည်းမှာပဲ ယန်ရှန်းက

ရုတ်တရက်ပြောခဲ့သည် "ဒါဟာ

အထူးပစ္စည်းတစ်ခုနဲ့ပြုလုပ်ထားတာပါ။

ပြီးတော့ ရှေးခေတ်က ကျင့်ကြံသူရဲ့

အထူးနည်းလမ်းနဲ့သန့်စင်ထားတယ်။

ဒါကြောင့် ပြိုင်ဖက်ကင်းတဲ့ခွန်အားကို

လေ့ကျင့်ပြီးမှပဲ ဒါကိုအသုံးချနိုင်မယ်။
ပြိုင်ဖက်ကင်းတဲ့ခွန်အားကိုလေ့ကျင့်ဖို့က
အထဲမှာရှိတယ်။ ထီးက မင်းကို
အသိအမှတ်ပြုရင် သဘာဝအတိုင်း
လွှဲပေးလိမ့်မယ်"

ယန်ယွဲ့ သည် အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက် ထီးကို
အကြာကြီး စိုက်ကြည့်ကာ “ငါနဲ့

လိုက်ခဲ့ပါ။ ငါ မင်းကို
အရှက်မခွဲဘူး"ဟုပြောလိုက်လေည်။

အနက်ရောင်ထီး က
လှုပ်ခတ်သွားခြင်းပင်မရှိပေ။

ယန်ယွဲ့ သည် ခဏမျှတိတ်ဆိတ်သွားပြီး
"ငါ့နဲ့အတူလိုက်လာပါ၊
မင်းရဲ့အတိတ်ကဘုန်းအသရေကိုပြန်ရ

အောင်ငါကူညီမယ်"

ဟုထပ်ပြောလိုက်သည်။

လုံး၀မတုံ့ပြန်သေးပါ။

ယန်ယွဲ့ သည် အတော်လေး

ရှက်ရွံ့သွားသလို ခံစားလိုက်ရသည်။

ထိုအချိန်တွင် သူ့ရင်ဘတ်ထဲမှ

အဖြူရောင်အလင်းတန်းတစ်ခု

လင်းလက်လာပြီး နှင်းပွင့်က သူ့ရှေ့တွင် ပေါ်လာသည်။ နှင်းပွင့်လေးက ယန်ယဲ့ ကို စိုက်ကြည့်ပြီးနောက် သူမကိုယ်သူမ ညွှန်ပြသည်။ သူမလေးက အနက်ရောင်ထီး ကို ကိုင်ကြည့်ဖို့ပြောနေတာပါ။

ထို့နောက် နှင်းပွင့်က အနက်ရောင်ထီး ကို

လှည့်ပတ်ကြည့်လိုက်သည်။ သူမလေးက စက်ဝိုင်းပုံသဏ္ဍာန် အနည်းငယ် ပျံသန်းပြီးနောက် ထီးလက်ကိုင်ရိုးကို ကိုင်လိုက်သည်။ ထို့နောက်တွင် မူလစေတီထဲသို့ ပြန်ဝင်သွားသည်။ ယန်ယွဲ့ သည် ထိုမြင်ကွင်းကို အံ့အားသင့်စွာ ကြည့်နေလေသည်။

ယန်ယွဲ့ သည်  စကားမပြောနိုင်ဘဲ လုံးလုံးအံ့အားသင့်သွားသည်။

ထိုအချိန်တွင် ယန်ရှန်းသည်

လောင်ရှင်း၏အလောင်းရှေ့တွင်

ဒူးတစ်ဖက်ထောက်လိုက်သည်။

သူ့ညာဖက်လက်ကို လောင်ရှင်း၏

လုံ့ပေါ်တင်လိုက်ကာ

အတူကိုင်ထားလိုက်သည်။

သိပ်မကြာပေ၊ယန်ရှန်း၏ခေါင်းက

အောက်သို့လည်ကျသွားသည်။

ယန်ယဲ့ လည်း ငြိမ်သက်သွားသည်။ သူ ဘာတွေတွေးနေလဲတော့ မသိနိုင်ပေ။

ထိုအချိန်တွင် လုလီကူး က ယန်ယဲဖက်သို့ လျှောက်သွားကာ "ပြီးသွားပြီလား"

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို မော့ကြည့်လိုက်ပြီး “ဒါက အစပဲရှိမယ်”

"တကယ်က အစပဲရှိသေးတယ်"

ထိုအချိန်တွင် အဝေးမှ အသံတစ်သံ

ရုတ်တရက် အဝေးမှ

ပဲ့တင်ထပ်လာသည်။ ထို့နောက်

လူငယ်တစ်ဦးက သူတို့နှင့် မဝေးလှသော

နေရာတွင် ပေါ်လာသည်။

ထိုလူငယ်က အသက် ၂၀ ဝန်းကျင်ပါ။

ခေါင်းထက်မှဆံပင်များ ပခုံးထိတိုင်

ကျဆင်းနေပြီး မိန်းမလှတစ်ယောက်

နှင့်ပင်တူနေသေး၏။

သူ၏နောက်ကျော၌

ခရမ်းရောင်လေးတစ်ချောင်းလွယ်ထား

သည်။

ယန်ကလန်၏ အဌမမြောက်သခင်ငယ်

ယန်ထျန်း။

ယန်ယဲ့၏ ပါးစပ်မှ

လွှတ်ခနဲအသံထွက်သွားသည်။

ထိုအချိန်တွင် ယန်ထျန်းက ယန်ယဲ့ ဆီသို့

လျှောက်လာခဲ့သည်။ သူသည် မီတာ ၆၀

အကွာရောက်လာမှ

ရပ်လိုက်သည်။ထို့နောက် ယန်ယဲ့

ကိုကြည့်ကာ "ငါ့ကိုမိတ်ဆက်ခွင့်ပြုပါ။

ငါယန်ထျန်းက ယန်ကလန်ရဲ့

နောက်မျိုးဆက်အုပ်ထိန်းသူပါ"

နောက်မျိုးဆက် အုပ်ထိန်းသူ ။

ယန်ယဲ့သည် ခဏကြာသည်ထိ

ငြိမ်သွားသည်။

May Be:

၂၀၂၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၂၄ -

နတ်ဝိညာဉ်ပေါင်းစပ်အစီအရင် (သို့)

နတ်ဘုရားသတ်အစီအရင်

ဆက်ခံသူတိုက်ပွဲသည်

ဆက်ခံသူကိုရွေးချယ်ရုံသာမက

အုပ်ထိန်းသူကိုလည်း ရွေးချယ်ခဲ့ကြောင်း

ယန်ရှမ် ထံမှ ကြားသိခဲ့ရသည်။

တစ်ယောက်က မျိုးနွယ်စု၏

အတွင်းရေးကိစ္စများကို တာဝန်ယူသည်။

နောက်တစ်ယောက်က

အပြင်လောကကိုတာဝန်ယူ၏။

ကွာခြားချက်မှာ အုပ်ထိန်းသူဟာ

ငယ်ရွယ်စဉ်ကတည်းက

လက်တွေ့ကျကျ

ပြုစုပျိုးထောင်ပေးထားခြင်းပင်။တစ်န

ည်းအားဖြင့် အုပ်ထိန်းသူကို မျိုးနွယ်စုက

ဆုံးဖြတ်သည်။

အုပ်ထိန်းသူသည်

အခြားသခင်ငယ်များအတွက်

လေ့ကျင့်ဖော်အဖြစ်

ဆက်ခံသူတိုက်ပွဲတွင်

ပါဝင်ရှိသာဖြစ်သည်။

သို့သော် အခြားသော

သခင်ငယ်များပင်လျှင်

နောက်အုပ်ထိန်းသူ မည်သူဖြစ်မည်ကို

မသိပေ။ လူတိုင်းက

ဂရုမစိုက်တာတော့မဟုတ်ပေ။

တစ်စုံတစ်ယောက်ဟာ နောက်မျိုးဆက်

အုပ်ထိန်းသူအဖြစ် ရွေးချယ်ခံရလျှင်

ထိုလူကို ဆက်ခံသူတိုက်ပွဲအတွက်

တားမြစ်ထားလို့ပါ။ ထို့အပြင်

ဆက်ခံသူကိုရွေးချယ်ပြီးသည်နှင့်

အုပ်ထိန်းသူသည်

ဆက်ခံသူကိုကူညီရပေလိမ့်မည်။

တစ်ချိန်တည်းမှာပဲ ယန်ထျန်းက
ရုတ်တရက် ပြောခဲ့သည် "မင်းရဲ့
ခွန်အားဟာ ဒီလောက်ထိ
ကြောက်စရာကောင်းလိမ့်မယ်လို့ ငါ
တကယ်ကို မမျှော်လင့်ထားခဲ့ဘူး။
ပြောစရာမလိုအောင်၊
မျိုးနွယ်စုတစ်ခုလုံးကို
ထိတ်လန့်စေခဲ့တယ်။ ဒါပေမဲ့

မင်းပိုထူးချွန်လေ သေဖို့

ထိုက်တန်လေလေပဲ"

ယန်ယဲ့ သည် ယန်ထျန်း၏

ကျောပေါ်မှခရမ်းရောင်လေးကို

တစ်ချက်ကြည့်ကာ "မင်းက ယန်ရှန်း

ကိုသတ်လိုက်တာလား"

ယန်ထျန်းက အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "ဒါအမှန်ပဲ။

သေချာပါတယ် ငါမလုပ်ခဲ့ရင်တောင်

သူသေမှာပဲလေ။ မျိုးနွယ်စုက

သစ္စာဖောက်တွေကို ခွင့်မလွှတ်တတ်ဘူး”

ယန်ယဲ့ က “သစ္စာဖောက်တွေလား။ သူက

ယန်မျိုးနွယ်ကို ဘယ်တုန်းက

သစ္စာဖောက်ခဲ့တာလဲ”

ယန်ထျန်းက လစ်လျူရှုပြီး "သူက

ယန်ကလန်ထဲက ထွက်သွားပြီ။ ဒါဆို

မျိုးနွယ်ဝင်မဖြစ်တော့ဘူး။ အဲဒါ
သစ္စာဖောက်တာပဲ။ ဘယ်သူပဲဖြစ်ဖြစ်
မျိုးနွယ်စုရဲ့ ဆက်ခံသူတောင်မှ
မျိုးနွယ်ကို သစ္စာဖောက်လို့ သေရမှာပဲ။
မျိုးနွယ်စုရဲ့ အကျိုးစီးပွားက
အရေးကြီးဆုံးပဲလေ။ နားလည်လား"

"မျိုးနွယ်စုရဲ့ အကျိုးစီးပွား" ယန်ယဲ့
သည် အနည်းငယ် ခေါင်းညိတ်ပြီး
ရယ်မောရင်း “ဟုတ်တယ်

ငါမေးစရာရှိတယ်။ မင်းဒီနေ့အတွက်

နောက်ဆုံးလူလား"

ယန်ထျန်းက ယန်ယွဲ့ ကို ကြည့်ပြီး

"ငါ့ကိုသတ်ရင် မင်းထွက်သွားနိုင်တယ်"

“ဖြစ်နိုင်ခြေတစ်ခုပဲ…” ယန်ယွဲ့ သည်

ရယ်မောပြီး “လာပါ။ ယန်ကလန် ရဲ့

အနာဂတ်အုပ်ထိန်းသူက

ဘယ်လောက်သန်မာလဲ ကြည့်ပါရစေ"

ယန်ထျန်းက စကားတစ်ခွန်းမှ

မပြောတော့ပေ။ ခရမ်းရောင်လေးကို

ကျောပေါ်မှဖြုတ်ယူလိုက်သည်။

တစ်ဆက်တည်း

လေးကြိုးကိုဆွဲယူလိုက်ရာ

ငွေရောင်အလင်းတန်းတစ်ခု

လင်းလက်လာသည်။

ဆူး...

ငွေရောင်အလင်းသည်

လျှပ်စီးလက်သလိုပင်။

ဖြတ်သန်းသွားသည့် နေရာတိုင်းတွင်

ကြားကွက်လပ်အလွှာများ ချက်ချင်း

ပွင့်ထွက်သွားသည်။ သို့သော်လည်း

၎င်းသည်

ကြောက်စရာအကောင်းဆုံးအပိုင်းပင်

မဟုတ်ပေ။

ကြောက်စရာအကောင်းဆုံးအပိုင်းက

တော့ သူ့အရှိန်ပါ။ အရှိန်က အလွန်ကို မြန်ဆန်သည်။ ယန်ယဲ့ ပင်လျှင် မြင်နိုင်ခြင်းမရှိခဲ့ပေ။

ထို့ကြောင့် ယန်ထျန်းက ငွေမြားပစ်လွှတ်လိုက်သည့်အခိုက် ယန်ယဲ့ သည် အချိန်ကိုမှန်းဆကာ နတ်ဓားကိုပိုင်းချလိုက်သည်။

ဖုန်း…

နားကွဲမတတ်ပြင်းထန်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ သည်

မီတာ ၃၀၀ ကျော်အကွာထိ

လွင့်ပျံသွားခဲ့သည်။

ယန်ယွဲ့ သည် ရပ်လိုက်သည်နှင့်

အနည်းငယ်ထုံကျင်နေသော သူ့

လက်မောင်းကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။ ထို့နောက်

ယန်ထျန်း ကို မော့ကြည့်ကာ "မင်းက ထာဝရတန်ခိုးရှင် မဟုတ်ဘူး" ဟုပြောလိုက်သည်။

ယန်ထျန်းက  အနည်းငယ် ခေါင်းညိတ်လိုက်သည် "ငါ မကြာသေးခင်ကပဲ မူလနတ်ဘုရားတစ်ပိုင်းအဆင့် ကို ရောက်ခဲ့တယ်။ ဒီတော့

ငါ့တိုက်ခိုက်မှုတွေက

မှုလနတ်ဘုရားအဆင့် စွမ်းအားတွေ

ပါနေတာပဲပေါ့"

ယန်ယဲ့ သည် အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "ဒါဆို ငါ့ဓားကို

ခုခံကြည့်စမ်း"

ဟု ပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

ထိုခဏလေးမှာပဲ မီးခါးစွမ်းအင်တစ်စင်း

တောက်ပလာသည်။

ယန်ထျန်းက ထူးခြားဟန်မပြသလို

ရှောင်တိမ်းဖို့လည်း မကြိုးစားပေ။

ဆူး...

မီးတောက်ခါးစွမ်းအင်က ယန်ထျန်း၏

ရင်ဘတ်ကို

ဖြတ်သွားသည်။သို့သော်လည်း

ယန်ထျန်း၏ ခန္ဓာကိုယ်သည်

နေရာတွင်ရှိမနေပေ။

ယန်ယွဲ့၏အမူအရာသည် အနည်းငယ်

ပြောင်းလဲသွားသည်။

ရှီး....

မြည်သံတစ်ချက် ထွက်ပေါ်လာပြီးနောက်

မြှားတစ်စင်းက

ယန်ယဲ့၏ခေါင်းနောက်ဖက်မှ

ပစ်ခတ်လာသည်။

ထိုအချိန်တွင် ယန်ယဲ့သည် ကိုယ်ကို

တစ်ပါတ်လှည့်ပြီး နတ်ဓားဖြင့်

ဆတ်ခနဲပိုင်းချလိုက်၏။

အုန်း....

နတ်ဆားက ငွေမြှားကို

ပိုင်းချလိုက်သည်နှင့် တပြိုင်နက်

ပတ်ဝန်းကျင်ရှိ အာကာသပြင်သည်

ပေါက်ကွဲသွားသည်။ သို့သော်လည်း

ခဏအတွင်းမှာပင် ဤနေရာကို

ပြုပြင်သွားသည်။

ယန်ယဲ့၏ အမှောင်တာအိုဥပဒေသ သည်

လျှို့ဝှက်ဆန်းကြယ်ပြီး

ကြောက်စရာကောင်းလွန်းလှသည်။

အကယ်၍ အာကာသပြင်

ကွဲအက်သွားလျှင် သူ၏

အမှောင်တာအိုဥပဒေသ သည်

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူများပင် ကြောက်ရွံ့ရပေမည်။

ထို့ကြောင့် ယန်ကလန်၏

အဆင့်မြင့်အာဏာပိုင်က

အာကာသပြင်ကို ချက်ချင်းပင်
ပြုပြင်လိုက်သည်။

ဤနေရာအား ပြုပြင်ပြီးသည်နှင့်အမျှ
ငွေရောင်မြှားတစ်စင်း
ထပ်မံထွက်ပေါ်လာသည်။ အရှိန်က
လျင်မြန်လွန်းသဖြင့် မမြင်နိုင်လိုက်ပေ။
လေတိုက်ခတ်သွားသည့်အသံကိုသာ
ကြားနိုင်သည်။

သို့သော်လည်း ယန်ယဲ့ သည်

သူ၏ပင်ကိုယ်အသိအရ နတ်ဆားကို

အလိုလိုပိုင်းချလိုက်ပြန်သည်။

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ သည်

နောက်သို့ ထပ်ခါထပ်ခါ

ဆုတ်သွားရသည်။ မီတာ ၃၀

လောက်အကွာတွင်တော့ သူ့ညာခြေကို

တစ်ချက်ဆောင့်ကာ နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

ယန်ထျန်းက လုံးဝမလှုပ်ရှားဘဲ
သူ့မျက်နှာပင်
အံ့ဩစရာကောင်းလောက်အောင်
ငြိမ်သက်နေ၏။

ဆူး....

မီးဓားအလင်းတန်းက

ယန်ထျန်း၏နဖူးကို

ထိုးဖောက်သွားသည့်တိုင် ၎င်းဟာ

ပုံရိပ်ယောင်တစ်ခုသာဖြစ်နေခဲ့သည်။

တစ်ချိန်တည်းမှာပဲ

ငွေရောင်မြှားတစ်ချောင်းက ယန်ယဲ့၏

နောက်မှ ပစ်ခတ်လာသည်။

သို့သော်လည်း ယန်ယဲ့ သည်

နေရာတွင်ပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။
ထိုခဏလေးမှာပဲ သူနှင့် ၃
ကီလိုမီတာအကွာမှ ယန်ထျန်း၏
နောက်တွင် ရှိနေခဲ့သည်။

အမှောင်တာအိုဥပဒေသ ။

ယန်ယွဲ့ သည် နတ်ဓားကို
လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်

ယန်ထျန်း၏ခေါင်းတည့်တည့်

ပိုင်းချလိုက်သည်။

ထိုအချိန်တွင် ယန်ထျန်း၏ ခန္ဓာကိုယ်မှ

အပြာရောင်အလင်းလွှာတစ်ခု

ရုတ်တရက် ပေါ်လာပြီး

နတ်ဓားပိုင်းချက်ကို ခုခံလိုက်သည်။

ဘုန်း...

နှစ်ဖက်စလုံး ပြင်းထန်စွာ

တုန်လှုပ်သွားသည်။ ထိုအချိန်တွင်

ယန်ထျန်း၏ပုံရိပ်က ၃

ကီလိုမီတာအကွာ၌ ပေါ်လာသည်။

တစ်ချိန်တည်းမှာပင်

ငွေရောင်မြွေးတစ်စင်းက ယန်ယွဲ့ရှေ့သို့

ရောက်လာခဲ့သည်။ လှုပ်ရှားမှုက

မျက်တောင်တစ်ခတ်အတွင်း

ဖြစ်ပျက်သွားတာပါ။ လုံးဝကို
ကြောက်မက်ဖွယ်ရာအရှိန်ပင်။

ယန်ယဲ့၏ မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
သို့သော် မနှေးကွေးဘဲ နတ်ဓားကို
အမြန်ဆွဲထုတ်လိုက်သည်။

အုန်း....

ငွေရောင်မြှားက

အစိတ်စိတ်အမွှာမွှာကွဲထွက်သွား၏။

သို့သော်လည်း ယန်ယွဲ့ သည် မီတာ ၃၀၀

အကွာသို့ လွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

တပြိုင်နက် ယန်ယွဲ့၏ခန္ဓာကိုယ်ထဲမှ

ဝိညာဉ်ကိုယ်ပွားထွက်လာသည်။

ထို့နောက် အလင်းတန်းတစ်ခု

လင်းလက်လာသည်။

စိတ်ဝိညာဉ်ဓားပြန်လည်မွေးဖွားခြင်း ။

အလင်းတန်းတစ်ခု လင်းလက်လာပြီး

ယန်ထျန်း၏ ခန္ဓာကိုယ်အား

ထိုးဖောက်သွားသည်။ သို့သော်လည်း

၎င်းသည် ပုံရိပ်ယောင်တစ်ခုအဖြစ်သာ

ရှိနေဆဲပင်။

စားပြန်လည်မွေးဖွားခြင်း ကို

ထုတ်ဖော်ပြီးသည့်နောက်

ဝိညာဉ်ကိုယ်ပွားက

ယန်ယဲ့၏ခန္ဓာကိုယ်ထဲသို့

ပြန်ဝင်လာသည်။ ထို့နောက် သူသည်

ယန်ထျန်း ရပ်နေသည့်နေရာမှ ၃

ကီလိုမီတာအကွာရှိ

ယန်ထျန်း၏အစစ်အမှန်ပုံရိပ်ကို

စိုက်ကြည့်နေသည်။

ကြောက်စရာကောင်းလိုက်တဲ့အရှိန် ။

ယန်ထျန်း၏ ခွန်အားသာမက

အရှိန်ကလည်း ကြောက်စရာအတိပင်။

ယန်ယဲ့ သည်

ခဏကြာတိတ်ဆိတ်နေပြီးမှ ယန်ထျန်းကို

စိုက်ကြည့်ပြီး “မင်း ထွက်ပြေးရင် ငါ

မသတ်နိုင်ဘူး။ ဒါပေမဲ့ မင်းငါ့ကို

မသတ်နိုင်ဘူးထင်ပါတယ်"ဟုပြောလိုက်သည်။

"အဲဒါတော့မဖြစ်နိုင်ပါဘူး" ယန်ထျန်း၏ ပါးစပ်ထောင့်က အပြုံးတစ်ခု ပေါ်လာခဲ့သည် "ယန်ကလန်ရဲ့ နောက်မျိုးဆက် အုပ်ထိန်းသူအနေနဲ့ ငါက ငြိမ်သက်ခြင်းမြို့ရဲ့ မြို့စောင့်အစီအရင် ကို သုံးနိုင်တယ်လေ"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်
ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ရာ
ငြိမ်သက်ခြင်းမြို့ တစ်ခုလုံး
တုန်လှုပ်သွားတော့သည်။

ယန်ယဲ့၏ မျက်နှာက
မည်းမှောင်သွားသည်။

သူက ငြိမ်သက်ခြင်းမြို့ ရဲ့

အကာအကွယ်အစီအရင် ကို

သုံးနိုင်တယ်လား။

ဒါက တရားမျှတတဲ့ တိုက်ပွဲလား။

ယန်ကလန်က ငါ့ကိုသတ်ဖို့

ကလန်ရဲ့ဂုဏ်သတင်းတောင်

ဂရုမစိုက်တော့ဘူးပဲ။

သိပ်မကြာခင်မှာပဲ ယန်ယဲ့ သည်
ခေါင်းခါလိုက်ပါတော့သည်။

ဤလောက၌
တရားမျှတသောတိုက်ပွဲဟူသည်
ဘယ်သောအခါမှ မရှိခဲ့လို့ပါ။

ယန်ကလန် ပင်လျှင်
ခြွင်းချက်မဟုတ်ပေ။

ထို့အပြင် ယန်ကလန်၏

အာဏာပိုင်များထဲ၌ သူ့အား

သတ်ချင်နေသူဟာ

ကာကွယ်ပေးနေသူများထက်

နှစ်ဆမကများခဲ့သည်။ သို့မဟုတ်

ရန်သူများက

ပိုသန်မာသည်ဟုဆိုရပါမည်။

ထို့ကြောင့် အရိပ်ထဲမှ

သူ့ကိုကူညီမည့်သူများ ရောက်လာဖို့

မမျှော်လင့်နိုင်ပေ။

အသက်ရှင်လိုပါက သူ့ကိုယ်သူသာ

အားကိုးရပေမည်။

ငြိမ်သက်ခြင်းမြို့တော် သည် ပို၍ ပို၍

တုန်ခါလာသည်။

အချိန်တော်တော်ကြာပြီးနောက်

အဖြူရောင်အလင်းတန်းကြီးတစ်ခု

လင်းလက်လာသည်။

အဖြူရောင်အလင်းတန်း သည်

အထက်သို့တက်သွားသည်နှင့်

ပိုက်ကွန်ကြီးသဖွယ်ဖြာထွက်လာသည်။

ထို့နောက်တွင် မြို့တော်တစ်ခုလုံးအား

အပေါ်စီးကနေ လွှမ်းခြုံထားလိုက်သည်။

အဖြူရောင်အလင်းလွှာက

မြို့တစ်ခုလုံးအား လွှမ်းခြုံလိုက်သည်နှင့်

၎င်း၏ မျက်နှာပြင်ပေါ်၌

လှိုဂ်ဝှက်ဆန်းကြယ်သော

ရွှေရောင်သင်္ကေတများ ပေါ်လာသည်။

တစ်ချိန်တည်းတွင် အလင်းအတားအဆီး

ပေါ်လာသည်နှင့် အပေါ်ဖက်မှ

မရေမတွက်နိုင်သော ဝိညာဉ်စွမ်းအင်များ

အဆက်မပြတ် စီးဆင်းလာသည်။

အဆုံးတွင် ရေလှိုင်းလုံးများကဲ့သို့

မပြတ်စီးဆင်းကာ ယန်ထျန်း၏

ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားကြသည်။

ရွှေရောင်ဝိညာဉ်စွမ်းအင်များ

အဆက်မပြတ် တိုးဝင်လာသည်နှင့်အမျှ

ယန်ထျန်း၏ အော်ရာက

တဖြည်းဖြည်းနှင့်

အားကောင်းသည်ထက်

အားကောင်းလာသည်။ နောက်ဆုံးတွင်

သူ့ထံမှ ထုတ်လွှတ်သော

အရှိန်အဝါကြောင့်

ပတ်ဝန်းကျင်အာကာသပြင်ဟာ

ပြင်းထန်စွာ တုန်လှုပ်လာပါတော့သည်။

အာကာသပြင်သည်

ကွဲအက်သွားတော့မည့်အလားပင်ထင်ရ

သည်။

"နတ်ဘုရားသတ်အစီအရင်"

ထိုအချိန်တွင် ယန်ထျန်းက ရုတ်တရက်

ပြောခဲ့သည်   "ငါ ဒီအစီအရင်ကို

သုံးထားရင်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

တောင်မှ ငါ့ကို မသတ်နိုင်ဘူး။

မဟုတ်ဘူး၊

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၂

ယောက်ပေါင်းရင်တောင်

ငါ့ကိုမသတ်နိုင်သေးဘူး။ ဒါ့အပြင်

မူလနတ်ဘုရားအဆင့်အောက်က

ကျင့်ကြံသူတွေဆိုရင်တော့

ဂရုစိုက်နေစရာတောင်မလိုဘူး"

ထိုအချိန်တွင် လုလီကူး က

ယန်ယဲ့ဖက်သို့

လှော့ာက်လာပြီး "ငါတို့

နောက်ဆုတ်လို့ရမလား" ဟု မေးပါသည်။

May Be:

၂၀၂၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၂၀၂၅ - သစ်သားဓား၏
သဘောတူညီချက်

"ပြန်ဆုတ်မလား" ယန်ယွဲ့ သည်
ခေါင်းယမ်းလိုက်သည်။
လက်ရှိအခြေအနေက သူသည်

နောက်ပြန်ဆုတ်လို့မရတော့ပေ။

ထိုသို့လုပ်ဆောင်လျှင်

ယန်ကလန်၏အာဏာပိုင်များအတွက်

သူ့ကို သတ်ဖို့

အကြောင်းပြချက်ပေးလိုက်သလိုပင်မ

ဟုတ်ပါလား။

ယန်ကလန်သည် သူ့အား

အပြီးတိုင်ဖယ်ရှားပစ်ဖို့

ဆုံးဖြတ်လိုက်ပုံရ၏။

"လာစမ်းပါ" ထိုအချိန်တွင် ယန်ထျန်းက ရုတ်တရက် ရယ်မောလိုက်ပြီး "ငါတို့ ယန်ကလန်ရဲ့ နတ်ဘုရားသတ်အစီအရင်ကို စမ်းကြည့်လိုက်"

ယန်ယဲ့ သည် ယန်ထျန်းကို မော့ကြည့်လိုက်ပြီး ခဏကြာသည်ထိ

ငြိမ်နေခဲ့သည်။ ထို့နောက်မှ နတ်ဓားကို
ဆတ်ခနဲဆွဲထုတ်လိုက်သည်။

အောင်း....

ဓားအူသံ ထွက်ပေါ်လာပြီးနောက်
မီးတောက်ဓားစွမ်းအင်
အလင်းတန်းတစ်ခု ရှေ့သို့
ပြေးထွက်လာသည်။ မြှားတစ်စင်း
ကဲ့သို့ပင် လေထဲသို့ ဆုတ်ဖြဲကာ

အာကာသပြင်တစ်လျှောက်က

ဖြတ်တောက်ပစ်လိုက်သည်။

သို့သော်လည်း ယန်ထျန်း၏

အမူအရာသည် အပြောင်းအလဲမရှိပေ။

သူသည် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ

လက်ညိုးဆန့်ပြီး ယန်ယဲ့၏

ဓားစွမ်းအင်ဆီသို့ ပုတ်လိုက်သည်။

လက်ချောင်းထိပ်မှ

ကြောက်မက်ဖွယ်ကောင်းသော

ရွှေရောင်အလင်းတန်းတစ်ခု

ပေါ်လာသည်။ တစ်ချိန်တည်းမှာပဲ

ယန်ယွဲ့၏ မီးတောက်ဓားစွမ်းအင်က

ယန်ထျန်းရှေ့ကို

ရောက်လာပါတော့သည်။

ထို့နောက်တွင် မီးတောက်ဓားစွမ်းအင်က

ယန်ထျန်း၏ လက်ချောင်းထိပ်ကို

ပိုင်းချလိုက်သည်။ သို့သော်
ဘာမှမဖြစ်ခဲ့ပါ။ပတ်ဝန်းကျင်သည်
အချိန်တာအို ပျောက်ဆုံးပြီး
အေးခဲသွားသလိုပင်။

အခိုက်အတန့် တိတ်ဆိတ်သွားပြီးနောက်
မီးဓားစွမ်းအင်က
အပိုင်းပိုင်းကွဲထွက်သွားလေတော့သည်။
ဓားစွမ်းအင်က ပျောက်ကွယ်သွားပြီး

မီးတောက်ကတော့ ယန်ယဲ့ဆီသို့
ပြန်ရောက်လာသည်။

ထိုမြင်ကွင်းကြောင့် ယန်ယဲ့၏ မျက်နှာက
ချက်ချင်း မှုန်မှိုင်းသွားခဲ့သည်။

ယန်ထျန်း၏ မျက်လုံးထဲ၌ အံ့သြတကြီး
အမူအရာတစ်ခုတော့ ထွက်ပေါ်လာသည်
"ဒါတွေက ဘယ်လို မီးတောက်တွေလဲ၊
တကယ်ကို အစွမ်းထက်တယ်”

သူ့ပါးစပ်ထောင့်၌ အပြုံးတစ်ခုနှင့် “ငါ သဘောကျသွားပြီ”

စကားပြောပြီးသည်နှင့် ညာခြေကို တစ်ချက်ဆောင့်ချသည်။ ထိုခဏလေးမှာပဲ တစ်မြို့လုံး တုန်လှုပ်သွား၏။ ထိုအချိန်တွင် ယန်ထျန်းက ရွှေရောင်အလင်းတန်းအသွင်ပြောင်းကာ နေရာမှာပင် ပျောက်သွားခဲ့သည်။

ယန်ထျန်း ပျောက်သွားသည်နှင့်
ယန်ယဲ့၏ အမူအရာသည် ချက်ချင်း
ပြောင်းလဲသွားသည်။ ထိုခဏမှာပင်
သူ့ကိုယ်ပေါ် တောင်ပေါင်းမြောက်များစွာ
ဖိချလာသလို ခံစားလိုက်ရသည်။
မမြင်နိုင်သောဖိအားက သူ့အား
အသက်ရှူရခက်ခဲစေသည်။

ဒီလိုကြောက်စရာကောင်းတဲ့ ဖိအား ။

ယန်ယဲ့ သည် ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း

မရှိပေ။ သူ့ခန္ဓာကိုယ်ထဲမှ

အလျှော့မပေးသော ဓားစိတ်ဆန္ဒ နှင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ထွက်ပေါ်လာသည်။ ထို့နောက်တွင်

သူ၏ညာဖက်လက်က

နတ်ဓားကိုတင်းတင်း ဆုပ်ကိုင်ထားပြီး

ဓားအိမ်ထဲမှ

တဖြည်းဖြည်းချင်းဆွဲထုတ်လိုက်တော့သည်။

အောင်း....

စူးရှသော ဓားအူသံကြီး ပဲ့တင်ထပ်လာပြီးနောက် ငြိမ်သက်ခြင်းမြို့တော်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။

ဘမ်း....

ခဏအကြာတွင် ယန်ယွဲ၏ရှေ့မှ ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး အာကာသပြင်သည် ချက်ချင်း ပြိုကျသွားသည်။ သို့သော် လျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်အမြောက်အများ ဖြာထွက်လာပြီး အာကာသပြင်ကို ပြုပြင်လိုက်သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည် ၁၀ ကီလိုမီတာအကွာသို့ လွင့်ပျံသွားခဲ့သည်။

ယန်ယဲ့သည် သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့် ပါးစပ်ထောင့်မှ သွေးများ စီးကျလာသည်။

ယန်ထျန်းက ထပ်ပြီးမတိုက်ခိုက်ဘဲ သူ့လက်ကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ သူ့လက်က မီးကျွမ်းနေခဲ့၏။

သူသည် ခဏမျှ တိတ်ဆိတ်သွားပြီး ယန်ယဲ့ ကို စိုက်ကြည့်ကာ "ဆယ်ယောက်မြောက်ညီ၊ ပြောစရာတောင်မလိုပါဘူး။ မင်းရဲ့မီးတောက်တွေက တကယ်ကို အစွမ်းထက်တယ်။ ငါမြင်ဖူးသမျှထဲမှာ အပြင်းထန်ဆုံး မီးတောက်ပါပဲ။

ကံမကောင်းစွာပဲ၊ မင်းကိုမပြောနဲ့

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူဆိုရင်

တောင် အခုလက်ရှိ ငါ့ကို ဘာမှလုပ်နိုင်မှာ

မဟုတ်ဘူး။

နတ်ဘုရားသတ်အစီအရင်က

ငါ့ကိုကာကွယ်ပေးထားတယ်”ဟုပြောလို

က်သည်။

စကားပြောပြီးသည်နှင့် တပြိုင်နက်

ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

သူ့ထံမှ ပြင်းထန်သော အရှိန်အဝါတစ်ခု

ဖြာထွက်လာပြီး

ယန်ယွဲ့၏ပတ်ပတ်လည်ရှိ

အာကာသပြင်ကို

ချက်ချင်းပွင့်သွားစေသည်။

ထိုခဏလေးမှာပဲ ယန်ထျန်းက

ယန်ယွဲ့ရှေ့ကို ရောက်လာခဲ့၏။

ယန်ယွဲ့၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူ့ညာခြေကို တစ်ချက်ဆောင့်၍
အလင်းတန်းအဖြစ်ပြောင်းကာ
ခုန်ထွက်သွားသည်။

အုန်း....

ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး
သူတို့နှစ်ယောက်၏ အနီးတစ်ဝိုက်ရှိ ၃
ကီလိုမီတာကျော် ရေိယာသည်
ပြိုကျသွားသည်။သို့သော်လည်း ယန်ယဲ့

သည့် အမှောင်တာအိုဥပဒေသကို

ထုတ်မသုံးနိုင်ခဲ့ပေ။အကြောင်းမှာ

အာကာသပြင်သည် ချက်ချင်းပင်

နဂိုအတိုင်း ပြန်ရောက်သွားလို့ပါ။

ထို့နောက် ယန်ထျန်း၏

အစွမ်းထက်အရှိန်အဝါက သူ့အား ၃

ကီလိုမီတာ အကွာသို့ ရိုက်ချလိုက်သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

ယန်ယဲ့၏ပါးစပ်ထောင့်မှ သွေးများ စိမ့်ထွက်လာသည်။

"ဆယ်ယောက်မြောက်ညီ၊ မင်းမှာ တခြား ဝှက်ဖဲတွေ ရှိသေးလား" ယန်ထျန်းက တဟားဟားရယ်ကာ ယန်ယဲ့ ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် မရေမတွက်နိုင်သော ရွှေရောင်စွမ်းအင်များသည်

ကောင်းကင်မှ အဆက်မပြတ်

ခုန်ဆင်းလာသည်။

ရွှေရောင်စွမ်းအင်များ

စီးဝင်လာသည်နှင့်အမျှ ယန်ထျန်း၏

အော်ရာက တဖြည်းဖြည်း

အားကောင်းလာသည်။

ယန်ယွဲ့ သည် ကောင်းကင်ကို

မော့ကြည့်ပြီးနောက် နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။ ထို့နောက်

ယန်ထျန်း၏နောက်ကွယ်၌
ပေါ်လာခဲ့သည်။

သို့သော်လည်း ပြင်းထန်သော
အရှိန်အဝါက သူ့အား
နောက်ပြန်ရိုက်ထုတ်လိုက်သည်။

"ထာဝရအဆင့်
အမှောင်တာအိုဥပဒေသလား"
ယန်ထျန်းက ပြန်လှည့်ကြည့်ရင်း

“ပြောစရာတောင် မလိုပါဘူး။ မင်း
အဲဒီနေ့မှာ အသုံးချလိုက်တုန်းက
ငါတောင်အရမ်းကြောက်သွားတယ်။
ကံမကောင်းစွာပဲ၊ အခုအချိန်မှာ
ငါ့အတွက် အသုံးမဝင်တော့ဘူး”

ဟုပြောပြီးသည်နှင့် တပြိုင်နက် လက်ကို
မြှောက်ကာ ယန်ယဲ့ ဆီသို့
ဖိချလိုက်သည်။

အုန်း....

ယန်ယဲ့၏ရှေ့တည့်တည့်
အာကာသပြင်ထဲမှ
ရောမစွမ်းအင်လှိုင်းကြီးတစ်ခု
ပေါ်လာပြီး ယန်ယဲ့ကို အဝေးသို့
ရိုက်ထုတ်ပစ်လိုက်သည်။

ဘမ်း...

ယန်ယဲ့ သည် ခုခံချိန်ပင်မရလိုက်ပေ။
သို့မဟုတ် ခုခံနိုင်စွမ်းမရှိဟု
ပြောသင့်သည်။

ယန်ထျန်း ပြောခဲ့သည့်အတိုင်း
အမှန်ပင်ဖြစ်သည်။
ငြိမ်သက်ခြင်းမြို့တစ်ခုလုံးရှိ
ဝိညာဉ်စွမ်းအင်များက သူ့အား
အဆက်မပြတ်ထောက်ပံ့ပေးနေ၏။

ထို့ကြောင့် အတိုင်းအတာတစ်ခုအထိ
သူသည် ယန်ထျန်းကို
အနိုင်ယူနိုင်စွမ်းမရှိပေ။

အကယ်၍သာ သူ့ပတ်ဝန်းကျင်ရှိ
အာကာသပြင်ကို ဖြိုခွဲနိုင်လျှင်တော့
ယန်ထျန်းကို တိုက်ခိုက်နိုင်မှာပါ။

အကြောင်းမှာ အမှောင်တာအိုဥပဒေသ
သည် ပြိုကျနေသော

အာကာသတွင်းနက်၏
အရွယ်အစားအလိုက်
စွမ်းအားအစစ်အမှန်ကို
ထုတ်ဖော်နိုင်လို့ပါ။

သို့သော်လည်း ယန်ကလန်၏
အဆင့်မြင့်အာဏာပိုင်က
အာကာသပြင်ကိုဖြိုခွဲခွင့်မပြုခဲ့ပေ။

ယန်ထျန်းက ယန်ယဲ့ ဆီသို့ ဖြည်းညှင်းစွာ

လျှောက်လာရင်း "တကယ်တော့ မင်းရဲ့

ခွန်အားက မဆိုးပါဘူး။ မင်းသာ

ယန်ဝုဒီရဲ့သားမဟုတ်ရင် မင်းရဲ့ခွန်အား၊

သဘာဝအရည်အချင်းတွေနဲ့

နောက်မျိုးဆက်ရဲ့

ဆက်ခံသူဖြစ်လာနိုင်တယ်။

ကံမကောင်းစွာပဲ၊ မင်းရဲ့ပုံရိပ်က

ယန်ကလန်ရဲ့ ဆက်ခံသူဖြစ်မလာအောင်

တားဆီးထားတယ်"ဟုပြောခဲ့သည်။

စကားပြောပြီးသည်နှင့် ယန်ထျန်း က

ဖျတ်ခနဲပျောက်သွားသည်။ ထို့နောက်

ယန်ယဲ့ ရှေ့၌ ပေါ်လာသည်။

တစ်ချိန်တည်းတွင် သူ့ထံမှ ဆူနာမီကဲ့သို့

ပြင်းထန်သော စွမ်းအင်လှိုင်းများ

ပေါက်ကွဲလာပြီး ယန်ယဲ့ထံ

တည့်တည့်တိုးဝင်သွား၏။

ပြင်းထန်သော စွမ်းအင်ကြောင့်

ယန်ယဲ့၏အနီးတစ်ဝိုက်ရှိ

အာကာသပြင်သည်

အဆက်မပြတ်တုန်လှုပ်သွားခဲ့လေသည်။

ယန်ယဲ့၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူသည် နတ်ဓားကို မြှောက်လိုက်ပြီး

နဖူးအလယ်နှင့် ဖိကပ်ထားလိုက်သည်။

တစ်ဆက်တည်း သူ့ထံမှ ထာဝရအဆင့်

စိတ်ဆန္ဒ နှစ်ခု လွင့်ပျံလာသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့ သည်

အလင်းတန်းအဖြစ်ပြောင်းလဲသွားသည်။

သူဖြတ်သွားတိုင်း အာကာသပြင်သည်

ချက်ချင်း ပွင့်ထွက်သွားသည်။

မျက်စိတစ်မှိတ်အတွင်းမှာပဲ ယန်ယဲ့

သည် ယန်ထျန်းရှေ့၌ ရောက်လာသည်။

ယန်ထျန်းက တုန်လှုပ်မသွားဘဲ

လက်သီးဖြင့် လှမ်းထိုးလိုက်သည်။

အုန်း....

လက်သီးချက်မှ အားပြင်းသော

စွမ်းအင်လှိုင်းတစ်ခု ပေါက်ကွဲလာပြီး

ယန်ယွဲ့၏ ဓားစွမ်းအင်ကို

ခွဲထုတ်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့ သည်

နောက်ပြန်ဆုတ်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ထျန်းက ရှေ့သို့ တိုးလာပြီး ယန်ယွဲ့ကို နောက်ထပ် လက်သီးတစ်ချက် ထိုးလိုက်သည်။

အုန်း…

ယန်ယွဲ့ သည် ၃ ကီလိုမီတာအကွာထိ လွင့်ထွက်သွားသည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

ပါးစပ်ထောင့်မှ သွေးများ ချက်ချင်း

စီးကျလာသည်။

ထိုအချိန်တွင် ယန်ထျန်းက ရုတ်တရက်

ပြုံးလိုက်ပြီး "မင်းမှာ

တခြားအဖော်မရှိဘူးလား။

သူမကိုခေါ်ပါ။ စိတ်ဆန္ဒ ၆ မျိုးက

ဘယ်လောက်ပြင်းထန်လဲဆိုတာကို

ငါတကယ်ကြည့်ချင်မိတယ်”ဟုပြောပါ

သည်။

"ခွန်အားပြဖို့ကြိုးစားတာကို

ရပ်နိုင်မလား" လုလီကူး က ရုတ်တရက်

ပြောလိုက်သည်

"တကယ်တော့ ငါ ဒါကို

သည်းမခံနိုင်တော့ဘူး။

ကိုယ့်အစွမ်းအစကို အားကိုးရင်

ကောင်းတယ်။ ဒါပေမဲ့ မင်းဟာ

မြို့အကာအကွယ်အစီအရင်ကို

အားကိုးနေတယ်။ လာပါ၊ ယန်ကလန်ရဲ့

နာမည်ကျော်

နတ်ဘုရားသတ်အစီအရင်ကို ပိတ်လိုက်။

ပြီးတော့ မင်းနောက်ကွယ်က

လူတွေကိုရုပ်ခိုင်းလိုက်။ ဒါဆိုရင် မင်း

သူနဲ့ တစ်ယောက်ချင်း

တိုက်ခိုက်ရဲသေးလား”

ယန်ထျန်းက စကားမပြောဘဲ လုလီကူး
ကို စိုက်ကြည့်ပြီးနောက် သူ့လက်သီးကို
ရှေ့သို့ လှမ်းထိုးလိုက်သည်။

လုလီကူး က မျက်ခွံများ
လှူပ်ယမ်းသွားကာ "အမှန်တရားက
နာကျင်သွားပုံပဲ"

စကားပြောနေစဉ် သူ၏ဓားကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး

ရှေ့သို့ ခုတ်ချလိုက်သည်။

အုန်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

လုလီကူး၏ ပုံရိပ်က ၁၀

ကီလိုမီတာအကွာထိပင်

လွင့်ပျံသွားသည်။ သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် သူ့လက်ထဲမှ
ဓားက အက်ရာများထပ်လာပြီး
ပါးစပ်ထောင့်မှ သွေးများ
စီးကျလာသည်။

ယန်ထျန်း က လုလီကူး ကို အေးစက်စွာ
ကြည့်လိုက်ပြီးနောက် ယန်ယွဲ့ ကို
စူးစိုက်ကြည့်ကာ
"ဆယ်ယောက်မြောက်ညီ၊ ဒါက
မင်းတွေ့တဲ့ အကူအညီပဲလား။

အဲဒီအမျိုးသမီး အန်နန်ကျင်းနဲ့ ယှဉ်ရင်

တော်တော်လေးအားပျော့လွန်းတယ်။

ငါအချိန်ပိုမဖြုန်းချင်ဘူး။ လာ၊ သူမကို

ဆင့်ခေါ်လိုက်။

အားလုံးအဆုံးသတ်လိုက်ကြရအောင်"

ဟုပြောလိုက်၏။

ယန်ယွဲ့ သည် စကားမပြောသေးဘဲ

ပါးစပ်ထောင့်မှ စီးကျလာသော

သွေးများကို သုတ်လိုက်တယ်။

စကားပြောရန်ပြင်လိုက်စဉ်တော့

သူ့ရင်ဘတ်မှ အဖြူရောင်

အလင်းတန်းတစ်ခု

လင်းလက်သွားပြီးနောက် နှင်းပွင့်လေး

ပေါ်လာသည်ကို မြင်လိုက်သည်။

ထို့အပြင်

သူမ၏လက်သည်းလေးများကြား၌လ

ည်း သစ်သားဓားတစ်ချောင်း ရှိနေသည်။

နှင်းပွင့်က ယန်ယဲ့ကို
မျက်တောင်ခတ်ကာ ပြုံးပြရင်း
သစ်သားဓားကို ယန်ယဲ့ထံ
ပေးလိုက်သည်။

ယန်ယဲ့ သည် နှင်းပွင့် ကို စိုက်ကြည့်ရင်း
"သဘောတူတာလား"ဟုမေးလိုက်သည်။

နှင်းပွင့်က မျက်တောင်ခတ်ပြီး

သူမ၏လက်သည်းများကို

ဝှေ့ယမ်းလိုက်ပါတော့သည်။

သိပ်မကြာခင်မှာပဲ ယန်ယွဲ့ သည်

နှင်းပွင့်လေး ပြောသည့် အဓိပ္ပါယ်ကို

နားလည်လိုက်၏။

နှင်းပွင့်လေးက သစ်သားဓားကို

ယန်ယွဲ့အတွက် တစ်လလျှင် နှစ်ကြိမ်

အသုံးပြုခွင့်ပေးဖို့ တောင်းဆိုထား၏။

နှစ်ကြိမ်သာ။

နှစ်ကြိမ်ပဲလား ။

ယန်ယဲ့ သည် နှင်းပွင့် ကို

စိုက်ကြည့်နေသည်။ သေချာသည်မှာ

နှင်းပွင့်လေးကြောင့်သာ သစ်သားဓားက

သဘောတူလိုက်ပုံပါ။

ယန်ယဲ့ သည် နှင်းပွင့်၏ခေါင်းလေးကို ပွတ်သပ်ပြီး "အရင်ဆုံး အထဲဝင်သွားတော့"ဟုပြောသည်။

သူမလေးက ချက်ချင်းပင် ခေါင်းညိတ်ပြပြီး နေရာတွင်ပင် ပျောက်သွားခဲ့သည်။

May Be:

၂၀၂၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၂၆ - ဒုတိယမြောက်
နတ်စစ်သူကြီး ရောက်လာခြင်း

ယန်ယဲ သည် သစ်သားဓားကို
တစ်ချက်ကြည့်ပြီးနောက်
တင်းတင်းဆုပ်ကိုင်လိုက်သည်။

ထို့နောက်တွင် အလင်းတန်းတစ်ခုက

သူ့ကို ဖုံးလွှမ်းသွားသည်။

တစ်ဆက်တည်း သူ့ထံမှ ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပေါ်လာပြီး

သစ်သားဓား ထဲကို စီးဝင်သွားခဲ့သည်။

သို့သော်လည်း

သူ၏သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ

ချက်ချင်းပင် ပျောက်ကွယ်သွားသည်။

သစ်သားဓားက သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ကို ငြင်းဆန်လိုက်တာပါ။

ယန်ထျန်းက ရုတ်တရက် ရယ်လိုက်

သည်။ "ဘယ်လောက်ရယ်စရာ

ကောင်းလိုက်လဲ။ သစ်သားဓား

အစုတ်ပလုပ် နဲ့ မင်းငါ့ကို

တိုက်ခိုက်နိုင်စွမ်းရှိမယ်လို့

ထင်နေသလား။တကယ့်ကို

ရယ်စရာကောင်းလိုက်တာကွာ”

ထိုအချိန်တွင် ယန်ယဲ့၏လက်ထဲမှ

သစ်သားဓားက တုန်ခါလာသည်။

ယန်ယဲ့ သည် သစ်သားဓားကို

ငုံ့ကြည့်လိုက်ရာ

ဒေါသထွက်နေပြီမှန်းသိလိုက်သည်။

ထိုအချိန်တွင် သစ်သားဓားက ယန်ယဲ့၏

ထာဝရအဆင့် ဓားစိတ်ဆန္ဒ ကို တိုက်ရိုက်

စုပ်ယူသွားသည်။

ထိုခဏလေးမှာပဲ

ယန်ယဲ့၏လက်ထဲမှလွတ်သွားပြီး

ကောင်းကင်ထက်သို့ ပစ်လွှတ်လိုက်သော

အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲသွားသည်။

ထို့နောက်တွင်တော့

ဓားအလင်းတန်းကြီးတစ်ခုဟာ အထက်

ကောင်းကင်ကို ဖြတ်ကျော်သွားပြီး

မြို့ပတ်ပတ်လည်ကို ချက်ချင်း

ဆုတ်ဖြဲပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် စူးရှရှ ဓားအူသံများ

အဆက်မပြတ်

ပဲ့တင်ထပ်လာခဲ့လေသည်။

ဓားအူသံများကြောင့် ၎င်းအနီးတစ်ဝိုက်ရှိ မီတာထောင်ချီသော အာကာသပြင်ဟာ အက်ကွဲသွားခဲ့သည်။

ကောင်းကင်ယံအထက်၌ကား ဓားအူသံများသာ ပွဲတင်ထပ်နေ၏။

ယန်ထျန်း၏ မျက်နှာပေါ်ရှိ အပြုံးသည် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

သူ့မျက်လုံးထဲ၌ လေးနက်မှုများ
တဖြည်းဖြည်းပေါ်လာ၏။

ထိုအချိန်တွင် ယန်ယဲ့ လည်း
အံ့အားသင့်သွားသည်။ သစ်သားဓားက
ထိုမျှအထိ ဒေါသဖြစ်မည်ဟု သူ
မမျှော်လင့်ထားပေ။ထို့အပြင်
အလွန်အားကောင်းခဲ့သည်။

ခဏအကြာတွင် ယန်ယဲ့ သည်

အနည်းငယ်တော့ နားလည်လာသည်။

ယန်ထျန်း ပြောခဲ့သော စကားကြောင့်

ဒေါ်သထွက်နေတာပါ။

ယန်ထျန်း၏စကားက သစ်သားဓားကို

စော်ကားလိုက်သလိုပင်။

သစ်သားဓားအစုတ်အပြတ်လား...

သစ်သားဓားနှင့် ပတ်သက်၍ကား

သူကိုယ်တိုင်ပင်

ပေါက်တတ်ကရစကားမပြောရဲပေ။

နောက်ဆုံးတွင် ၎င်း၏

သာမန်ဓားချက်ကပင်

နတ်ယင်မီးတောက်၏ အူတိုင်ကို

ထိခိုက်စေသည်မဟုတ်ပါလား။

သစ်သားဓားက ကောင်းကင်ယံ၌

လွင့်မျောနေသည်။ ဓားအလင်းတန်းများ

တဖျပ်ဖျပ်လက်နေကာ

မီတာထောင်ချီကျယ်သော

အာကာသပြင်ကို လွှမ်းခြုံထားသည်။

သို့မဟုတ် အာကာသပြင်သည်

အပိုင်းပိုင်းခွဲခံလိုက်ရ၏။ သို့သော်လည်း

ယန်ထျန်း၏ မျက်နှာက

တည်ငြိမ်နေတုန်းပါ။ ထိတ်လန့်သည့်

အရိပ်အယောင်ပင် မပြပေ။

ထိုအချိန်တွင် ယန်ယွဲ့ သည် သူ့လက်ကို

ဝှေ့ယမ်းလိုက်သည်။ သစ်သားဓားက

သူ့လက်ထဲကို ချက်ချင်း

ပြန်ရောက်လာ၏။ သစ်သားဓားက

ယန်ယွဲ့ရှေ့တွင် ပေါ်လာသည်နှင့်

အထက်ကောင်းကင်ယံမှ

အဖြူရောင်အတားအဆီးတစ်ခု

ပေါ်လာသည်။

ယန်ထျန်းက ရုတ်တရက်ပြောခဲ့သည်

"အစီအရင်ရဲ့ ဗဟိုအူတိုင်က

မပျက်စီးသရွေ့တော့ ဘယ်တော့မှ

ပျောက်ကွယ်သွားမှာ မဟုတ်ဘူး။ ဒါပေမဲ့

ငါ့ယန်ကလန်ရဲ့ အဆင့်မြင့်အာဏာပိုင်က

အူတိုင်ကို ကာကွယ်ထားပါတယ်။

ဒါကြောင့် ယန်ယွဲ၊ မင်းက

နတ်ဘုရားသတ်အစီအရင်ကို

ဖျက်ဆီးလို့မရဘူး"

ယန်ယဲ့ သည်

ခဏကြာတိတ်ဆိတ်သွားသည်။

ထို့နောက် သူက ခေါင်းညိတ်လိုက်ပြီး

"အစီအရင်ကို ငါမဖျက်ဆီးနိုင်လို့ မင်းကို

အရင်သတ်လိုက်မယ်"

ထိုစကားပြောပြီးနောက်

ယန်ယဲ့၏ပုံရိပ်သည်

အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲသွားသည်။

ဆူး…

အလင်းတန်း ဖြတ်သွားရာ

တစ်လျှောက်ရှိ

အာကာသပြင်သည် ဆွေးမြည့်နေသော

သစ်သားပုပ်တစ်ချောင်းလိုပင်

ချက်ချင်းပွင့်ထွက်သွားသည်။

ဤ၊တစ်ကြိမ်တွင်တော့ ယန်ထျန်း၏

မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူသည် ရှေ့သို့

ခြေတစ်လှမ်းတိုးကာ

ယန်ယဲ့တိုက်ခိုက်မှုကို

လက်သီးဖြင့် ထိုးလိုက်သည်။

လက်သီးချက်မှ

ကြောက်မက်ဖွယ်ရာအားလှိုင်းတစ်ခု

ပေါက်ကွဲထွက်လာပြီးနောက်

မီတာရာချီသော အာကာသပြင်သည်

တုန်ခါသွားတော့သည်။

ထိုအချိန်တွင် အလင်းတန်းများက

ယန်ထျန်း ရှေ့သို့ ရောက်လာသည်။

ဆူး...

အလင်းတန်းများက

စွမ်းအင်လှိုင်းများနှင့်

တွေ့ဆုံသည့်အခါ.....

ပတ်ဝန်းကျင်သည် ခဏမျှ

တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက်

ရောမစွမ်းအင်လှိုင်းကြီးဟာ

အလယ်ကနေပိုင်းဖြတ်ခံလိုက်ရသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည်

ချက်ချင်းဆိုသလိုပင် ယန်ထျန်း ဆီသို့ ခုန်ဝင်လိုက်သည်။

ထိုမြင်ကွင်းကြောင့် ယန်ထျန်း၏ အမူအရာက ချက်ချင်း ပြောင်းသွားသည်။

သူသည် ယန်ယဲ့၏ တိုက်ခိုက်မှုကို လျှော့မတွက်ရဲပေ။ သူ၏ညာလက်သီးကိုကျစ်ကျစ်ပါအောင်

ဆုပ်ထားပြီး ရှေ့ကို ထပ်မံ

ဆောင့်ထိုးလိုက်သည် ။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယွဲ့ သည် ၁ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် ယန်ထျန်း၏

လက်သီးတစ်ဝက်က

ဖြတ်တောက်ခံလိုက်ရသည်။ သို့ဖြစ်ရာ

ယန်ထျန်း၏လက်မှ သွေးများ

အဆက်မပြတ် စီးကျလာသည်။

ယန်ထျန်းက တစ်ဝက်တစ်ပျက်

ပြတ်တောက်နေသော ညာလက်ကို

ငုံ့ကြည့်ပြီး ယန်ယဲ့ ကို

မော့ကြည့်လိုက်သည်။ သူက "ဒါက ဘာစားလဲ။ ဘာလို့အဲ့လောက်လဲ…”

ဟုမေးသည်။

သို့သော်လည်း ယန်ယဲ့ သည် အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲသွားသောကြောင့် ယန်ထျန်း၏ မျက်လုံးများသည် ရုတ်တရက် ကျဉ်းမြောင်းသွားခဲ့သည်။

သို့သော် သူသည်

မနေ့းကွေးပါ။သူ၏ခန္ဓာကိုယ်ထဲမှ

ချီစွမ်းအင်များ တဟုန်ထိုး

မြင့်တက်လာသည်။ ထိုခဏလေးမှာပဲ

မရေမတွက်နိုင်သော

ရွှေရောင်စွမ်းအင်များက

သူ၏ဘယ်ဖက်လက်ထဲသို့

စီးဝင်လာသည်။ ထို့နောက်

သူ၏ဘယ်ဖက်လက်ဝါးကို ရှေ့သို့
ပုတ်လိုက်သည်။

အုန်း....

ခလွပ်...

ယန်ထျန်းက လက်ဝါးတစ်ချက်
ပုတ်လိုက်ရုံသာဖြစ်သည်။
သို့သော်လည်း စွမ်းအားက

အာကာသပြင်ကို

ပွင့်ထွက်သွားစေခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့၏ ဓားပိုင်းချက်က

ကျရောက်လာပါသည်။ လက်ဝါးက

အကြာကြီး

တောင့်ခံထားနိုင်ခြင်းမရှိခဲ့ပေ။

ချက်ချင်းဆိုသလိုပင်

ပွင့်ထွက်သွားပြန်သည်။

ဆူး...

အပေါ်သို့ ပန်းတက်လာသော သွေးစီးကြောင်းများနှင့်အတူ လက်ပြတ်တစ်ချောင်းပါ လေထဲသို့ ပျံတက်သွားသည်။ ထိုအခိုက် ယန်ထျန်း၏ပုံရိပ်က ကီလိုမီတာ ၁၀၀ ကျော်အကွာထိ လွင့်ပျံသွားခဲ့သည်။

ထိုအချိန်တွင် ယန်ယွဲ့ သည် ညာခြေကို
အောက်သို့ ပုတ်လိုက်သည်။
ထိုခဏလေးမှာပဲ သူသည်
လျှပ်စီးလက်သကဲ့သို့ပင်
လမ်းကြောင်းတစ်လျှောက်
အာကာသပြင်ကို ဆုတ်ဖြဲ၍ ရှေ့သို့
ပြေးထွက်လာသည်။

ယန်ထျန်း၏ အမူအရာသည်
သိသိသာသာ ပြောင်းလဲသွားသည်။

သူသည် ညာခြေကို

တစ်ချက်ဆောင့်လိုက်သည်။ ထိုအခါ

သူ့ထံမှ ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်တစ်ခု  ချက်ချင်း

လွင့်ထွက်သွားသည်။ သို့သော်လည်း

သစ်သားဓား နှင့် ထိတွေ့လိုက်သည့်အခါ

ထိုအငွေ့အသက်သည် ပြန့်ကျဲသွား၏။

ထိုခဏလေးမှာပဲ အလင်းတန်းက

ယန်ထျန်း  ရှေ့ကို ရောက်လာခဲ့သည်။

ယန်ထျန်း၏ မျက်နှာသည်
လူသေကောင်လိုမျိုး
ဖျော့တော့သွားသည်။

သို့သော်လည်း အဘိုးအိုတစ်ယောက်က
သူ့ရှေ့တွင် ရုတ်တရက်ပေါ်လာခဲ့၏။
အဘိုးအိုက ပေါ်လာလာချင်း
သူ့လက်ဝါးကိုဆန့်ကာ ရှေ့သို့
ပုတ်လိုက်သည်။ အဘိုးအို၏ လက်ဝါးမှ
ရွှေရောင်ချည်မျှင်များဖြာထွက်လာကာ

ရှေ့သို့ အတန်းလိုက်ပြေးထွက်လာပြီး ယန်ယဲ့အား ချက်ချင်း ဖုံးအုပ်ထားသည်။

ဘမ်း.....

ဓားစွမ်းအင်တစ်စင်း လင်းလက်လာပြီး ရွှေရောင်ချည်မျှင်များကို ဖြတ်တောက်သွားသည်။

အုန်း...

ပေါက်ကွဲသံ ကျယ်လောင်စွာ

ထွက်ပေါ်လာပြီးနောက် ယန်ထျန်း နှင့်

အဘိုးအို တို့နှစ်ဦးလုံး နောက်သို့ ၁

ကီလိုမီတာ အကွာလောက်ထိ

လွင့်ထွက်သွားကြသည်။

တစ်ချိန်တည်းမှာပင် သူတို့ရှေ့မှ

အာကာသပြင်ဟာ ပင့်ကူမျှင်လို

အက်ကွဲကြောင်းများ ပြန့်နှံ့လာသည်။

ထိုအရာက လုံးဝကို

ထိတ်လန့်စရာကောင်းသော မြင်ကွင်းပါ။

သို့သော်လည်း ခဏအကြာမှာပင်

ပတ်ဝန်းကျင်သည်

ပုံမှန်အတိုင်းပြန်ဖြစ်သွား၏။

ယန်ယဲ့ သည် ခေါင်းမော့၍

ယန်ထျန်းရှေ့မှ

အဘိုးအိုကို မော့ကြည့်လိုက်သည်။ သူသည် အနှီအဘိုးအိုကို ချက်ချင်းမှတ်မိလိုက်သည်။ အဘိုးအိုက နတ်စစ်သူကြီး ၇ ဦးထဲမှ ဒုတိယမြောက်နတ်စစ်သူကြီး ယန်ရှန်း ပါ။

ယန်ယဲ့ က သစ်သားဓားကို ဝှေ့ယမ်းရင်း

“ဒါက ဘာလဲ။ လူငယ်မျိုးဆက်တွေက မလုပ်နိုင်တော့ အကြီးအကဲတွေ ရောက်လာပြီလား"ဟုပြောလိုက်သည်။

အဘိုးအိုယန်ရှန်း က ယန်ယဲ့ ကို အချိန်အကြာကြီး စိုက်ကြည့်ပြီး "မင်းက လူတိုင်းကို တကယ်ကို အံ့သြသွားစေတယ်။ မင်း…”

ယန်ယဲ့ က သစ်သားဓား ကို

မြှောက်လိုက်ပြီး ယန်ရှန်း ကို ထိုးချိန်ကာ

“မင်းက အပိုစကားတွေ ပြောမနေနဲ့။

မင်းရဲ့

သောက်အဓိပ္ပါယ်မရှိတဲ့စကားတွေကို

နားထောင်ဖို့ ငါ့မှာ အချိန်မရှိဘူး။

လိုရင်းပဲတန်းပြောလိုက်”

အဘိုးအိုယန်ရှန်း၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူသည် ယန်ယဲ့ ကို အချိန်အကြာကြီး

စိုက်ကြည့်ပြီး " မျိုးနွယ်စုက

လွန်လွန်ကျူးကျူးတွေ မလုပ်ချင်ဘူး။

ငါတို့က မသ်းကို

အသက်ရှင်ခွင့်ပေးနိုင်ပါတယ်။

ကြိုတင်သတ်မှတ်ချက်တော့ ရှိလိမ့်မယ်။

မင်းရဲ့ သွေးမျိုးဆက်ကို

ဖယ်ထုတ်ပေးရမယ်။မင်းမှာ

ယန်ကလန်ရဲ့ သွေးမျိုးဆက် မရှိတော့ရင်

အဖွဲ့ဝင်ဖြစ်မှာမဟုတ်တော့ဘူး။

မျိုးနွယ်က

မင်းကိုအသက်ရှင်ခွင့်ပေးနိုင်တယ်"

“မဟုတ်ဘူး” ထိုအချိန်တွင် လုလီကူး က

အေးစက်စက် ပြောလိုက်သည်။

"အရှူးယန်၊ သူ့စကားနားမထောင်နဲ့"

ယန်ယွဲ့က လုလီကူး ကို ကြည့်ပြီး

"ဘာလို့လဲ"ဟုမေးလိုက်သည်။

လုလီကူး က “သူတို့က မင်းကို

သွယ်ဝိုက်ပြီး ဒုက္ခပေးဖို့ ကြိုးစားနေတာ။

သွေးကြောဆိုတာက လူတစ်ယောက်ရဲ့

ပင်မအနွယ်လေ။ လူတစ်ယောက်ရဲ့

အသက်စွမ်းအင်နဲ့တူတယ်။ မင်းရဲ့

ပင်မသွေးကြော ဆုံးရှုံးသွားရင် မင်းဟာ

ရေမရှိတဲ့သစ်ပင်နဲ့တူလိမ့်မယ်။ ဒါဆို

မင်း ဆက်ပြီးကြီးထွားနိုင်မှာ မဟုတ်ဘူး"

သူက ခဏလောက်ရပ်ပြီး “ဒါ့အပြင်

မင်းရဲ့ပင်မသွေးကြော

ဆုံးရှုံးသွားတဲ့အခါ

တခြားသွေးမျိုးဆက်နဲ့

အစားထိုးလိမ့်မယ်။ ဖြစ်နိုင်တာက

မတူညီတဲ့သွေးမျိုးဆက်က

မင်းရဲ့ခန္ဓာကိုယ်ကို

ငြင်းပယ်မှာသေချာတယ်။ အဲဒီအချိန်မှာ

မင်းက အဆုံးမရှိတဲ့ ပြဿနာတွေနဲ့
ရင်ဆိုင်တွေ့ပြီပဲ”

ယန်ယဲ့က အဘိုးအိုယန်ရှန်း ဖက်သို့
ပြန်လှည့်ကြည့်လိုက်ပြီး
"ဒါမှန်လား"ဟုမေးလိုက်သည်။

အဘိုးအိုယန်ရှန်း က "ငါတို့နှစ်ဖက်လုံး
အဲဒါကလွဲလို့ တခြားဘာမှ ပြေလည်မှာ
မဟုတ်ဘူး"ဟုပြောပါသည်။

ယန်ယဲ့ သည် ခဏမျှ ငြိမ်သက်သွားပြီး

“ငါ့ရဲ့သွေးမျိုးဆက်ကို ဖယ်ရှားဖို့

ငါသဘောတူမှာမဟုတ်ဘူး။

ဒီကမ္ဘာကြီးမှာ

လူတစ်ယောက်တည်းအတွက်ပဲ

ကျေကျေနပ်နပ်ကြီး စွန့်လွှတ်နိုင်မှာပါ။

ကံမကောင်းစွာပဲ သူမ သေသွားပြီ”

သူက စကား ခဏရပ်ပြီး "ဒါပေမဲ့ ငါ ယန်ကလန်ကနေ အပြီးထွက်သွားမယ်။ဘယ်တော့မှ ပြန်မလာဘူး"

“မဟုတ်ဘူး” ယန်ရှန်း က ဆက်ပြောလိုက်သည် "မင်းမှာ မျိုးနွယ်စုရဲ့ သွေးမျိုးဆက်ရှိနေသရွေ့တော့ ယန်ကလန်ရဲ့

အဖွဲ့ဝင်တစ်ယောက်ဖြစ်နေတုန်းပဲ။ မင်းက ယန်ကလန် ရဲ့ အဖွဲ့ဝင်ဖြစ်သရွေ့ ဖြစ်လာနိုင်မယ့် ပြဿနာတွေက အများကြီးပဲ”

"အခုနားလည်ပြီလား" တစ်ချိန်တည်းမှာပင်  လုလီကူး က ရုတ်တရက် ဝင်ပြောပါသည်။ "သူတို့က အနာဂတ်မှာ မင်း ပုန်ကန်မှာကို ကြောက်နေတာ။ မင်းမှာ ယန်ကလန်ရဲ့

သွေးမျိုးဆက် မရှိတော့မှပဲ သူတို့

တကယ်ပဲ စိတ်အေးချမ်းသာသာ

အနားယူနိုင်မှာပါ။ ဘာကြောင့်လဲဆိုတော့

နောင်အနာဂတ်မှာ မင်းက ယန်ကလန်ကို

ပြန်လာရင်တောင်

သူတို့ရဲ့အဖွဲ့ဝင်မဟုတ်တော့ဘူးလေ။

မင်းက မျိုးနွယ်ဝင် မဟုတ်ရင် မင်းကို

ဘယ်သူမှ ကူညီမှာ မဟုတ်ဘူး"

ယန်ယဲ့ သည် အနည်းငယ်
ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက်
အဘိုးအိုယန်ရှန်းကို မော့ကြည့်ကာ
"ငါ့ရဲ့သွေးမျိုးဆက်ကို
ဖယ်ရှားဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ဒါပေမဲ့
အခု ငါပြောခဲ့သလိုပဲ ယန်ကလန်က
ထွက်သွားဖို့ ဆန္ဒရှိနေတယ်။ နောင်မှာ
ယန်ကလန်ကို ခြေတစ်လှမ်းတောင်

ချမှာမဟုတ်ဘူးလို့ အာမခံတယ်။

အဆင်ပြေလား"

.

အဘိုးအိုယန်ရှန်းက ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး"

ယန်ယဲ့ က ခေါင်းညိတ်သည်။ “ဒါဆို မင်း

လှူပ်ရှားလိုက်ပါ”

ယန်ရှန်း က "ယန်ယဲ့၊ မင်းသေချာလား။
မင်းဘဝအတွက် မင်းရဲ့သွေးမျိုးဆက်။
ဒါဟာ အရမ်းကောင်းတဲ့
သဘောတူညီချက်ပဲ”

ယန်ယဲ့ သည် တဟားဟား
ရယ်မောလိုက်သည်။ သူက
“မင်းတို့အားလုံး ငါ့ဖြစ်တည်မှုနဲ့
ခြိမ်းခြောက်ခံနေရတယ်။ တကယ်လို့
ငါ့ရဲ့မူလဒန်တျန်ကို ဖျက်ဆီးပြီးတော့

ဒုက္ခိတဖြစ်သွားရင်တောင်

ကျေနပ်ဦးမှာမဟုတ်ဘူး။

ငါ့အမြင်ကိုပြောရရင်တော့ မင်းတို့တွေရဲ့

သဘောထားက ငါသေမှပဲ

အေးအေးဆေးဆေး အနားယူနိုင်မယ်လို့

ထင်နေကြတာ။ ဒါကြောင့်

ငါထင်တာမမှားရင်

ငါ့ရဲ့သွေးမျိုးဆက်ကို

စွန့်လိုက်ရင်တောင် ငါ့ကို သတ်ပစ်မှာပဲ။

မင်း

အခုချက်ချင်းလူပ်ရှားမှာမဟုတ်ဘူးလား

"ဟုပြောလိုက်သည်။

###Book.124